# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်  ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၂]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၁၂**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံ ဘုရင်ဆဋ္ဌမမြောက် ဖီလစ်ပီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

# ရိုးရာမပျက်နွှဲပျော်မည့် မြို့ရွှေကျင် သီတင်းကျွတ်မီးမျှောပွဲတော်



၂၀၁၄ ခုနှစ်က ရွှေကျင်မြို့ မီးမျှောပွဲတော်မြင်ကွင်းကို တွေ့ရစဉ်။

**ရွှေကျင်  အောက်တိုဘာ  ၁၁**

တစ်ဝါတွင်းလုံး မိုးသားတိမ်လိပ်တို့ဖြင့် အုံ့ဆိုင်းခဲ့သော ကောင်းကင်ကြီးကို ယခုအခါ အပြာရောင် နောက်ခံဖြင့် အချို့ရက်များတွင် ကြိုးကြားကြိုးကြား တွေ့မြင်စပြုနေရပြီဖြစ်သည်။ ဤကား ဝါတွင်းကာလကုန်ဆုံး၍ သီတင်းကျွတ်ကာလသို့ ရောက်ရှိလာတော့မည့် လက္ခဏာပင်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာလူမျိုးတို့သည် ရိုးရာယဉ်ကျေးမှုအစဉ်အလာဖြစ်သော မီးထွန်းပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည်။

ထိုသို့ သီတင်းကျွတ်လ၌ ကျင်းပသည့် မီးထွန်းပွဲတော်နှင့်အတူ ဒေသအလိုက် ကျင်းပကြသော ပွဲတော်များတွင် ကျင်းပခဲ့မှုကာလအရှည်ဆုံး၊ အကျော်ကြားဆုံး ပွဲတော်ကြီးတစ်ခုမှာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မှ သီတင်းကျွတ်လ မီးမျှောပူဇော်ပွဲကြီးပင် ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

သတင်းဆောင်းပါး
ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံ-ကိုကိုနေ

## ယနေ့ ဖတ်စရာ


**နိုင်ငံကို ကာကွယ်နိုင်ရန်အသင့်ရှိဟု မြောက်ကိုရီးယား ပြောကြား**

စာမျက်နှာ » ၄

**မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် အီးယူက စောင့်ကြည့်လေ့လာသူ ၁၅၀ စေလွှတ်မည်**

စာမျက်နှာ » ၅


## ကျိုးကျခဲ့သည့် ဟန်းချောင်းတံတားနေရာတွင် ယာယီဘေလီတံတား တည်ဆောက်ပြီးစီး

**ဂန့်ဂေါ  အောက်တိုဘာ  ၁၁**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ကျင်းကျေးရွာအနီး ဟန်းချောင်းတံတားမှာ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ကျရေများ အရှိန်ဖြင့်ကျရောက်မှုကြောင့် တံတားရေလယ်တိုင်မျှောပါကာ ကျိုးကျပျက်စီးသွားသည့် ဟန်းချောင်းတံတားကို လမ်းဦးစီးဌာန လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)ဂန့်ဂေါမြို့မှ အရှည်ပေ ၅၀ ယာယီဘေလီတံတား ပြန်လည်တည်ဆောက်ပြီးစီးခဲ့ရာ အောက်တိုဘာ ၇ ရက်မှစတင်၍ ဒေသခံပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားမှာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ပခုက္ကူ-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၇၄/၁)နှင့် (၇၄/၂) အကြားတွင်

စာမျက်နှာ ၉ ကော်လံ ၁ ✻






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အိမ်ငှားဘဝ မျှော်လင့်ချက်

ရန်ကုန်မြို့သည် လူဦးရေ ခုနစ်သန်းကျော် နေထိုင်သော မြို့ကြီးဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာသော မြို့ကြီးဖြစ်သည့်အလျှောက် အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်သူများ ပိုမိုများပြားလာပြီး အများစုမှာ အိမ်ငှားနေထိုင်ကြသူများဖြစ်ပါသည်။ အိမ်ငှားနေထိုင်သူများ၏ အဓိကရည်မှန်းချက်သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အိုးပိုင်အိမ်ပိုင်နှင့် အခြေချနေထိုင်နိုင်ရေးပင်ဖြစ်ပါသည်။ သို့သော်လည်း အိမ်ဈေး၊ မြေဈေးများ အဆမတန်မြင့်တက်မှုကြောင့် အိမ်ငှားဘဝ မျှော်လင့်ချက်သည် တဖြည်းဖြည်းဝေးခဲ့ရပါသည်။

ရန်ကုန်မြို့၏ အိမ်ရာလိုအပ်ချက်သည် ၂၀၀၀ ပြည့်နှစ်က အိမ်အလုံးရေ ၂၀၀၀၀ ရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၃၀၀၀၀ အထိ မြင့်တက်လာကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သန်းကျော် နေထိုင်လျက်ရှိရာ လေးပုံတစ်ပုံခန့်မှာ အိုးပိုင်အိမ်ပိုင်မရှိသူများဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လေ့လာမှုစစ်တမ်းများအရ သိရပါသည်။

ပြီးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ ရန်ကုန်မြို့တွင် မြို့သစ်များဖြစ်သည့် ဒဂုံမြို့သစ် မြို့နယ်များ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေပေါက်ကံ အစရှိသဖြင့် မြို့သစ်များ ချဲ့ထွင်နိုင်ခဲ့မှုကြောင့် လုပ်သက်ရင့် ဝန်ထမ်းများနှင့်ဝင်ငွေနည်း ပြည်သူများ မြေကွက်များရရှိကာ နေစရာအတွက် စိတ်အေးခဲ့ရပါသည်။ ယခုတစ်ဖန် မြေဈေး အိမ်ဈေးများ အဆမတန်မြင့်တက်လာခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ အိမ်ဆောက်ရန် မြေနေရာရှားပါးလာခြင်းတို့ကြောင့် အိုးပိုင်အိမ်ပိုင်နှင့် နေရရေးမျှော်လင့်ချက်သည် မမျှော်မှန်းနိုင်လောက်အောင် အလှမ်းဝေးကွာခဲ့ရပါသည်။

သို့သော်လည်း နိုင်ငံတော် သမ္မတကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အိမ်ရာကဏ္ဍ၌ နှစ် ၂၀ နှစ်ရှည်ဖွံ့ဖြိုးရေး စီမံကိန်းကို ၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ချမှတ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးမှုအလားအလာရှိသော မြို့ကြီး ၈၁ မြို့၌ တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ဤအစီအစဉ်အရ ၂၀၁၁ မှ ၂၀၁၅ အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဝန်ထမ်းအိမ်ရာ ၂၅၉၆ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၂၀၂၉၈ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၇၁၃၆ ခန်းနှင့် အကျိုးတူအိမ်ရာ ၆၀၂၉ ခန်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ဆက်လက်၍လည်း လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်သူ့အငှားအိမ်ရာ ၅၁၅၆ ခန်း၊ ဝန်ထမ်းအိမ်ရာ အခန်း ၁၈၃၀၊ တန်ဖိုးနည်းအိမ်ရာ အခန်း ၁၁၁၆၀၊ တန်ဖိုးသင့်အိမ်ရာ ၆၈၂၉ ခန်းနှင့် တန်ဖိုးမြင့် အကျိုးတူအိမ်ရာ ၄၃၈၂ ခန်းကို ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ယင်းတို့အနက် ရန်ကုန်မြို့တွင် ဖော်ဆောင်လျက်ရှိသောအိမ်ရာများ စီမံကိန်းသည် အများဆုံးဖြစ်ရာ နေရေးအတွက် စိတ်အေးရပြီဟု ပြောဆိုနေမှုများကိုလည်း ကြားသိနေရပါသည်။ သို့ဖြစ်၍ ဝင်ငွေနည်းပြည်သူများ၊ အိမ်ငှားနေထိုင်သူများနှင့် ဝန်ထမ်းများက မျှော်လင့်နေကြပါသည်။ မျှော်လင့်ထားသည့်အတိုင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ခန်းလေးတွေ အိပ်မက်မဟုတ်ဘဲ အမှန်တကယ် လက်တွေ့ကျကျ ပိုင်ဆိုင်ခွင့်ရရှိလာလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# မြန်မာသင်္ဘောသားများ ထိုက်သင့်သည့် အခွင့်အရေးများရရှိရေး မူဝါဒများချမှတ်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းပြီးနောက် မြန်မာသင်္ဘောသားများအတွက် ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိအောင် မူဝါဒများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း ရန်ကုန်မြို့ နိုဘိုတယ်လ်ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် ဒုတိယအကြိမ် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ၏အရေးကိစ္စများကို ဆောင်ရွက်ရာတွင် အလုပ်ရှင်များ၏ သဘောထားရပ်တည်ချက်များသည်လည်း ယနေ့ခေတ်အခါတွင် ပြောင်းလဲရန် လိုအပ်လာကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ပတ်သက်၍ အခြားဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများမှ ကျင့်သုံးနေသောနမူနာကောင်းများကို ရယူပြီး အလုပ်ရှင်အဖွဲ့အစည်းများနှင့် အတူ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက Collective Bargaining Agreement (CBA) သဘောတူညီမှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

"မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်ကို မြန်မာ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိ သင်္ဘောသားများကို လေ့ကျင့်မွေးထုတ်ပေးရန်၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်၊ သင်္ဘောသားများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ လူမှုစီးပွားကိစ္စများ၌ ကူညီဆောင်ရွက်ပေးရန်၊ သင်္ဘောသားများ ကြုံတွေ့လာနိုင်သော အန္တရာယ်များ၊ အခက်အခဲများနှင့် ပြဿနာများကို ကာကွယ်ဖြေရှင်းပေးရန်နှင့် အလုပ်ရှင်နှင့် သင်္ဘောသားများအကြား ဖြစ်လေ့ဖြစ်ထရှိသော အငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်ရန် စသည့် ရည်မှန်းချက်များဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**



# စိတ်လှုပ်ရှားဖွယ်ကားပြိုင်ပွဲကြီး ပထမဆုံးအကြိမ်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

XTREME AUTO DRIVE 2015 မှပြုလုပ်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံးအထူးခြားဆုံးဖြစ်သည့် စွမ်းအားမြင့်ယာဉ်ငယ်များ စုစည်းလှုပ်ရှားသည့် စိတ်လှုပ်ရှားဖွယ် ကားပြိုင်ပွဲကြီးကို MCC ကွင်း၌ အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ စည်ကားစွာ ကျင်းပရာ ဝါသနာရှင် ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

"အရင်တုန်းက အပျော်တမ်းပွဲတွေရှိခဲ့တယ်ဆိုပေမယ့် ဒီနေ့ ကျွန်တော်တို့ လုပ်ဆောင်တဲ့ပွဲကတော့ ကားအလှပြမောင်းနှင်တာတစ်ခုတည်း မဟုတ်ပါဘူး။ ကားအလှဆင်ပြိုင်ပွဲတွေနဲ့ ကျွန်တော်တို့ခေါ်ယူထားတဲ့ ထိုင်းမော်ဒယ်များရဲ့ ကားရေဆေးလို့ရတဲ့ ငွေကြေးများကို မြန်မာနိုင်ငံမှ မိဘမဲ့ကလေးဂေဟာက လူမှုရေးအဖွဲ့အစည်းနှစ်ခုကို လှူဒါန်းသွားမယ့်အစီအစဉ်တွေရှိပါတယ်။ ဒီလိုပွဲက မြန်မာနိုင်ငံမှာ ပထမဦးဆုံးလုပ်ဖြစ်တာပါ။ ဒီလို Motor Sport ပွဲများပြုလုပ်ခြင်းအားဖြင့် သတ်မှတ်လမ်းကြောင်းမှာ ကားကိုဘယ်လိုကျွမ်းကျင်ထိန်းချုပ် မောင်းနှင်နိုင်မလဲဆိုတာ ပြသခိုင်းလိုက်တာပါ။ နှစ်စဉ်လုပ်သွားဖို့လည်း စီစဉ်ထားပါတယ်"ဟု TA RESOURCES MYANMAR Co.,Ltd. Marketing မှ မန်နေဂျာမှ ဦးမျိုးမင်းအောင်က ရှင်းပြသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လာရောက် ကားစတန့်ထွင်အလှပြသော ထိုင်းနိုင်ငံသား TIN SRITRAI က "ကျွန်တော်ကတော့ Singer Beer က ဖိတ်လို့ လာရောက်ပြသတာပါ။ ဒီလိုကားစတန့်ထွင်ပြသတာ နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံရှိပါပြီ။ နိုင်ငံပေါင်း ၁၀ နိုင်ငံနီးပါး ဝင်ရောက်ယှဉ်ပြိုင်ပြသဖူးပါတယ် "ဟု အလှပြကွင်းအတွင်း ပီတိစကားပြောသည်။

အဆိုပါပွဲ၏ ဆွဲဆောင်မှုများအတွင်း ကလေးများအတွက် အထူးစီစဉ်ထားသော အဝေးထိန်းစနစ်ကစားစရာပွဲများ၊ ကားအပိုပစ္စည်းပြပွဲများ၊ ရှားပါးကားများနှင့် အလှဆင်ကားများကို ပြသသွားပြီး ပျော်ပွဲ၊ ရွှင်ပွဲအတွင်း ဆုရရှိသူ ၁၂ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ကာ ပထမဆုကို ငွေကျပ် ငါးသိန်းနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဆုကိုငွေကျပ် သုံးသိန်းနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ တတိယဆုကိုငွေကျပ် နှစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်ပြိုင်ပွဲဝင်ကိုးဦးအား လက်ဆောင်ပစ္စည်းများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**
**ဓာတ်ပုံ-ညီညီ(သမိုင်း)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၁**

စက်မှုလယ်ယာဦးစီးဌာနမှ နိုင်ငံအတွင်း တိုးပွားလျက်ရှိသော လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရန် သဘာဝဘေးအန္တရာယ်နှင့် လယ်ယာလုပ်သားရှားပါးမှု ကျော်လွှားရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာ သို့ကူးပြောင်းနိုင်ရေး ကြိုးစားလျက်ရှိရာ နိုင်ငံအနှံ့ မြို့နယ်နှင့် ကျေးရွာများတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၁၁-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# ကလေးမြို့နေသာစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၅၀၀ ကျော်လှူဒါန်း

**ကလေး အောက်တိုဘာ ၁၁**

ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ကလေးမြို့ နေသာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ "အားလုံးအတွက် နေသာစာကြည့်တိုက်"သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြည်ထောင်စုအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများနှင့် FM Radio လိုင်းများ ပူးပေါင်းလှူဒါန်းငွေကျပ်သိန်း ၃၀၀ တို့ကို လှူဒါန်းသည်။ ဆက်လက်၍ သရုပါ စာကြည့်တိုက်မှူး ဦးရဲထက်ဦးက ငွေကျပ်ငါးသိန်းကို လှူဒါန်းရာ စာကြည့်တိုက်အမှုဆောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ကလေးမြို့ နေသာဘုန်းတော်ကြီးကျောင်းအတွင်းရှိ စာကြည့်တိုက်အတွက် အလှူငွေပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ကလေးမြို့ နေသာဘုန်းတော်ကြီးကျောင်းအတွင်းရှိ "အားလုံးအတွက် နေသာစာကြည့်တိုက်"သည် အုန်းမောင်း စာကြည့်တိုက်အဖြစ် ၁၉၉၇ ခုနှစ်က စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ နေသာဘုန်းတော်ကြီးကျောင်း ဦးဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မိက (ပညာဒါန)က နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာ သင်ကြားပေးခြင်းကိုလည်း ၂၀၀၇-၂၀၀၈ ခုနှစ်ကစ၍ ဆောင်ရွက်ပေးလျက်ရှိရာ စာကြည့်တိုက်အသင်းဝင်ပေါင်း ၂၆၅၃ ဦး၊ စာအုပ်စာစောင်ပေါင်း ၁၄၀၈၇ အုပ်၊ လစဉ်မဂ္ဂဇင်း ခုနစ်မျိုး၊ ဂျာနယ် ၁၅ မျိုး ဝယ်ယူစင်တင်ပေးလျက်ရှိသည်။

ထို့ပြင် အင်္ဂလိပ်ဘာသာ လေ့လာလိုသူများအတွက် စာအုပ် ၅၅၀၀ ထားရှိပြီး Kalay Millennium Center ကိုလည်း ၂၀၁၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ပေးထားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှု၌ စာကြည့်တိုက်ပိုင် စာအုပ်စာစောင်များ၊ ကွန်ပျူတာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်အရ ပြည်ထောင်စုအစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ယင်းနေသာစာကြည့်တိုက်ကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ယခုကဲ့သို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

**✱ ရှေ့ဖုံးမှ**

အလားတူ အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ မာရီရာနို ရာဂျိုင်း ဘရေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

---

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် စပိန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟိုဆေး မန်နူရယ် ဂါစီရာ-မာဂါလို ဝိုင်မာဖေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

---

## တောင်ပိုင်းဒေသ ထစ်ချုန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**

---

**◆ ရှေ့ဖုံးမှ**

ရွှေကျင်မြို့သည် ရန်ကုန်မြို့မှ အရှေ့မြောက်ဘက် မိုင် ၁၀၀ ကျော်တွင်ရှိပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း အရှေ့ရိုးမတောင်ခြေ၌ တည်ရှိသည်။

၁၂ ရာသီပွဲတော်များအနက် ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲမှာ ဒေသတွင်း၌သာမက မြန်မာနိုင်ငံ အရပ်ရပ်သို့ပင် ပျံ့နှံ့ကျော်ကြားသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအား အမှူးထား၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံ မီးကြာခွက်များ ရေမျှောပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ကျင်းပလာသည်မှာ ယခုနှစ်တွင် (၁၆၄) နှစ်မြောက်အဖြစ် ဆောင်ရွက်ကျင်းပတော့မည်ဖြစ်သည်။

၁၃၇၇ ခုနှစ် (၁၆၄) နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ် မီးမျှောပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ ၂၁ ရက်)မှ လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၉ ရက်) အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပမည်ဖြစ်ကြောင်း၊ ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်အား ပင့်ဆောင်ပူဇော်ပြီး ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ပြောကြားသည်။

ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နံနက်ပိုင်းတွင် ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာဒုံးယိမ်း၊ ရှမ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့များက စက်တပ်လှေဖောင်များဖြင့် ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း၊ ယင်းနေ့ ညနေ ၄ နာရီမှစ၍ ဗဟိုမဏ္ဍပ်၌ ယိမ်းပြိုင်ပွဲ အသီးသီးနှင့် တက်ခုတ်၊ တက်ပျံယိမ်းပြိုင်ပွဲများမှ ဆုရရှိသည့်အသင်းအား ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပေးမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများပါ ပါဝင်သဖြင့် ယခင် ယခင်နှစ်များနှင့်မတူ ယခုနှစ် ပိုမိုစည်ကားအောင် ကျင်းပသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောပြသည်။

ရွှေကျင်ချောင်းနှင့် ရွှေကျင်မြို့သည် ခွဲခြားမရသကဲ့သို့ မီးမျှောပူဇော်ပွဲသည်လည်း ရွှေကျင်နှင့် ခွဲခြားမရပါ။ ရွှေကျင်ချောင်းရေပြင်၌ နယ်သူနယ်သားများ ထွန်းညှိပူဇော်ခဲ့သော ဆီမီးရောင်ရှိန်တို့သည် လောကုတ္တရာအကျိုးစီးပွားကို ဖော်ဆောင်သကဲ့သို့ ဘာသာယုံကြည်မှုအရ ပူဇော်မှုတစ်ခုဖြစ်သလို ပွဲတော်၏ အလှပြယုဂ်တစ်ခုလည်း ဖြစ်သည်။

သို့ဖြစ်၍ လုံခြုံအေးချမ်းမှုရှိ၍ စည်းစနစ်ကျနသော ရိုးရာယဉ်ကျေးမှုနှင့်အညီ ဆင်နွှဲကျင်းပမည့် ရွှေကျင်မြို့ သီတင်းကျွတ် မီးမျှောပွဲတော်သို့ လာရောက်ကြည်ညို ကုသိုလ်ကောင်းမှုများ ပြုလုပ်အားထုတ်ကြပါရန် ရေးသားအပ်ပါသည်။

---

**❍ ကျောဖုံးမှ**

ကလေး၊ ကလေးဝနှင့် မင်းကင်းမြို့နယ်တို့တွင် လမ်းတံတားများ၊ လူနေအိမ်ရာများ၊ ကျွဲနွားတိရစ္ဆာန်များ၊ စပါးစိုက်ဧကများ အများအပြား ပျက်စီးဆုံးရှုံးမှုနှင့် ကြုံခဲ့ရသဖြင့် ကယ်ဆယ်ရေးစခန်းဖွင့်၍ ကူညီမှုများပေးခဲ့ရကြောင်း၊ ယခုအခါ ရေများပြန်ကျသွားပြီး ဖြစ်သော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရသဖြင့် သွားရောက်လေ့လာ သတင်းဆောင်းပါးရေးရန် အောက်တိုဘာ ၃ ရက်က ကျွန်တော် ကလေးမြို့သို့ ရောက်ရှိခဲ့သည်။

ကလေးခရိုင် ကလေးမြို့၌ ရပ်ကွက်ကိုးခုဖြစ်သော အောင်မင်္ဂလာရပ်ကွက်၊ အောင်မြေမန်ရပ်ကွက်၊ အောင်သစ္စာရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ မြို့သာရပ်ကွက်၊ အောင်ဇေယျရပ်ကွက်၊ ပင်လုံရပ်ကွက်တို့မှ စုစုပေါင်း အိမ်ခြေ ၆၁၂၂ အိမ် ရေနစ်မြုပ်ခဲ့၍ လူဦးရေ ၃၀၆၆၀ နှင့် ကျေးရွာ ၆၂ ရွာမှ အိမ်ခြေ ၁၃၆၆၇ လုံး ရေနစ်မြုပ်ခဲ့ပြီး လူဦးရေ ၅၉၉၂၀ ရေဘေးသင့်ခဲ့ကြောင်း သိရသည်။ လူသေဆုံးမှုမှာ ကလေးမြို့မှ အမျိုးသားရှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးဝမြို့မှ အမျိုးသမီးသုံးဦး စုစုပေါင်း ၁၂ ဦး ရေဘေးကြောင့် သေဆုံးခဲ့ရသည်။

တိရစ္ဆာန်သေဆုံးမှုမှာ ကလေးမြို့၌ နွား ၇၈ ကောင်၊ ဝက် ၇၇၄ ကောင်၊ ဆိတ် ၂၆ ကောင်၊ ကြက်ကောင်ရေ ၉၂၄၀၀နှင့် မင်းကင်းမြို့၌ နွား ၄၂ ကောင်တို့ သေဆုံးခဲ့သည်။ မိုးစပါးပျက်စီးမှုမှာ ကလေးမြို့၌ ၃၂၁၄၄ ဧက ရေနစ်ခဲ့၍ ပျက်စီးခဲ့သည့်ဧကမှာ ၂၉၃၅၈ ဧက၊ ကလေးဝမြို့၌ ၆၇၅ ဧက ရေနစ်ခဲ့၍ ပျက်စီးခဲ့သည့်ဧကမှာ ၂၂၃ ဧကနှင့် မင်းကင်းမြို့၌ ၂၀၅၉ ဧက ရေနစ်ခဲ့၍ ပျက်စီးဆုံးရှုံးမှုဧက ၂၈၀ တို့ ရှိခဲ့သည်။ ထို့အပြင် လမ်းဦးစီးဌာနမှ ဂန့်ဂေါ-ကလေးကားလမ်းရှိ ကမ္ဘာ့နီ ကွန်ကရစ်တံတား ၁၀ ပေခန့် နိမ့်ကျခြင်း၊ မိုင်တိုင်အမှတ် (၃၈/ ၃နှင့် ၄) ကြားရှိ ငါးပေ Box Culvert တံတားရေမျောပါသွားခြင်း၊ ၁၅ ပေတံတားတစ်စင်း နိမ့်ကျပျက်စီးခြင်း၊ ကလေးဝ-ကျီကုန်း- တမူးကားလမ်းမှ တံတားခုနစ်စင်း ကြမ်းခင်းများ ပျက်စီးခြင်းနှင့် လမ်းဦးစီးဌာနမှ လမ်းများဖြစ်သည့် ပြင်သာဆိပ်-ကလေး တက္ကသိုလ်လမ်း၊ ကျီကုန်း-ကလေးလမ်း၊ ဖောင်ကူး-အင်ဒိုင်းကြီးဖြတ်လမ်း၊ ကလေးဝ-ကျီကုန်း-တမူး ကားလမ်းများတွင် ကတ္တရာလမ်းများ ပျက်စီးခြင်း၊ တောင်ပြို၍ ကားလမ်းများ ပဲ့ကျခြင်း၊ ရွှံ့ညွန်တန်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ အခြားဌာနများဖြစ်ကြသည့် စည်ပင်သာယာမှ လမ်းများ၊ တံတားများနှင့် ပညာရေးဌာနမှ စာသင်ကျောင်းများလည်းပျက်စီးဆုံးရှုံးမှုရှိသကဲ့သို့ ကလေးမြို့နယ် မြစ်သာမြစ်ကမ်းနံဘေးမှ ရွာများဖြစ်ကြသည့် ကျောက္ကာကျေးရွာနှင့် အေးသာယာကျေးရွာတို့မှာ ရွာလုံးကျွတ်နီးပါး နေအိမ်များ ရေမျောပါဆုံးရှုံးမှုများနှင့်ကြုံတွေ့ခဲ့ရကြောင်း သိရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပါဝင်သောအဖွဲ့က ကူညီဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ကျွန်တော်သည် အောက်တိုဘာ ၃ ရက် ညနေက ကလေးမြို့သို့ ရောက်ရှိပြီး နောက်တစ်နေ့ အောက်တိုဘာ ၄ ရက်မှ ကလေးခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်း စီစဉ်ပေးသည့်ကားဖြင့် ကလေး- ဂန့်ဂေါကားလမ်းအတိုင်းလာခဲ့ပြီး မိုင်တိုင်အမှတ် (၅၀/၃ နှင့် ၅၀/၄)ကြား မြစ်သာမြစ်ပေါ်မှ အလျား ၅၉၅ ပေ၊ အကျယ် ၁၄ ပေရှိ ၁၉၉၅ ခုနှစ် ဇွန် ၁၅ ရက်က ဖွင့်လှစ်ခဲ့သော ကမ္ဘာ့နီတံတား မိုးဒဏ်ကြောင့် ရေလယ်တိုင်များ နိမ့်ကျသွားခဲ့ရာ တံတားဦးစီးဌာနက အမြန်ပြုပြင်ပေးထားသဖြင့် ကားများ သွားလာမောင်းနှင်နေကြသည်ကို တွေ့ခဲ့ရသည်။

"အစက ဒီနေရာက တံတားမရှိ ချောင်းလည်းမရှိဘူး။ ရေတိုက်စားလို့ ကတ္တရာလမ်း ပေ ၁၅၀ လောက် ပါသွားတယ်။ နောက်ပြီး ချောင်းလည်းဖြစ်သွားတယ်။ အဲဒါကြောင့် ကျွန်မတို့ ဆောက်လုပ်ရေးက ဘေလီတံတား ပေ ၁၅၀ တစ်စင်း ယာယီထိုးပေးလိုက်ရတယ်။ အဲဒီတော့မှ ကလေးနဲ့ဂန့်ဂေါ ကားလမ်းက ပြန်ပွင့်သွားတာပါ"ဟု ကျွန်တော်တို့ကား ဘေလီတံတား တစ်စင်းပေါ်ဖြတ်ကျော်ချိန်တွင် အတူပါလာသော ကလေးမြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ S.A.E ဒေါ်ဥမ္မာက ရှင်းပြသည်။

ကလေး-ဂန့်ဂေါ ကားလမ်းသည် မိုင် ၉၀ ကျော်ရှိပြီး ချင်းတောင်တန်းကြီးနှင့် ယှဉ်လျက်ဖောက်လုပ်ထားသော လမ်းဖြစ်၍ တောင်ကျရေများ အများဆုံး တိုက်စားခံရသော ကလေးခရိုင်မှ လမ်းတစ်လမ်းဖြစ်သည်။ ကလေးဝ-ကျီကုန်း- တမူးလမ်း၊ ကျီကုန်း-ကလေးလမ်း၊ ဂန့်ဂေါ-ကလေးလမ်း၊ ရေဦး- ကလေးဝလမ်း၊ မော်လိုက်-ပြောင်းဘုတ်-စော်ဘွားရေရှင်လမ်း၊ ပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်း၊ ဖောင်ကူး-အင်ဒိုင်းကြီး ဖြတ်လမ်းများသည် တန်ဖိုးငွေကျပ်သန်း ၁၃၇၂ ဒသမ ၇၀ ပျက်စီးဆုံးရှုံးခဲ့၍ ယာယီပြင်ဆင်စရိတ် ငွေကျပ် ၅၃၉ ဒသမ ၄၈သန်း အကုန်အကျခံပြင်ဆင်လျက်ရှိကြောင်း သိရသည်။

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၁၃ ဒသမ ၈၆ လက်မ၊ မုဒုံမြို့တွင် ၆ ဒသမ ၉၇ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၇၆ လက်မ၊ နွားထိုးကြီး မြို့တွင် ၄ ဒသမ ၃၀ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၈၉ လက်မ၊ သထုံ မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျောက်ဆည်မြို့တွင် ၃ ဒသမ ၆၅ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မင်းကင်းမြို့တွင် ၃ဒသမ ၁၁လက်မ၊ ရွှေဘိုမြို့တွင် ၃ ဒသမ ၀၃ လက်မနှင့် မြင်းခြံမြို့တွင် ၂ ဒသမ ၅၁ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# နိုင်ငံကို ကာကွယ်နိုင်ရန်အသင့်ရှိဟု မြောက်ကိုရီးယားပြောကြား



**ပြုံယမ်း အောက်တိုဘာ ၁၁**

မြောက်ကိုရီးယား အနေဖြင့် အမေရိကန်တို့၏ မည်သည့်ကျူးကျော်ရန်စမှုကိုမဆို ကာကွယ်နိုင်စွမ်းရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောဆိုလိုက်သည်။

အာဏာရ အလုပ်သမားပါတီ ထူထောင်သည့် နှစ် ၇၀ ပြည့် စစ်ရေးပြပွဲ အခမ်းအနားတွင် ကင်ဂျုံအန်းက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။

အနီရောင်နဖူးစည်းစာတန်းများနှင့်အတူ ချီတက်လာသည့် ထောင်ပေါင်းများစွာသော မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များသည် မြို့တော်ရင်ပြင်ဆီသို့ ချီတက်လာကြသည်။ အဆိုပါရင်ပြင်ပေါ်တွင် စစ်လေယာဉ်အစင်း ၇၀ အထိ ပျံဝဲပြခဲ့သည်။

တင့်ကားများနှင့် ဒုံးကျည်တင်ဆောင်ထားသော စစ်ယာဉ်များက မစ္စတာကင်ဂျုံအန်း မိန့်ခွန်းပြောကြားရာ ရင်ပြင်ဆီသို့ ချီတက်ခဲ့ကြသည်။

အဆိုပါ စစ်ရေးပြပွဲကို အချိန်နှစ်နာရီကြာ မရပ်မနား ချီတက်ခဲ့ကြရာ ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များနှင့် အရပ်သားများလည်း ပါဝင်သည်။ အဆိုပါ အခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များ မတက်ရောက်သော်လည်း မြောက်ကိုရီးယားနိုင်ငံ၏ မဟာမိတ် တရုတ်နိုင်ငံမှ ထိပ်တန်းကွန်မြူနစ်ပါတီတာဝန်ရှိသူတစ်ဦး တက်ရောက်ခဲ့သည်ဟု သိရသည်။

(ဆင်ဟွာ)

# နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရန် သူပုန်ခေါင်းဆောင်များကို ဆူဒန်သမ္မတ ဖိတ်ခေါ်

**ခါတွမ် အောက်တိုဘာ ၁၁**

အကယ်၍ သူပုန်ခေါင်းဆောင်များက နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်လာပါက သူပုန်များနှင့် ထာဝရအပစ်အခတ်ရပ်စဲရေးကို ကြေညာမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်စ်ရှာက ကတိပေးပြောကြားခဲ့သည်။

ဆူဒန်သမ္မတ အယ်လ်ဘတ်စ်ရှာသည် ဆူဒန်နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ဒေသတွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သော နိုင်ငံတော်အဆင့်ဆွေးနွေးပွဲကို ခါတွမ်မြို့၌ ဖွင့်လှစ်ကျင်းပပေးခဲ့သည်။

ဆူဒန်နိုင်ငံ၏ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အပစ်အခတ်ရပ်စဲရေး အမိန့်ကို နှစ်လကြာ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန် နိုင်ငံတော်အဆင့် စကားဝိုင်းတွင် အစိုးရဆန့်ကျင်အဖွဲ့အစည်းများအနေဖြင့် ပါဝင်ဆွေးနွေးခဲ့ပါက နှစ်လကြာထုတ်ပြန်ပေးမည်ဖြစ်သော အပစ်အခတ်ရပ်စဲရေးမှာ ထာဝရတည်မြဲသွားမည်ဖြစ်ကြောင်း ဆူဒန်သမ္မတ အယ်လ်ဘတ်စ်ရှာက နိုင်ငံတော်အဆင့် ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ် ယင်းအချက်ကိုထည့်သွင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးလိုလားသူများအတွက် တံခါးပေါက်ကို အစဉ်အမြဲဖွင့်လှစ်ထားကြောင်း၊ အကူအညီပေးမည့် လက်များကိုလည်း ဆန့်တန်းထားကြောင်း ၎င်းကထပ်လောင်းပြောဆိုခဲ့သည်။

(ဆင်ဟွာ)

## တူရကီတွင် ဗုံးပေါက်ကွဲသေဆုံးသူများအတွက် ဝမ်းနည်းဖွယ်နေ့ကျင်းပ

**အန်ကာရာ အောက်တိုဘာ ၁၁**

တူရကီစုံစမ်းစစ်ဆေးရေးမှူးများက စနေနေ့က လူ ၉၅ ဦး သေဆုံးသည့် ဗုံးပေါက်ကွဲမှုများတွင် ပါဝင်သော ဗုံးခွဲတိုက်ခိုက်သူများကို မြို့တော် အန်ကာရာတွင် ပိုက်စိပ်တိုက်ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ သံသယဖြစ်ဖွယ် အဆိုပါဗုံးခွဲတိုက်ခိုက်မှု နှစ်ခုသည် ရွေးကောက်ပွဲမတိုင်မီ သုံးပတ်အလိုတွင် ကာဒစ်လိုလားသူများဆန္ဒပြပွဲနှင့် အန်ကာရာမြို့ အဓိကမီးရထား ဘူတာအနီး အလုပ်သမားတက်ကြွလှုပ်ရှားသူများအား ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အစိုးရတပ်များနှင့် နိုင်ငံအရှေ့တောင်ပိုင်း ကာဒစ်စစ်သွေးကြွများအကြား ပဋိပက္ခဖြစ်ပွားမှုများ အရှိန်မြင့်တက်လာစဉ် ယင်းဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများအတွက် ဝမ်းနည်းဖွယ်နေ့ကို သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်က ကြေညာလိုက်သည်။ အသေခံဗုံးခွဲသူများအနက် တစ်ဦးသည် အသက် ၂၅ နှစ်မှ ၃၀ ခန့်ရှိ အမျိုးသားဖြစ်ကြောင်း အစိုးရလိုလားသူ ရီနီဆာဖတ်က ပြောသည်။ ယင်းတိုက်ခိုက်မှုသည် မည်သူ မည်ဝါ၏ လက်ချက်ဖြစ်ကြောင်း မသိရသေးဟုဆိုသည်။

လွန်ခဲ့သောသီတင်းပတ်က ရုရှားစစ်လေယာဉ်များ ဆီးရီးယားကို ကျူးကျော်တိုက်ခိုက်မှုများ ပြုလုပ်ရာ နေတိုးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော တူရကီအတွင်း ခြိမ်းခြောက်မှုများ မြင့်တက်လာလျက်ရှိသည်။

(ရိုက်တာ)

# အာဖဂန်မြို့တော် ကဘူးလ်၌ အသေခံဗုံးခွဲ၊ လူအများအပြားသေဆုံးဖွယ်ရှိ

**ကဘူးလ် အောက်တိုဘာ ၁၁**

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် တနင်္ဂနွေနေ့နံနက် ယာဉ်ကြောရှုပ်ထွေးနေချိန်တွင် အသေခံကားဗုံးခွဲသူတစ်ဦးက နိုင်ငံခြားတပ်များ ယာဉ်တန်းကို ပစ်မှတ်ထား ဗုံးခွဲတိုက်ခဲ့ရာ သေဆုံးသူအရေအတွက် အတိအကျမသိရသေးသော်လည်း အများအပြား သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဩဂုတ်လတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီးနောက် တာလီဘန်တို့က အဆိုပါ မြို့လယ်တိုက်ခိုက်မှုမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အာဖဂန်လုံခြုံရေးတပ်များက ဂျိုင်ရှီယားလမ်းတွင် ပိတ်ဆို့ထားသည့်အပြင်ဘက်တွင် သံချပ်ကာကားများ ကိုတွေ့ရကြောင်း ရုပ်မြင်သံကြားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

"ဒီတိုက်ခိုက်မှုက နိုင်ငံခြားတပ်တွေရဲ့ ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်တဲ့ အသေခံတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပါတယ်" ဟု ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ပြောရေးဆိုခွင့်ရှိသူ နာဂျင်ဒန်နစ်က ပြောသည်။

ယာဉ်တန်းများအနက် တစ်ခုသော ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ခံရကြောင်း၊ ယခုအချိန်အထိ အသေအပျောက် စာရင်းမသိရသေးကြောင်း အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းစစ်ဘက်ထောက်ပံ့ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဘရိန်းထရိုင်းဘတ် က ပြောကြားသည်။



တာလီဘန်အကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် နိုင်ငံခြားကျောထောက်နောက်ခံ ကဘူးလ်အစိုးရကို ဖြုတ်ချရန် ကြိုးစားလျက်ရှိရာ တနင်္ဂနွေနေ့က တိုက်ခိုက်မှုသည် ယင်းတို့လက်ချက်ဖြစ်ကြောင်း တာလီဘန်တို့က ဆိုသည်။

(ရိုက်တာ)

# အီးယူနှင့်ကန်ကြား ညှိနှိုင်းဆွေးနွေးနေသော ကုန်သွယ်ရေးသဘောတူညီချက်ကို ဆန့်ကျင်ဆန္ဒပြ




**ပါရီ အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၁ ရက်က ပြင်သစ်နိုင်ငံ စထရာဘိုး၌ ဥရောပပါလီမန်ရှေ့လမ်းများပေါ်တွင် အီးယူနှင့် အမေရိကန်နိုင်ငံ၌ ဆွေးနွေးနေသော ကုန်သွယ်ရေးသဘောတူညီချက် သို့မဟုတ် အတ္တလန္တိတ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး (တီတီအိုင်ပီ)ကို ဆန့်ကျင်ဆန္ဒပြသူများက ဆန္ဒပြနေကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တီတီအိုင်ပီဆိုသည်မှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုကြား လတ်တလော စေ့စပ်ညှိနှိုင်းမှုပြုလုပ်နေသော ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်သည်။

ဆန့်ကျင်ဆန္ဒပြသူများက အတ္တလန္တိတ်ဖြတ်ကျော် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး (တီတီအိုင်ပီ) ၎င်းတို့အခေါ်အားဖြင့် (တီအေအက်ဖ်တီအေ)ကို ရပ်ဆိုင်းပေးရန် တောင်းဆိုလိုက်သည်။

ဥရောပသမဂ္ဂရှိ မြို့များနှင့် အမေရိကန်မြို့များတွင်လည်း ယင်းတီတီအိုင်ပီကို ဆန့်ကျင်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

တီတီအိုင်ပီစေ့စပ်ညှိနှိုင်းမှုများတွင် ထင်သာမြင်သာမရှိကြောင်း ဆန့်ကျင်ဆန္ဒပြသူများက ပြောဆိုလိုက်သည်။

အချို့က အဆိုပါ တီတီအိုင်ပီသည် နိုင်ငံသားများကို ဒုက္ခရောက်စေနိုင်ကြောင်း စောဒကတက်ကြသည်။

(ဆင်ဟွာ)

# အရည်အသွေးမြင့်မားသည့်ပညာရေးဖြစ်ပေါ်လာစေရန် သင်ကြားရေးဝန်ထမ်းများ စွမ်းရည်မြင့်မားအောင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်၊ မန္တလေး အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူး) များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများကို အောက်တိုဘာ ၉ ရက်က ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကျော်၊ မန္တလေးအဝေးသင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှ၊ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင့်တင့်တို့က မိမိတက္ကသိုလ်နှင့် သက်ဆိုင်သည်များကို ကဏ္ဍအလိုက်ခွဲခြား၍ လည်းကောင်း၊ မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြသက်က မန္တလေးပညာရေးကောလိပ်နှင့် သက်ဆိုင်သည်များကိုလည်းကောင်း၊ တက်ရောက်လာကြသော ပညာရေးဝန်ထမ်းများက သိရှိလိုသည်များကို လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံ၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာ ကဏ္ဍများတွင် ဆောင်ရွက်မည့်အစီအစဉ်များ၊ ပညာရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲမည့် အစီအစဉ်များ၊ ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ပေးမည့် အစီအစဉ်များ၊ အရည်အသွေးမြင့်မားသည့် ပညာရေးဖြစ်ပေါ်လာစေရန်အတွက် သင်ကြားရေးဝန်ထမ်းများ စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲတိုးတက်ရေးအစီအစဉ်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာစာနှင့်ဘာသာစကားပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့က ဦးစီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**(မိုး/ဇလ)**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများဆွေးနွေးပွဲတက်ရောက်ရန် ကိုရီးယားသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဝန်ထမ်း ၁၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် KOICA အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ Seoul နှင့် Seongnam မြို့တို့၌ အောက်တိုဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် Seminar Programme on Human Rights Policy Development (Myanmar) သို့ တက်ရောက်ရန် အောက်တိုဘာ ၁၀ ရက်ညပိုင်းက လေကြောင်းလိုင်းဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံ လူ့အခွင့်အရေးမြှင့်တင်ရေး၊လေ့ကျင့်ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အပြန် အလှန် အတွေ့အကြုံဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အောက်တိုဘာ ၁၀ ရက်က လုပ်ငန်းများစတင်အကောင်အထည် ဖော်လာမည့် ၂၀၁၇ ခုနှစ် မတ်လတွင် ပြီးစီးရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ စက်ရုံမှ မီးလောင်ကျွမ်းနိုင်သည့် တန် ၆၀ စွန့်ပစ်အမှိုက်များကို နေ့စဉ်မီးရှို့ဖျက်ဆီးပြီးထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀၀ ကိုပြည်တွင်းသုံး (National Grid Line) တွင် မဂ္ဂါဝပ် ၃၀၀ ကိုထည့်သွင်းသွားမည်ဖြစ်ပြီး ကျန်မဂ္ဂါဝပ် ၄၀၀ ကို အဆိုပါစက်ရုံအတွက် ပြန်လည်အသုံးပြုသွားမည်ဖြစ်သည်။

JFE Engineering Corporation ကုမ္ပဏီမှ စီနီယာမန်နေဂျင်းဒါရိုက်တာက "ယခုနောက်ပိုင်းမှာ မြန်မာနိုင်ငံဟာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတာကို မြင်တွေ့ရပါတယ်၊ အခုလို ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဟာလည်း အထူးအရေးကြီးပါတယ်။ ခုဒီစက်ရုံကတော့ ကနဦးအနေနဲ့ မြန်မာနိုင်ငံရဲ့လူဦးရေထူထပ်တဲ့မြို့ကြီးဖြစ်တဲ့ ရန်ကုန်မှာတည် ဆောက်တာဖြစ်သလို နောင်အနာဂတ်မှာဆိုရင်လည်း နေပြည်တော်၊ မန္တလေးလိုမြို့တွေမှာ အမှန်တကယ် တည်ဆောက်ဖို့လိုပါတယ်။ တည်ဆောက်သွားနိုင်အောင်လည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးသွားမှာပါ" ဟု ပြောကြားသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်မည့် အမှိုက်မှစွမ်းအင်ထုတ်လုပ်မည့် စက်ရုံသည် မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံးဖြစ်သော်လည်း အိမ်နီးချင်းထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့တွင် တည်ဆောက်အသုံးပြုနေသည်မှာ ကာလကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ ပြည်တွင်း၌ စက်ရုံပေါင်း ၁၇၀ အောင်မြင်စွာ အသုံးပြုနေပြီဖြစ်သည်။ ရန်ကုန်မြို့တွင် ယခုအခါ တစ်နေ့ အမှိုက်တန်ချိန် ၁၆၀ ကျော်ထွက်ရှိနေပြီး ယင်းထွက်ရှိနေသည့် တန်ချိန်ထဲမှ တစ်နေ့ တန်ချိန် ၆၀ ကို အဆိုပါစက်ရုံမှ မီးရှို့ဖျက်ဆီးပြီး လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်သွားမည် ဖြစ်သည်။ ထိုသို့ပြုလုပ်နိုင်ခြင်းကြောင့် အမှိုက်မှထွက်ရှိသည့် မီသိန်းဓာတ်ငွေ့နှင့် ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်**
**(မြန်မာ့အလင်း)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



အမှိုက်မှ စွမ်းအင်ထုတ်လုပ်ပေးမည့်စက်ရုံပုံစံငယ်ကိုတွေ့ရစဉ်။

## ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေး

**သဲကုန်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ရဲအုပ်အောင်ရက ရွေးကောက်ပွဲကျင်းပသည့်ကာလ၌ လုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် အီးယူက စောင့်ကြည့်လေ့လာသူ ၁၅၀ စေလွှတ်မည်

ကျော်သဲအိမ်

နိုင်ဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် အီးယူက စောင့်ကြည့်လေ့လာသူများကို ပထမဦးဆုံးအကြိမ်အဖြစ် စေလွှတ်လိုက်ပြီဖြစ်ရာ ပထမအုပ်စုတွင် ပါဝင်သော စောင့်ကြည့်လေ့လာသူ ၃၀ မှာ အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စတင်ထွက်ခွာသွားကြပြီဖြစ်သည်။

နိုင်ဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် သမိုင်းဝင်ရွေးကောက်ပွဲတစ်ရပ်အတွက် ယခုအခါ မြန်မာနိုင်ငံတွင် မဲဆွယ်စည်းရုံးရေးများပြုလုပ်နေကြပြီး အစိုးရအနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရန် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကို လာရောက်လေ့လာခွင့်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်လကျော်နေထိုင်မည့် ပြည်ပစောင့်ကြည့်လေ့လာသူ အဖွဲ့တစ်ဖွဲ့မှာ ဥရောပသမဂ္ဂမှ ဖြစ်သည်ဟုသိရသည်။ မဲပေးသည့်နေ့တွင် နော်ဝေ၊ ဆွစ်ဇာလန်အစရှိသော ဥရောပအဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံမှ စောင့်ကြည့်လေ့လာသူ ၁၅၀ သည် မြန်မာနိုင်ငံအနှံ့ရှိ မဲရုံများသို့ သွားရောက်ကာ မဲပေးပုံ၊ မဲရေတွက်ပုံနှင့် မဲရလဒ်ထုတ်ပြန်ပုံ အပါအဝင် ရွေးကောက်ပွဲကျင်းပပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။

ထို့အပြင် အဆိုပါစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှု၊ မဲရုံမှူးများကို သင်တန်းပေးမှုနှင့် မဲဆွယ်စည်းရုံးမှုများကို ကြည့်ရှုမည့်အပြင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံကာ ၄င်းတို့၏ မဲဆွယ်စည်းရုံးရေး အခြေအနေများကို လေ့လာကြမည်ဖြစ်ကြောင်း အီးယူရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးမစ်ရှင်မှ ဒုတိယအကြီးအကဲ မာ့ခ်စတီဗင်က ပြောကြားသည်။ မဲဆွယ်စည်းရုံးရေး လေ့လာရာတွင် နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်စွာ စုဝေးမှု၊ လွတ်လပ်စွာ သွားလာမှု၊ လွတ်လပ်စွာ ပြောဆိုရေးသားမှု ရှိမရှိကို မိမိတို့အဖွဲ့က လေ့လာမည်ဖြစ်သော်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှုများ လုပ်မည်မဟုတ်ကြောင်း မာ့ခ်စတီဗင်က ထပ်လောင်း ပြောကြားသည်။

အထွေထွေရွေးကောက်ပွဲသည် မြန်မာပြည်သူများအတွက် ဖြစ်သောကြောင့် မိမိတို့အနေဖြင့် ဘက်လိုက်မှာမဟုတ်ပါကြောင်း၊ အကယ်၍ တစ်စုံတစ်ခု မှားယွင်းနေသည်ဟု မိမိတို့အဖွဲ့က တွေ့ရှိသည့်တိုင် ဝင်ရောက်တားမြစ်မှာ မဟုတ်ကြောင်း၊ မိမိတို့အလုပ်သည် ရွေးကောက်ပွဲလေ့လာပြီးနောက် ယင်းအပေါ် အစီရင်ခံရန်သာဖြစ်ကြောင်း၊ ရွေးကောက်ပွဲအာဏာပိုင်များနှင့် မိမိတို့ ပုံမှန်တွေ့ဆုံပြီး သိလိုသည့်အချက်များကို အချိန်မရွေးမေးမြန်းနိုင်ကြောင်း၊ မိမိတို့သည် ရွေးကောက်ပွဲလေ့လာသည့် သူများသာဖြစ်ကြောင်း မာ့ခ်စတီဗင်က ပြောကြားသည်။

ရွေးကောက်ပွဲပြီးသည့်အခါ ထိုစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၄င်းတို့၏တွေ့ရှိချက်အပေါ် ပဏာမထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ပြီးနောက် ရက်ပိုင်းအတွင်း ပိုမိုစနစ်ကျပြီး တိကျသော အပြီးသတ်အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်သွားမည်ဟု သိရသည်။ **(ချာနယ်နယူးစ် အေရှား)**

# ကဘော်လွင်ပြင်မှာ ဖူးမြော်ပူဇော် ဗုဒ္ဓမြတ်စွယ်တော်

သပြေ

**ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ပူဇော်ကြသည်။ တိုင်းတစ်ပါးရေခြားမြေခြားအထိ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ပွားယူပြီးလည်း ရှိခိုးပူဇော်ကိုးကွယ်ကြသည်။ ပေးပို့လှူဒါန်းပြီးလည်း ကုသိုလ်ယူကြပြန်သည်။ ဗုဒ္ဓမြတ်စွယ်တော် ကိုးကွယ်မှုအစဉ်အလာကား အဘယ်နည်း။**

## ဗုဒ္ဓမြတ်စွယ်တော်နှင့် ကိုးကွယ်မှုအစဉ်အလာ

ဗုဒ္ဓမြတ်စွာ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဗုဒ္ဓဘုရားအဖြစ်သို့ရောက်ရှိကာ (၄၅)နှစ်ကာလပတ်လုံး လူ၊ နတ်၊ ပြဟ္မာတို့အား တရားဟောပြောညွှန်ပြခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်သော ရုပ်ကလာပ်တော်ကို တေဇောဓာတ်လောင်ကျွမ်းပြီးချိန်တွင် မီးမခဲဘဲ မူလပကတိအတိုင်း ကြွင်းကျန်ရစ်သည့် ရုပ်ကြွင်းခုနစ်ပါးတွင် "နဖူးသင်းကျစ်တော်၊ လက်ယာညှပ်ရိုးတော်၊ လက်ဝဲညှပ်ရိုးတော်၊ လက်ယာ အထက်စွယ်တော်၊ လက်ဝဲအထက်စွယ်တော်၊ လက်ယာအောက် စွယ်တော်၊ လက်ဝဲအောက်စွယ်တော်"ဟူ၍ စွယ်တော်လေးဆူပါဝင်သည်။

"လက်ယာအထက်စွယ်တော်ကို သိကြားမင်းကလည်းကောင်း၊ လက်ယာအောက် စွယ်တော်ကို နဂါးမင်းကလည်းကောင်း ပင့်ဆောင်ပြီး ဘုရားတည်ဌာပနာသွင်းကာ ပူဇော်ကိုးကွယ်ခဲ့တာကို လေ့လာသိရှိရပါတယ်။ လက်ဝဲအထက်စွယ်တော်ကို တရုတ်နိုင်ငံနဲ့ လက်ဝဲအောက်စွယ်တော်ကို သီရိလင်္ကာနိုင်ငံတို့မှာ ကိန်းဝပ်စံပယ်လျက်ရှိပြီး ယခုအခါ တန်ဖိုးထား ပူဇော်ကိုးကွယ်နေကြတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်"ဟု ကလေးမြို့နယ် ကံသာယာထေရဝါဒဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တဇဝနက မိန့်ကြားသည်။

ရှေးမင်းအစဉ်အဆက်နှင့် ဘုရားဒါယကာများသည် ဗုဒ္ဓမြတ်စွယ်တော်ကို သွားရောက်ဖူးမြော်ခြင်း၊ ပွားယူပူဇော်ကိုးကွယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ပုဂံအနော်ရထာမင်းသည်တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ဦးစွာပင့်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း အဆင်ပြေမှုမရှိခဲ့သဖြင့် "သီဟိုဠ်" ယခု "သီရိလင်္ကာ"နိုင်ငံသို့ အထူးသံအဖွဲ့စေလွှတ်၍ စွယ်တော်ပွားခွင့်ရယူပြီး ရေကြောင်းခရီးဖြင့်ပင့်ဆောင်ခဲ့ရာ ပုဂံလောကနန္ဒာဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် ဧရာဝတီမြစ်အတွင်းသို့ ကိုယ်တိုင်ဆင်း၍ ပင့်ဆောင်ပူဇော်ခဲ့ကြောင်း။

အနော်ရထာမင်း၏ အဓိဋ္ဌာန်ဖြင့် စွယ်တော်လေးဆူ ထပ်မံပွားယူပြီး မူလစွယ်တော်ပွားကို ညောင်ဦးမြို့အနီးရှိ ရွှေစည်းခုံစေတီ၊ ကျန်စွယ်တော်ပွားလေးဆူကို ပုဂံဒေသရှိ လောကနန္ဒာစေတီ၊ တူရွင်းတောင်စေတီ၊ တန့်ကြည့်တောင်စေတီနှင့် ကျောက်ဆည်မြို့အနီးရှိ ရွှေသာလျောင်း တောင်စေတီများတွင် ဌာပနာသွင်းစေတီတည်၍ ပူဇော်ကိုးကွယ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ယခုအခါ ပုဂံမြတ်စွယ်တော်လေးဆူမှာ ထင်ရှားကျော်ကြားပြီး ဘုရားဖူးပြည်သူများသည် တစ်မနက်အတွင်း ပူဇော်ကြည်ညိုမှုဖြင့် ကုသိုလ်ပွားလျက်ရှိကြသည်။

ဘုရင့်နောင် မင်းတရားကြီးကလည်း ဗုဒ္ဓမြတ်စွယ်တော်ပွားယူခြင်းကို ထပ်မံကြိုးပမ်းခဲ့သည်။ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ စွယ်တော်ပွား နှစ်ဆူကို နှစ်ကြိမ်ခွဲပြီးရရှိခဲ့ရာ ပထမအကြိမ်ရရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို ပဲခူးမြို့ရှိ မဟာစေတီတွင် ဌာပနာသွင်းပူဇော်ခဲ့ပြီး ဒုတိယအကြိမ် ရရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီရွှေနန်းတော် နန်းဦးပြာသာဒ်ဆောင်တွင် ထားရှိပူဇော်ကိုးကွယ်ခဲ့ကြောင်း၊ တောင်ငူ၊ အင်းဝမင်းဆက်များသည် ယင်းဗုဒ္ဓမြတ်စွယ်တော်ကို မြို့တော်နေရာများအလိုက် ပြောင်းရွှေ့ပင့်ဆောင်ကိုးကွယ်ခဲ့ကြရာမှ သာလွန်မင်းတရားကြီးသည် စစ်ကိုင်းမြို့အနီးရှိ ကောင်းမှုတော်စေတီတည်၍ ဌာပနာသွင်းပူဇော်ကိုးကွယ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ဗုဒ္ဓမြတ်စွယ်တော်ကို ပွားယူပြီး ပူဇော်ကိုးကွယ်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြရာ ပြည်မြို့နှင့် ပေါင်းတည်မြို့များရှိ သီရိလင်္ကာနိုင်ငံမှ ပွားယူပူဇော်မှုများမှာ ထင်ရှားကျော်ကြားသကဲ့သို့ တရုတ်နိုင်ငံမှပွားယူပူဇော်ခဲ့သောစွယ်တော်မြတ်စေတီ ရန်ကုန်နှင့် မန္တလေးတို့သည်လည်း လူသိများလှသည်။

## ကဘော်လွင်ပြင်သို့ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တာဝန်ယူစဉ် ဝန်ကြီးချုပ်တာဝန်ဖြင့် ၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်း မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခဲ့သည်။

အဆိုပါခရီးစဉ်တွင် သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ပူဇော်ပြီး စွယ်တော်ပင့်ဆောင်ရာတွင် အသုံးပြုရန်အတွက် စွယ်စုံဆင်နှစ်စီးနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လိုက်ပါခဲ့သော မြန်မာနိုင်ငံကုန်သည်ကြီးများအသင်းနှင့် ထပ်မံလိုက်ပါသွားသော တမူးနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းတို့ ပူးပေါင်း၍ နှစ်နိုင်ငံကုန်သွယ်ရေး ကိစ္စရပ်များ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲများ ပြီးဆုံး၍ မြန်မာနိုင်ငံသို့ပြန်လည် ထွက်ခွာမည့်အချိန်နှင့် တိုက်ဆိုင်စွာ ဗုဒ္ဓမြတ်စွယ်တော်တွင် တစ်နှစ်ကြာရင်ငွေ့ခိုလှုံလျက်ရှိသော စွယ်တော်ပွားတစ်ဆူကို ထိုစဉ်က သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင် (ယခု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး)က လက်ခံရရှိခဲ့သဖြင့် တမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပင့်ဆောင်ခဲ့ပြီး ယင်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ လေကြောင်းခရီးဖြင့် ပင့်ဆောင်ခဲ့ရာ ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။



မြတ်စွယ်တော် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်



သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့မှပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော် (ကံသာယာ)

"ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ခဲ့ရာမှ ကိုလံဘိုလေဆိပ်နဲ့ ဗန်ကောက်လေဆိပ်နေရာတွေမှာ လုံခြုံရေးဂိတ်တွေဖြတ်သန်းခဲ့ရချိန်၊ ရွှေတိဂုံဘုရားပေါ် ရွှေ့ပြောင်းပင့်ဆောင်ပြီး ခေတ္တထားရှိခဲ့ရချိန်၊ ရတနာပုံတံတားကြီး မဖွင့်သေးမီ ပထမဦးဆုံး မော်တော်ယာဉ်နဲ့ စတင်ဖြတ်သန်းမောင်းနှင်ခွင့်ရခဲ့ချိန်နဲ့ မုံရွာကတစ်ဆင့် ကလေးမြို့ကို လေယာဉ်နဲ့ပင့်ဆောင်ခဲ့ချိန်တွေမှာ ထူးခြားတဲ့ တိုက်ဆိုင်မှုတွေရှိခဲ့တယ်"ဟု ဦးလှမောင်က ၎င်းအတွေ့အကြုံကို ပြောပြသည်။

## ဗုဒ္ဓမြတ်စွယ်တော် ကဘော်လွင်ပြင်မှ ချင်းတွင်းမြစ်တစ်လျှောက် ဒေသစာရီကြွချီ

မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသ ကဘော်လွင်ပြင်သို့ ပထမဦးဆုံး ပင့်ဆောင်ရောက်ရှိခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်ကို ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် ကြွချီလာသကဲ့သို့ ဒေသခံပြည်သူများက ယုံကြည်လက်ခံကြပြီး ပူဇော်ကန်တော့ကြသည်။

ကဘော်လွင်ပြင်၏ တစ်ဆူတည်းသော ဗုဒ္ဓမြတ်စွယ်တော်ကို ကြည်ညိုသပ္ပာယ်စွာ ကိန်းဝပ်စံပယ်နိုင်ရန် အလှူငွေများထည့်ဝင် လှူဒါန်းကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှကလေးဝမြို့သို့ ယာဉ်ဖြင့်ပင့်ဆောင်ပြီး ၎င်းမှတစ်ဆင့် ရေယာဉ်ဖြင့် ချင်းတွင်းမြစ်အတိုင်း ဆန်တက်ပြီး ဒေသစာရီကြွချီခဲ့ရာ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ မော်လိုက်၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်များရှိ ဆိပ်ကမ်းကျေးရွာများမှ ရဟန်းရှင်၊ လုပ်သားပြည်သူအပေါင်းက ကမ်းလုံးညွတ်မျှပူဇော်ကန်တော့ခဲ့ကြပြီး ဗုဒ္ဓမြတ်စွယ်တော်ကို ကြည်ညိုသပ္ပာယ်စွာ ကိန်းဝပ်စံပယ်နိုင်ရန် အလှူငွေများလှူဒါန်းခဲ့ကြသည်။

"ဗုဒ္ဓမြတ်စွယ်တော်က မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဒေသမှာ ကောင်းမှုတော်စေတီမှာပဲ ဌာပနာသွင်းပူဇော်ခဲ့တာရှိတယ်။ အဲဒီနောက် ချင်းတွင်းမြစ်ဘက် ဆန်မတက်ဖြစ်သေးဘူး။ ကလေးမြို့မှာ ကိန်းဝပ်တဲ့ ဗုဒ္ဓမြတ်စွယ်တော်ဟာ ချင်းတွင်းမြစ်ရိုးအတိုင်း ဟုမ္မလင်းမြို့အထိ ဆန်တက်ကြွချီခဲ့တာဆိုရင် ဗုဒ္ဓသာသနာတော်ဟာ ပိုပြီးထွန်းလင်းတောက်ပလာခြင်းဖြစ်ပါတယ်"ဟု ဒေသစာရီကြွချီမှုတွင် လိုက်ပါခဲ့သူ ကလေးမြို့တွင် သာသနာရေးဦးစီးမှူး တာဝန်ယူခဲ့သည့် ဦးအောင်သိန်းဦးက ပြောကြားသည်။

## မြတ်စွယ်တော်ဂန္ဓကုဋိတိုက် (ကံသာယာ)

သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်ရောက်ရှိခဲ့သော ဗုဒ္ဓမြတ်စွယ်တော်ကို ကဘော်ချိုင့်ဝှမ်းဒေသ၌ ဂန္ဓကုဋိတိုက်ဆောက်လုပ်၍ ကြည်ညိုသပ္ပာယ်စွာ ကိန်းဝပ်စံပယ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေး-တမူး ကားလမ်းပေါ်ရှိ ကလေးမြို့မှ ၁၆ မိုင်ခန့်ကွာဝေးသည့် ကံသာယာ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းရှိ သဒ္ဓမ္မကုန်းတော်မြတ်နေရာကို ရွေးချယ်ခဲ့ကြသည်။

မြတ်စွယ်တော် ဂန္ဓကုဋိတိုက် ကို ဘုံခုနစ်ဆင့်၊ စမုခ်ဦးထွဋ်၊ ယွန်းသုံးဆက်ခေါင် အာရုံခံတန်ဆောင်းတို့ တွဲဖက်ပြီး လုံခြုံရေးအတွက် သံတံခါးနှင့် မှန်တံခါးများတပ်ဆင်၍ မြန်မာနိုင်ငံ၏အနောက်မြောက်ဒေသတွင် ထေရဝါဒဗုဒ္ဓသာသနာ၏ ထင်ရှားသော အထိမ်းအမှတ်နေရာတစ်ခုအဖြစ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့က မြေသန့်ပန္နက်တင်ပြီး ဆောက်လုပ်ခဲ့ရာ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးသဖြင့် ဂန္ဓကုဋိကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်တွင် ရွှေထီးတော်တင်လှူပူဇော်ခဲ့သည်။

"မြတ်စွယ်တော် ဂန္ဓကုဋိတိုက်ကို မန္တလေးမြို့မှ မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်နဲ့ အဖွဲ့က ပုံစံထုတ်ပေးခဲ့ပြီး ဒေသခံဆောက်လုပ်ရေး အဖွဲ့တွေနဲ့ ဆရာတော်က ကြီးကြပ်ပြီး ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။

ဒီဒေသကထွက်တဲ့ ကျွန်းသစ်လုံးတွေထဲကမှ ဖယောင်းတိုင်လိုစင်းလုံးချော ဖြောင့်စင်းတဲ့လက်နှစ်ဖက်ဖက်စာခန့်ရှိ တိုင်လုံးတွေကို ခက်ခက်ခဲခဲရွေးချယ်ထုတ်လုပ်ပြီး ထည့်သွင်းတည်ဆောက်ထားတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်"ဟု

*စာမျက်နှာ ၇ သို့*

**ကလေးမြို့ သို့ ရောက်လျှင် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသည့် တမူးမြို့ကို သွားရောက်လေ့လာသင့်သည်။ ထိုသို့သွားရောက်စဉ် ကလေး-တမူး ကားလမ်းပေါ်ရှိ ကဘော်လွင်ပြင်မှ တစ်ဆူတည်းသော ဗုဒ္ဓမြတ်စွယ်တော်ကို ဝင်ရောက် ဖူးမြော်နိုင်သကဲ့သို့ ကလေးမြို့မှ ၁၆ မိုင်သာကွာဝေးသော ဗုဒ္ဓမြတ်စွယ်တော်ရှိရာ "ကံသာယာ"ကို သီးခြားသွားရောက်ပြီးလည်း ဖူးမြော်နိုင်သည်။**

# WARP ကမ္ဘာလုံးဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

World Alliance Religions Peace (WARP) ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဘာသာတစ်ခုနှင့် တစ်ခုအကြား ပဋိပက္ခမဖြစ်ပွားစေရေးလေ့လာသိရှိပြီး နားလည်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ YMCA ၌ ယနေ့မွန်းလွဲ ၂ နာရီမှ ညနေ ၅နာရီအထိ ကျင်းပရာ YMCA ဒုတိယအထွေထွေ အတွင်းရေးမှူး ဒေါက်တာ သာညဏ်က ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ဘာသာတရားများ၏ ယေဘုယျဘုံတူညီချက်များကို အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဗုဒ္ဓဘာသာမှ ဆရာတော် ဒေါက်တာ ဓမ္မပိယ (ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)၊ ခရစ်ယာန်ဘာသာမှ ဦးအေးမင်း (Myanmar Institute of Theology) နှင့် ဒေါက်တာသာညဏ်၊ အစ္စလာမ်ဘာသာမှ ဦးညွန့်မောင်ရှိန်၊ ဟိန္ဒူဘာသာမှ ဦးစန်းမင်းနိုင်(Myanmar Hindu Organization) တို့က ဘာသာတရားများ၏ သမိုင်းသက်သေများ၊ ငြိမ်းချမ်းစေသည့် အဆုံးအမ တရားဓမ္မများ၊ ကျမ်းဂန်စာပေများ၊ သက်သေသာဓကများကို တက်ရောက်သူများအား ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်သူများက သိလိုသည်များကို မေးမြန်းကြသည်။

"ကျမ်းစာတွေမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘယ်လိုဆိုဆုံးမလဲဆိုတာကို ဆွေးနွေးတာဖြစ်ပါတယ်။ သဗ္ဗေသတ္တာ ဝေနေယျတွေကို မေတ္တာထားနိုင်ခြင်းနဲ့ ဘာသာခြားတွေအပေါ်မှာလည်း ညီရင်းအစ်ကိုလိုစိတ်ထားထားတတ်တာ အကောင်းဆုံးပါ" ဟု ဟိန္ဒူဓမ္မဆရာ ဦးစန်းမင်းနိုင်က ပြောကြားသည်။

"ကိုယ့်ဘာသာကိုပဲသိပြီး တခြားဘာသာကို မလေ့လာမသိရှိရင် နားလည်မှုမရှိဘဲ အထင်အမြင်လွဲမှားမှုကြောင့် ပဋိပက္ခတွေဖြစ်စေနိုင်တဲ့အတွက် လေ့လာသိရှိပါက အပြန်အလှန်နားလည်မှုများရှိပြီး ပဋိပက္ခတွေလျော့ကျသွားစေနိုင်ပါတယ်"ဟု HWPL မှ Ms.Sung Sil Lee က ပြောသည်။

ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ပဉ္စမအကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပြီး ဘာသာတရားတိုင်းရှိ အရှိတရားများကို ဆွေးနွေးခြင်းဖြစ်ကြောင်း၊ WARP ရုံးများမှ တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၅၂ နိုင်ငံတွင် ဘာသာရေးဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

*စာမျက်နှာ ၆ မှ*

မြတ်စွယ်တော် ဂန္ဓကုဋီတိုက် ဆောက်လုပ်ရေးကို ကြီးကြပ်ခဲ့ရသည့် တပ်မတော်မှ အငြိမ်းစား ဗိုလ်မှူးကြီးရဲနိုင်က ပြောကြားသည်။

ထို့အပြင် မန္တလေးနှင့် ရန်ကုန်မြို့များရှိ စွယ်တော်မြတ်စေတီများ၌ ဗုဒ္ဓမြတ်စွယ်တော်ကို ကျောက်စိမ်းဖြင့် ထုဆစ်သကဲ့သို့ ယင်းဒေသထွက် ရှားပါးသစ်များဖြစ်သော တမလန်းသားအနှစ်ဖြင့် မြင့်မိုရ်တောင်ပြာသာဒ် ပြုလုပ်၍ ယင်းအပေါ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုးဆူကို နံ့သာနီအသားဖြင့် မုဒြာကိုးမျိုးထုလုပ်တပ်ဆင်ထားသည်။ ယင်းဗုဒ္ဓဆင်းတုတော်များအလယ်၌ ရွှေဖြင့်ပြုလုပ်ကာ ကြာကလပ်ပေါ်တွင် ရွှေသားလက်စွပ်၌ စိန်ကိုးပွင့်ဆင်ယင်၍ ဗုဒ္ဓမြတ်စွယ်တော်ကို ပိုမိုကြည်ညိုသပ္ပာယ်စွာ ပူဇော်ထားရှိသည်။

ဆက်လက်၍လည်း ဗုဒ္ဓမြတ်စွယ်တော်တိုက်၏ ရင်ပြင်တော်နှင့် မဟာရံတံတိုင်းများ ဆောက်လုပ်ရန်၊ အဝင်အထွက်နှင့် အတက်အဆင်းလမ်းကြောင်းများ ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အနောက်မြောက်ဆီမှ ကဘော်ချိုင့်ဝှမ်းလွင်ပြင်ဒေသသည် ချင်းပြည်နယ်ရှိ တောင်တန်းများနှင့် ဆက်စပ်ပြီး ပန်းရစ္စာတည်ရှိနေသည်။

ယခုနှစ်မိုးရာသီတွင် ချင်းပြည်နယ်နှင့် ကဘော်ချိုင့်ဝှမ်းဒေသ၌ မုန်တိုင်းရိုက်ခတ်မှုအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့ပြီး ကလေးမြို့အနီး ပေါင်းဆုံစီးဆင်းသည့် နေရဉ္စရာချောင်းနှင့် မြစ်သာမြစ်တို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ကလေးမြို့နယ်အပြင် တမူးမြို့နယ်နှင့် ချင်းပြည်နယ်အတွင်း၌လည်း သဘာဝဘေးဒဏ်များကြုံတွေ့ခဲ့ကြရသည်။

ကလေး-တမူး ကားလမ်းရှိ တံတားအချို့လည်း ရေဘေးသင့်ခဲ့ပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့မှုကြောင့် ယာယီပြတ်တောက်ခဲ့ရသည့် ကလေး-တမူး ကားလမ်းကြောင်းလည်း ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံအနောက်မြောက်ဆီမှ ကလေးမြို့သို့ ရောက်လျှင် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသည့် တမူးမြို့ကို သွားရောက်လေ့လာသင့်သည်။ ထိုသို့သွားရောက်စဉ် ကလေး-တမူး ကားလမ်းပေါ်ရှိ ကဘော်လွင်ပြင်မှ တစ်ဆူတည်းသော ဗုဒ္ဓမြတ်စွယ်တော်ကို ဝင်ရောက် ဖူးမြော်နိုင်သကဲ့သို့ ကလေးမြို့မှ ၁၆ မိုင်သာကွာဝေးသော ဗုဒ္ဓမြတ်စွယ်တော်ရှိရာ "ကံသာယာ"ကို သီးခြားသွားရောက်ပြီးလည်း ဖူးမြော်နိုင်သည်။

ကဘော်လွင်ပြင်မှ "ဗုဒ္ဓမြတ်စွယ်တော်"သည် ကလေးမြို့ ကံသာယာထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းရှိ ဂန္ဓကုဋီတိုက်တွင် ကြည်ညိုသပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

ဒေသခံတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများ၏ "ဗုဒ္ဓမြတ်စွယ်တော်"ဖူးမြော်မှု အဝင်အထွက်မှာ စည်ကားမြဲ။ ။

" အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ "

(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၁၃ ရက်နေ့ )

**International Day for Disaster Reduction**

" ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ် "

' Knowledge for Life '

# တည်ဆောက်ပြီးတစ်နှစ်ကျော် ဖုန်းတာဝါတိုင် အသုံးပြုနိုင်ရန် ဒေသခံတို့မျှော်လင့်

**ပေါက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျင်းကျေးရွာရှိဖုန်းတာဝါတိုင်သည် မြန်မာ့အလင်းနေ့စဉ်သတင်းစာ၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် စာမျက်နှာ ၁၆ တွင် "ပုံတောင် ပုံညာကျင်းကျေးရွာတွင် ဖုန်းတာဝါတိုင် စိုက်ထူပေးရန် ဒေသခံများမျှော်လင့်"ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြပါရှိပြီး နှစ်လအကြာတွင် တာဝါတိုင်စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်ပြီး တစ်နှစ်ကျော်အချိန်ကြာနေပြီဖြစ်၍ အဆိုပါ ဖုန်းတာဝါတိုင်မှအသုံးပြုနိုင်ရန်ဒေသခံများလိုလားမျှော်လင့်လျက်ရှိကြောင်းသိရသည်။



"မြန်မာ့အလင်းသတင်းစာမှာပါပြီး နှစ်လအကြာ လာဆောက်ပါတယ်။ အခုဆောက်ပြီးတာ တစ်နှစ် သုံးလကျော်နေပြီ ဘယ်ဖုန်းမှသုံးမရသေးဘူး။ တန်ဖိုးနည်းဖုန်းမဲပေါက်ပေမယ့် ကျွန်တော်တို့ ဒေသမှာအကျိုးများများမရှိဘူး၊ တခြားသွားမှ သုံးရတယ်"ဟု ကျင်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ကျင်းကျေးရွာတွင် CDMA အထိုင်ဖုန်းများရှိသော်လည်း ငါးလုံးခန့်သာ အသုံးပြုနိုင်ပြီးအသံချဲ့စက်ဖြင့် ခေါ်ယူ၍ ဟိုပြေး၊ ဒီပြေး ဖုန်းဆက်သွယ်ပြောဆိုရကြောင်း အဆိုပါ ဒေသခံက ပြောပြသည်။

အဆိုပါ ကျင်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာ ၁၃ ရွာသည် ပေ ၂၀၀၀ ကျော်မြင့်၍ တောင်-မြောက်သွယ်တန်းနေသော ပုံတောင်ပုံညာတောင်ကြားတွင် တည်ရှိရာ ပခုက္ကူ-ပေါက်-ကျင်း-ထီးလင်း- ဂန့်ဂေါနှင့် ဆောမြို့နယ် တပြင်းနှင့်ဆက်သွယ်သော ကျင်း-တပြင်း ကားလမ်းဆုံ၌ တည်ရှိသည်။ အဆိုပါကားလမ်းများကို နိုင်ငံတော်က လမ်းတိုးချဲ့ခြင်း၊ ကျောက်ချောလမ်းနှင့် ကတ္တရာခင်းခြင်းအပါအဝင် (အဆင့်မြှင့်တင်)ပေးခြင်း၊ ရေပြွန်များတည်ဆောက်ခြင်းတို့ဆောင်ရွက်ပေးထားသော်လည်း ထီးလင်းမြို့နယ်နှင့် ပေါက်-ပခုက္ကူမြို့များသို့ သွားလာရန် ဒေသရှိကုန်တင်ကားကြီးများကိုနေ့၊ ညစောင့်ဆိုင်းသွားလာရောင်းဝယ်ရသည်။

အဆိုပါ ကျင်းဒေသ ၁၄ ရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ငါးခုပါဝင်သော ကျန်းမာရေးဌာနတစ်ခု၊ စာသင်ကျောင်း ၁၄ ကျောင်း၊ လမ်းဦးစီးဌာန(ခွဲ) တစ်ခု၊ သစ်တောဘိနယ်တစ်ခု၊ ပြည်သူ့ရဲစခန်းတစ်ခုစသောဌာနခြောက်ခုမှ တာဝန်ကျဝန်ထမ်းများသည် ဒေသခံကျေးလက် ပြည်သူများနှင့်အတူအဆိုပါဆက်သွယ်ရေး၊ သွားရေးလာရေးအခက်အခဲများကြုံတွေ့နေရ၍ တည်ဆောက်ပြီးဖုန်းတာဝါတိုင်ကို အသုံးပြုနိုင်ရန်မျှော်လင့်လျက်ရှိကြောင်းသိရသည်။

**ဖိုးသားလေး(ယောမြေ)**

# လူကုန်ကူးမှုကင်းဝေးရေး အသိပညာပေး

**ဆရာစိန်**

လူကုန်ကူးမှုပြဿနာသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့် အဝန်းပျံ့နှံ့ဖြစ်ပွားလျက်ရှိရာ ဆိုးရွားလှသောမှုခင်းအဖြစ် ရပ်တည်လျက်ရှိပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိခိုက်ပျက်ပြားစေသည့် ပြဿနာတစ်ခုဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး တားဆီးကာကွယ်ရန် လိုအပ်ပါသည်။ လူကုန်ကူးမှု၏ အဓိပ္ပာယ်တွင် ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို. . . သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် အာမခံခြင်းစသည်တို့ကို ပြုလုပ်ခြင်း စသည်တို့ အကျုံးဝင်ပါသည်။

လူကုန်ကူးမှုကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းမဟုတ်သော်လည်း လူကုန်ကူးမှု အသွင်သဏ္ဌာန်ဖြစ်ပွားစေသည့် ဖြစ်စဉ်များရှိပါသည်။ ၎င်းတို့မှာ ပြည်ပသို့ အလုပ်သမားများ ပို့ဆောင်ပေးနေသည့် ပြည်ပအလုပ်အကိုင်အေဂျင်စီတို့၏ လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ ရည်ရွယ်ချက်မရှိသော်လည်း လူကုန်ကူးမှု အသွင်ဖြစ်သဖြင့် အရေးယူခံရမှုများလည်း ရှိခဲ့ပါသည်။ ပြည်ပအလုပ်အကိုင် အေဂျင်စီသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှသတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ကတိခံဝန်ပြုသဖြင့် လိုင်စင်ထုတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ လိုက်နာရမည့် စည်းကမ်းချက်များကို အတိအကျ လိုက်နာရန်လိုပါသည်။ ဖြစ်စဉ်အချို့တွင် မိမိအေဂျင်စီမှ တရားဝင်လမ်းကြောင်းဖြင့် ပြည်ပသို့ ပို့ခဲ့သော်လည်း ပြည်ပအလုပ်ရှင်အချို့၏ မမှန်မကန်ဆောင်ရွက်မှု၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီ၏ မမှန်မကန်ဆောင်ရွက်မှုတို့ကြောင့် လူကုန်ကူးမှုဖြစ်စဉ်သို့ ရောက်ရှိသွားပြီး အရေးယူခံရတတ်ပါသည်။

ကုမ္ပဏီအကြီးတန်း မန်နေဂျင်းဒါရိုက်တာတစ်ဦးက ပြည်ပသို့ အလုပ်သမားများ ပို့ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့၏ မူဝါဒ၊ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်အလုပ်အကိုင်ရှာဖွေရေးရုံး ၇၇ ရုံးကို အခြေခံ၍ အလုပ်သမားများစွာ စေလွှတ်ရန် မူဝါဒချမှတ်ထားသဖြင့် မိမိတို့ကိုယ်စားလှယ်များက Labour Exchange Office အလုပ်အကိုင် ရှာဖွေရေးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ ကုမ္ပဏီက လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုစနစ်ကို အကောင်အထည်ဖော်နေသဖြင့် ကိုယ်စားလှယ်များ လိုက်နာပူးပေါင်းဆောင်ရွက်ကြမှသာ လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသို့စေလွှတ်မည့် လုပ်သားများကို ပြည်ပမထွက်ခွာမီ အကြိုသင်တန်းတက်ရောက်စေပြီးမှ စေလွှတ်ကြောင်း၊ ပြည်ပတွင် လုပ်ငန်းအတွေ့အကြုံများရရှိပြီး မိမိနိုင်ငံအတွက် ကျွမ်းကျင်မှုများရရှိလာအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ကောလင်း၌ ရေကြီးပြီးနောက် ကျေးရွာခုနစ်ရွာတွင် ရေအနည်းငယ်သာကျန်ရှိ



**ကောလင်း အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ အောက်တိုဘာ ၈ ရက်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၁၁ ရက်နံနက် ၁၁ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်အဖွဲ့သည် ကောလင်းမြို့သို့ရောက်ရှိပြီး ရေကြီးရေလျှံမှုကို ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေလွှမ်းခဲ့သော ရေတွင်းရေကန်များ ရေစုပ်ထုတ်နေမှုနှင့် တံဖူးကျေးရွာအနီးရှိ စပါးစိုက်ကွင်းများ ရေလွှမ်းခဲ့မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ ကောလင်းမြို့နယ်၌ အောက်တိုဘာ ၉ ရက်က တောင်သူ ၅၂၆၉ ဦး၏စပါးစိုက်ဧက ၁၇၂၈၄ ဧကရေလွှမ်းခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် စပါးစိုက်ကွင်းရေပြန်ပေါ်ဧက ၈၈၇၁ ဧက ရှိသည်။ ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာ အုပ်စု ၁၈ အုပ်စု ကျေးရွာပေါင်း ၅၀ ရေဝင်ရောက်ခဲ့ပြီး ယခုအခါ ကျေးရွာခုနစ်ရွာတွင် ရေအနည်းငယ်သာကျန်ရှိလျက်ရှိသည်။ ရေကြီးရေလျှံခဲ့သော ရေတွင်းရေကန်များအား ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ခြင်းနှင့် ရေသန့်ဆေးပြားများခတ်ခြင်းကို ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မိုးကြီးနိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ရွာရန် ရာနှုန်းအနေဖြင့် ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှု ၄၅ရာခိုင်နှုန်းပြီးစီး

**မုံရွာ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ ဥရုမြစ်နှင့်ချောင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ၄၀ ကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းနိုင်ဝင်းထံမှ သိရသည်။

"တိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ ပူးပေါင်းပြီး ကမ်းပြိုကာကွယ်ရေးနဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ၄၀ ကို ကျပ် ၁ ဒသမ ၆ ဘီလီယံအကုန်အကျခံ ဆောင်ရွက်နေတာ အခုဆိုရင် ၄၅ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ မြစ်တွေ ရေလမ်းကြောင်းကောင်းပြီး မြို့ဆိပ်ကမ်းတွေ မပြောင်းရဘဲ ၁၂ ရာသီ အသုံးပြုနိုင်အောင် မြို့နဲ့ ကျေးရွာတွေ ရေတိုက်စားကမ်းပြိုတာ ကာကွယ်နိုင်အောင်ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။

ထို့အပြင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မုံရွာရေလမ်း၊ ကနီရေလမ်း၊ မင်းကင်းရေလမ်းနှင့် အရေးပေါ်အဖြစ် မော်လိုက်ရေလမ်း၊ ဆိပ်ကမ်းနေရာ လေးနေရာကို ကျပ် ၂၁၆ သန်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသလို မြို့များအလိုက် စိုးရိမ်ရေအမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြစ်ရေကိုသောက်သုံးရေအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေအဖြစ်ဖြင့်လည်းကောင်း၊ ၁၂ ရာသီအသုံးချနိုင်ရန် ညှိနှိုင်းဆောင်ရွက်နေသလို နယ်စပ်မြစ်များတွင် မိမိပိုင်မြေမဆုံးရှုံးစေရေးကိုလည်း တားဆီးကာကွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြစ်ချောင်းတွေ ရေအနက်မြင့်မားလာစေဖို့နဲ့ ရေယာဉ်တွေ ဝန်တင်အလေးချိန် တိုးတက်တင်ဆောင်နိုင်စေဖို့အတွက် ဆောင်ရွက်နေသလို ရေထုညစ်ညမ်းတာတွေ မပေါ်ပေါက်အောင် စည်းကမ်းတွေ သတ်မှတ် ကွပ်ကဲဆောင်ရွက်နေပါတယ်။ ဒါ့အပြင် စီမံကိန်းဝင် မြစ်ကူးတံတားကြီးတွေ ရေရှည်တည်တံ့ဖို့အတွက် စစ်ဆေးဆောင်ရွက်ပြီး တင်ပြပေးနေပါတယ်"ဟု တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မဲဇာတောင်ကျ ချောင်းရေစီးဆင်းမှုကြောင့် စပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်မှုဖြစ်ပွား

**ကသာ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အလည်တောနယ်မြေ ရဲကင်းစခန်းအပိုင်၌ အောက်တိုဘာ ၁၁ ရက် နံနက်၉ နာရီ ၄၀ မိနစ်ခန့်က မဲဇာတောင်ကျချောင်းရေစီးဆင်းမှုကြောင့် လေသာကွင်းလေးကွင်း တောင်သူ ၂၃၅ ဦးပိုင် ဧက ၅၁၀၊ ဇီးသောင်ကျေးရွာ ကွင်းခြောက်ကွင်း တောင်သူ ၂၂၀ ဦးပိုင် ဧက ၅၂၀၊ ကန်ပေါက်ကျေးရွာတွင် ကွင်းနှစ်ကွင်း တောင်သူ ၁၁၁၊ ဦးပိုင် ဧက ၅၆၀၊ ကွင်းကြီးကျေးရွာတွင် ကွင်းခြောက်ကွင်း တောင်သူ ၄၄၀၊ ဦးပိုင် ၁၈၉၁ ဧကရှိ စပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေနစ်မြုပ်သည့်ကျေးရွာများသို့ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ဟိန်းဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် အလည်တောနယ်မြေ ရဲကင်းမှူး ရဲအုပ်နေလင်းအောင်ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့်ပူးပေါင်းအဖွဲ့သည် မဲဇာချောင်းတစ်လျှောက်ရှိ ဇီးသောင်ကျေးရွာ၊ ပေါက်ပင်ကွေ့ကျေးရွာ၊ ရေပေါက်ကြီးကျေးရွာ၊ လင်းပိုင်တင်ကျေးရွာများသို့ လိုက်လံကြည့်ရှုပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ဦးရဲ(ကသာ)**

# ကလေးဒေသတွင် မိုးရေချိန်လေးလက်မနီးပါး ရွာသွန်းခဲ့သော်လည်း မြစ်သာမြစ်ရေ စိုးရိမ်ဖွယ်ရာမရှိ

**ကလေး အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးဒေသတွင် အောက်တိုဘာ ၈ ရက်နှင့် ၉ရက်များက မိုးရေချိန်လေးလက်မနီးပါး ရွာသွန်းမှုကြောင့် လမ်းများနှင့်တံတားအချို့ ချဉ်းကပ်လမ်းများ ရေတိုက်စားခြင်း၊ မြစ်ကမ်းနံဘေး၊ ချောင်းကမ်းနံဘေးရှိ နေအိမ်အချို့ ပြောင်းရွှေ့ခဲ့ရသော်လည်း လူနှင့် တိရစ္ဆာန်များ အသက်အန္တရာယ် ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန တာဝန်ရှိသူများ၏ အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၀၈၃ စင်တီမီတာသို့ ရောက်ရှိခဲ့သော်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။ သို့ဖြစ်ရာ သဘာဝ ဘေးအန္တရာယ်များကျရောက်ခဲ့ပါက အချိန်မီကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေကင်းများချထား၍ စောင့်ကြည့်ခြင်း၊ အသက်ကယ်စက်လှေများဖြင့် အသင့်ကြိုတင်ဆောင်ရွက်ထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အရေးပေါ် ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်း ဟားခါး၌ ဖွင့်

**ဟားခါး အောက်တိုဘာ ၁၁**

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များ၌ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကယ်ဆယ်စောင့်ရှောက်နိုင်ရေးရည်ရွယ်လျက် ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် Myanmar Rescue တို့ ပူးပေါင်းဖွင့်လှစ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့မှ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် လူမှုထူးချွန် တတိယဆုရှင်ဦးလှထွန်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဝေဠုကျော်တို့က သင်တန်းလာရောက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြကာ ပြည်နယ်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် အသက်ကယ်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ကြရာ ပြည်နယ်မီးသတ်ဦးစီးမှူးက လက်ခံရယူပြီး သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ခြောက်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ဒါးကမြစ်ရေပြန်ကျဆင်းပြီးနောက် ခရီးသည်တင်စက်လှေများ ကျောင်းကုန်း၌ စည်ကား



**ကျောင်းကုန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ်၌ ဒါးကမြစ်ရေပြန်လည်ကျဆင်းပြီဖြစ်၍ ယာယီပိတ်ထားသော စာသင်ကျောင်းများအားလုံးပြန်လည်ဖွင့်ပြီဖြစ်သည်။ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဈေးဝယ်လာကြသော ခရီးသည်တင်စက်လှေများသည် ကျောင်းကုန်းဆိပ်ကမ်း၌ စည်ကားစွာ ဆိုက်ကပ်လျက်ရှိသည်။ ကျေးရွာများမှ ဈေးဝယ်လာကြပြီး နံနက် ၉ နာရီခွဲတွင် မိမိတို့ကျေးရွာများသို့ ပြန်လည်ထွက်ခွာသွားကြ၍ ဒေသခံများ အဆင်ပြေချောမွေ့လျက်ရှိသည်။

ကျောင်းကုန်းမြို့ မြို့မဈေးကြီး၌အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များထဲမှ ကြက်သွန်နီဈေးသည် တစ်ပိဿာငွေကျပ် ၁၂၀၀ မှ ၂၅၀၀ အထိခေါက်ချိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံအထက်ပိုင်း ရေကြီးနစ်မြုပ်မှုကြောင့် ကြက်သွန်နီဈေး အဆမတန်တက်လာရသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရေဖြူချောင်းယာယီတံတား အမြန်တည်ဆောက်ပြီးစီးရေး ကွင်းဆင်းဆောင်ရွက်

**ပေါက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေဖြူရွာအနီး ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါကားလမ်း မိုင်တိုင် (၆၅/၁) နှင့် (၆၅/၂) ကြားရှိ ရေဖြူချောင်းယာယီဘေလီတံတားတည်ဆောက်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူးဦးကိုကိုလွင်နှင့်အဖွဲ့က အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ရာ ဒေသခံခရီးသွားပြည်သူများ သွားလာမှုမပြတ်တောက်စေရေး၊ ရာသီမရွေး ယာဉ်ကြီးယာဉ်ငယ်သွားလာနိုင်ရေးနှင့် ယာယီတံတားအမြန်တည် ဆောက်ပြီးစီးနိုင်ရေးတို့ကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါရေဖြူရေကျော်တံတားသည် အောက်တိုဘာလဆန်းရက်ကမိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများအရှိန်ဖြင့် စီးဆင်းမှုကြောင့်ပျက်စီးခဲ့ရာယခုအခါ ပေါက်မြို့နယ် လမ်းဦးစီးဌာနက (ယာယီ)လမ်းလွှဲဖောက်လုပ်ထားရှိပြီး (၆၀×၁၂) ပေရှိ တစ်လွှာတစ်ထပ်သံပေါင် ဘေလီတံတားကို စက်ယန္တရားကြီးများဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**



# ရေနံချောင်းမြို့နယ် မိန်းမလှကျွန်းကျေးရွာ ရွာလုံးကျွတ်ပြောင်းရွှေ့ရမည့်အခြေအနေမရှိ

**ရေနံချောင်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မိန်းမလှကျွန်းကျေးရွာတွင် ဇူလိုင်နှင့် ဩဂုတ်လပိုင်းက ဧရာဝတီမြစ်ရေမြင့်တက်ကာ ကျေးရွာအတွင်း ရေဝင်ရောက်မှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျေးရွာရှိ အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း၊ အလှူရှင်များက အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်အိတ်ခန့်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် အခြားစားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ယင်းကျေးရွာတွင် မြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းပါးနီးစပ်သော နေအိမ် ၅၇ လုံးနှင့် စာသင်ကျောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင် ပြောင်းရွှေ့ဆောက်လုပ်ပေးခဲ့သဖြင့် အန္တရာယ်ကင်းရှင်းစွာ နေထိုင်လျက်ရှိပြီး ကျောင်းသားကျောင်းသူများလည်း အန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားလျက်ရှိသည်။

အဆိုပါကျေးရွာသည် ဧရာဝတီမြစ်အတွင်းရှိ မြေနုကျွန်းပေါ်တွင် ကိုင်းသီးနှံများစိုက်ပျိုးပြီး လူနေအိမ်များပါဆောက်လုပ်နေထိုင်သည့် ကျေးရွာတစ်ရွာဖြစ်၍ ရေနံချောင်းမြို့နှင့် ဆက်စပ်နေသည့်နေရာတွင် ပြောင်းရွှေ့နေထိုင်ရန် တာဝန်ရှိသူများကပြောကြားသော်လည်း ၎င်းတို့သည် မိမိတို့စီးပွားရေးအတွက် အဆိုပါကျွန်းတွင် စိုက်ပျိုးရသဖြင့် ပြောင်းရွှေ့နေထိုင်ရန်အခက်အခဲရှိကြောင်းနှင့် ယခုလိုရေဝင်ရောက်သည်မှာလည်း ယခုနှစ်မှ မဟုတ်ဘဲ ဧရာဝတီမြစ်ရေမြင့်တက်သည့် နှစ်တိုင်းရေဝင်ရောက်လေ့ရှိပြီး ရေဝင်ရောက်ပါက ရေလွတ်ရာသို့ ကျွဲ၊ နွားတိရစ္ဆာန်များကိုသာ ပြောင်းရွှေ့ထားပြီး လူများမှာ ကျေးရွာတွင်းရေလွတ်သည့် နေရာတွင်သာ နေထိုင်ကြကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ရှင်ဗွေယန် ကျန်းမာရေးဆောင်ရွက်မှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ရှင်ဗွေယန် အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့၌ တနိုင်းမြို့နယ် ဆရာဝန်ကြီးဒေါက်တာ ကျော်ထွန်းဦးခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် မြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာကျော်မျိုးထွန်းနှင့် သူနာပြုဆရာ ဆရာမများသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လက်လှမ်းမီစွာဆေးကုသမှုခံယူနိုင်ရေးရည်ရွယ်၍ အောက်တိုဘာ ၈ ရက်က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ သက်ကြီးဘိုးဘွား ရှစ်ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီး ၅၁ ဦးနှင့် အထွေထွေရောဂါဝေဒနာရှင် ၇၅ ဦးတို့အား စစ်ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလားတူ အောက်တိုဘာ ၆ ရက်၊ ၇ ရက်တို့တွင်လည်း တဂုံနှင့် ခလုံးကျေးရွာရှိ ကျေးလက်နေပြည်သူများကိုလည်း အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းစစ်ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ကလော အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်မူးခိုဖောနှင့် ဝန်ထမ်းများ၊ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများအဖွဲ့သည် ကလောမြို့နယ်အတွင်းရှိ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများဖြစ်သော မြင်းက၊ ကြေးကုန်း၊ နန်းအွန်ရွာမ၊ လမိုင်းရွာမ၊ ဒွန်းရွာမကျေးရွာ ငါးရွာတို့တွင် စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသာလုပ်ငန်းများကို အောက်တိုဘာ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် စီမံကိန်းနှင့်ပတ်သက်သော စာရင်းဇယားများအားစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မြေပြင်တွင်လက်တွေ့ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**❊ ရှေ့ဖုံးမှ**

တည်ရှိပြီး ၁၉၆၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော အလျား ပေ ၅၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၈ ပေခန့်ရှိသော အာစီကွန်ကရစ် ဟန်းချောင်းတံတားတစ်စင်းဖြစ်ပြီး အောက်တိုဘာ ၃ ရက်က ချောင်းရေတိုက်စားမှုကြောင့် တံတားရေလယ်တိုင်မျောပါပြီး ကွန်ကရစ်ကြမ်းခင်းအရှည် ၃၇ ပေ ကျိုးကျခဲ့မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မှုမရှိစေရေးအတွက် အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရန် ယာယီဘေလီတံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **သန်းနိုင်ဦး(ငဖဲ)**

# ဥရုမြစ်နှင့်ချင်းတွင်းမြစ်ဖျားပိုင်းရှိ နန့်စကားချောင်းနှင့် နန့်တောရွာတို့၌ ပြဒါးပါဝင်မှု စိုးရိမ်ရသည့်အဆင့်ရှိနေ

**မုံရွာ အောက်တိုဘာ ၁၁**

မြန်မာနှင့်ထိုင်းနိုင်ငံတို့ပူးပေါင်းပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(SEI) အနေဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလက ချင်းတွင်းမြစ်ရေရှည်တည်တံ့ရေးများကို ချင်းတွင်းမြစ်တစ်လျှောက် ကွင်းဆင်းလေ့လာတိုင်းတာခဲ့ကြရာ ချင်းတွင်းမြစ်သောက်ရေတွင် သတ္တုပါဝင်မှုနှုန်းကင်းစင်ကြောင်း တွေ့ရသော်လည်း ဥရုမြစ်နှင့် ချင်းတွင်းမြစ်နေရာများ မြစ်ဖျားပိုင်းရှိ နန့်စကားချောင်းနှင့် နန့်တောရွာတို့တွင် ပြဒါးပါဝင်မှုမှာ စိုးရိမ်ဖွယ်အဆင့်တွင် ရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့လကချင်းတွင်းမြစ်တစ်လျှောက် ရေအရည်အသွေးစစ်ဆေးတာတွေ ပြုလုပ်ခဲ့ပါတယ်။ နောင်ပိုအောင်မှာရှိတဲ့ အချို့ရေတွင်းတွေမှာ ဗက်တီးရီးယားပိုးတွေနဲ့ညစ်ညမ်းနိုင်တာကိုတွေ့ရသလို သတ္တုတူးဖော်မှုကြောင့် ရေညစ်ညမ်းခြင်းနဲ့ နောက်ကျိတာဖြစ်လို့ ရေအရည်အသွေးကို ကျဆင်းစေတာဖြစ်ပါတယ်။ အလွယ်သယ်ဆောင်နိုင်သော စမ်းသပ်ကိရိယာများနဲ့ မျက်မြင်မြစ်ရေအရောင်တွေကို လေ့လာရင် သတ္တု ပါဝင်ညစ်ညမ်းမှုကို လေ့လာတာဟာအကန့်အသတ်တွေရှိပါတယ်" ဟု SEI မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပုံမှန်ရေအရည်အသွေး စောင့်ကြည့်လေ့လာခြင်းသည် ချင်းတွင်းမြစ်ဝှမ်းအတွက် အရေးကြီးနေပြီဖြစ်ရာ စောင့်ကြည့်လေ့လာခြင်းကို အနည်းဆုံးတစ်နှစ်လျှင်နှစ်ကြိမ်မှ လေးကြိမ်ဆောင်ရွက်ရန်လိုသလို ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း မဟာဗျူဟာသည် လမ်းညွှန်ချက်ပေးရန် လိုအပ်သောစီမံချက်နှင့် ရေအရည်အသွေးတိုင်းတာခြင်းအတွက် ဦးစားပေးဖြစ်ကြောင်း သိရသည်။ ရေနမူနာများခွဲခြမ်းသို့ ပို့ဆောင်ရာတွင် သင့်လျော်သော နည်းစနစ်နှင့် ကိရိယာများလိုအပ်သလို ဝေးလံသောနေရာများမှ ပို့ဆောင်လာခြင်းများကို အလေးထားလုပ်ဆောင်ဖြေရှင်းကြရမည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ဝှမ်း ရေရှည်တည်တံ့ရန်ဖွဲ့စည်းထားသော ချင်းတွင်းမြစ်ဝှမ်း အဖွဲ့အစည်းသည် ချင်းတွင်းမြစ်ဝှမ်းနှင့် သက်ဆိုင်သောအဖွဲ့အစည်းများအတွင်း ရေအရည်အသွေးအတွက် တည်နေရာသတ်မှတ်ကူညီပေးသွားရန် စီစဉ်ထား ပြီး မုံရွာနည်းပညာတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်တို့ပူးပေါင်း၍ ဇီဝဆိုင်ရာအညွှန်း(မျိုးစိတ်များကွဲပြားမှု)ဆိုင်ရာဖြစ်သည့် ရေအရည်အသွေးအတွက် အညွှန်းကိုအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ SEI ပူးပေါင်းအဖွဲ့အနေဖြင့် ချင်းတွင်းမြစ်ဝှမ်းဒေသမှ လက်ရှိရေအရည်အသွေးကို သိရှိနားလည်ရန်နှင့် ချင်းတွင်းမြစ်တွင် ရေအရည်အသွေးစီမံခန့်ခွဲမှု စောင့်ကြည့်လေ့လာခြင်း မဟာဗျူဟာကို ဖော်ဆောင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြင်းခြံမြို့ရှိ နည်းပညာကောလိပ် အမိုးမျက်နှာကြက်ပြိုကျပျက်စီးမှုအား အမြန်ပြုပြင်ဆောင်ရွက်သွားမည်

**မြင်းခြံ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှစတင်၍ လေပြင်းများတိုက်ခတ်ခဲ့ရာ ညပိုင်းက အစိုးရနည်းပညာကောလိပ်(မြင်းခြံ) ပင်မကျောင်းဆောင် တတိယထပ်ရှိ ပေ(၃၀×၄၀) ကွန်ပျူတာခန်း၏ အမိုးမျက်နှာကြက်များ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ မျက်နှာကြက်ပြိုကျမှုကြောင့် အခန်းအတွင်း၌ အသုံးပြုလျက်ရှိသော ကွန်ပျူတာ ၂၀ လုံး၏ LCD မော်နီတာ ၂၀ လုံးနှင့် ကွန်ပျူတာစားပွဲတစ်လုံးတို့ ပျက်စီးခဲ့သဖြင့် တာဝန်ယူဆောက်လုပ်ခဲ့သည့် သံလွင်မဟာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများထံ အောက်တိုဘာ ၁၀ ရက်က ဆက်သွယ်အကြောင်းကြားခဲ့သည်။

သံလွင်မဟာကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ပျက်စီးဆုံးရှုံးမှုများကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် မြင်းခြံခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများကလည်း အဆိုပါပင်မကျောင်းဆောင် တတိယထပ်နှင့် ကွန်ပျူတာခန်း မျက်နှာကြက် ပြိုကျပျက်စီးမှုများအား ယနေ့မွန်းလွဲ ၂ နာရီခန့်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အဆိုပါပျက်စီးမှုများသည် အောက်တိုဘာ ၉ ရက် ညပိုင်းက တိုက်ခတ်ခဲ့သည့် လေပြင်းအရှိန်ကြောင့် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါကျောင်းဆောင်ကို ၂၀၀၃ ခုနှစ်က ဧဒင်ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများလန်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် သံလွင်မဟာကုမ္ပဏီက အမိုးနှင့်မျက်နှာကြက်များကို ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





ထိုကဲ့သို့ ပျက်စီးမှုများအပေါ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သံလွင်မဟာကုမ္ပဏီမှ အမြန်ပြန်လည်ပြုပြင်ရန် အောက်တိုဘာ ၁၂ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားအခန်းမျက်နှာကြက်များကိုလည်းစစ်ဆေး၍ လိုအပ်သလို ပြုပြင်ပေးသွားမည်ဖြစ်ကာ ပျက်စီးဆုံးရှုံးခဲ့သည့် ကွန်ပျူတာ ၂၀ လုံးနှင့် စားပွဲတစ်လုံးတို့ကိုလည်း လျှော်ဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးတွင် မျက်စိကုသပေးရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ကျွန်းလှ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဒုတိယအကြိမ် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီတဂူစက္ခုဒါနဆေးရုံကြီးနှင့် ခုတင် ၁၀၀ လူနာဆောင်အသစ်အား ပိုးသတ်ဆေးဖျန်းခြင်း၊ ခုတင်များတပ်ဆင်ပြီး ဆေးရုံဝင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မဏ္ဍပ်များဆောက်လုပ်ခြင်း၊ အခြားပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ကြပြီး ဆေးပဒေသာပင်အတွက် ဖျော်ဖြေရေးတို့ဖြင့် လှည့်လည်အလှူခံကြကြောင်း သိရသည်။

အဆိုပါ ကြိုတင်ပြင်ဆင်မှုတို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ညွှန်ကြားမှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဆေးရုံ ကော်မတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝိသာခါအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# တာမွေမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းစဉ်များ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၁**

တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ မဲရုံမှူးနှင့် ဒုမဲရုံမှူးလုပ်ငန်းစဉ်များ အသိပညာပေး သင်တန်းကို အောက်တိုဘာ ၁၁ ရက်က တာမွေ အထက(၁)ပင်လုံခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းက မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ ၌ မဲရုံပေါင်း ၁၂၁ ရုံတွင် မဲဆန္ဒရှင်များမဲထည့်သည့်အခါ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ဖြစ်သည့် ဒေါက်တာအောင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်၊ ဦးခင်မောင်အေးနှင့် ဦးအောင်စန်းမြင့်တို့က မဲရုံမှူး၊ ဒုမဲရုံမှူးများတာဝန်၊ မဲရုံအဖွဲ့ဝင်များတာဝန်၊ မဲရုံသုံးပုံစံများ၊ ခိုင်လုံမဲနှင့် ပယ်မဲများသိကောင်းစရာများ အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး လက်တွေ့ပြသခြင်းများ၊ မဲရုံလုပ်ငန်းစဉ် အစအဆုံး လုပ်ဆောင်ချက်များကို နားလည်သဘောပေါက်စေရန် ဗီဒီယိုအခွေပြသပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ မဲရုံမှူးနှင့် ဒုမဲရုံမှူးတို့က သိလိုသည့် မေးမြန်းချက်များကို နည်းပြများက ပြန်လည်ဖြေကြားကြသည်။ အဆိုပါသင်တန်းကို နှစ်ရက်ခြားဖွင့်လှစ်ပြီး မဲရုံမှူးနှင့် ဒုမဲရုံမှူး ဆောင်ရွက်မည့် သင်တန်းသား သင်တန်းသူ ၂၄၄ ဦး တက်ရောက်ကြောင်း သိရသည်။

**လှလှ**

# ရန်ကုန်- မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်မှန်လုံယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကွန်ကရစ်တုံးများကိုတိုက်

**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်တုံးကို ဝင်တိုက်ပြီးနောက် လမ်းလယ်ကျွန်းအားခွရပ်သော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် နံနက် ၅ နာရီခွဲက ဖြူးမြို့နယ် ဖြူးအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၁၉/၇)၌ ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်းဇော်ဦး (၅၅ နှစ်) ဗဟန်းမြို့နယ်နေသူမောင်းနှင်သော ယာဉ်အမှတ် 3F/----အနက်ရောင် ခရီးသည်တင်မှန်လုံယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်တုံးကို တိုက်ပြီးနောက် လမ်းလယ်ကျွန်းတွင် ခွ၍ ရပ်တန့်သွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ဖြူးအမြန်လမ်းမကြီး ရဲစခန်းမှူး ရဲအုပ်ဝင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းအပါအဝင် စုစုပေါင်း ၃၉ ဦးတို့မှာ မည်သူမှ ဒဏ်ရာရရှိမှုမရှိခဲ့ပေ။ ယာဉ်မတော်တဆမှုကြောင့် မှန်လုံယာဉ်မှာလည်း ပျက်စီးဆုံးရှုံးမှုမရှိခဲ့ပေ။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ကို ပေါ့လျော့စွာ မောင်းနှင်သူ ယာဉ်မောင်း ဇော်ဦးအား ဖြူးအမြန်လမ်းမကြီး ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျိုက်ထိုဘုတာကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အုတ်တံတိုင်းပြိုလဲ

**မော်လမြိုင် အောက်တိုဘာ ၁၁**

မွန်ပြည်နယ်တွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၉ ရက်က ကျိုက်ထိုဘူတာကြီးတွင် ပလက်ဖောင်းအုတ်တံတိုင်း ပေ ၁၀၀ ခန့် ပြိုလဲသွားပြီး ရထားစီးခရီးသည်များ မည်သူမှထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယင်းဖြစ်ပွားသည့်နေရာသို့ မြန်မာ့မီးရထား အင်ဂျင်နီယာလုပ်သားများက ရှင်းလင်းနေကြောင်းနှင့် မော်လမြိုင်အမှတ်(၈)တိုင်းမီးရထားရုံးမှ မန်နေဂျာ(သွားလာရေး) တိုင်းတာဝန်ခံ စက်မှုအင်ဂျင်နီယာမှူးကြီးနှင့် မြို့ပြအင်ဂျင်နီယာမှူးကြီးတို့က RGC(80) ရထားဖြင့် လာရောက်စစ်ဆေးနေကြောင်း သိရသည်။

**(လ/၀၁၂)**



# နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ဒလနာရီစင်အနီး ဓားကိုင်သောင်းကျန်းနေသူတစ်ဦးအား ဖမ်းဆီးရမိ

**ဒလ အောက်တိုဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်၏ စီမံမှုဖြင့် မြို့မရဲစခန်းနှင့် ပျော်ဘွယ်ကြီး နယ်မြေရဲစခန်းတို့မှ ရဲတပ်ဖွဲ့များသည် မြို့နယ်အတွင်း ပြည်သူများ အေးချမ်းသာယာစွာ နေ့/ညမပြတ် လှည့်ကင်း၊ ရပ်ကင်းများနှင့် ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်လျက်ရှိသည်။

ဒလမြို့မရဲစခန်းမှ ဒုရဲအုပ်မြတ်ခိုင်ဦးသည် ရဲတပ်ကြပ်ကြီးသူရ၊ တပ်ကြပ် ခင်အောင်တို့အဖွဲ့၊ သက်သေ ကိုစောနိုင်တို့အဖွဲ့နှင့်အတူ ညဉ့်နက်နယ်မြေ လှည့်ကင်းဆောင်ရွက်စဉ် အောက်တိုဘာ ၁၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ က ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်း ဒလနာရီစင်ဝိုင်းအနီးတွင် အမျိုးသားတစ်ဦး ဓားကိုင်သောင်းကျန်းနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရသည်။



ထိုသို့ လမ်းပေါ်တွင် ဓားကိုင်ရမ်းကား သောင်းကျန်းနေသူမှာ ကျော်ကျော်ဦး(ခ)ကျော်ဦး(၂၆ နှစ်) ဆိုင်ကယ်ကယ်ရီမောင်း အမှတ်-၅၁၁ မင်းရဲကျော်စွာလမ်း မှော်စက်ရပ်ကွက်နေသူဖြစ်ပြီး အရိုးအသွား ၁၁ လက်မခွဲအရှည်ရှိ ဓားဦးချွန်ဓားမြှောင်တစ်ချောင်းအား ကိုင်ဆောင်ရမ်းကားလျက် ရှိသည်ကို တွေ့ရှိကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ထိုအမှုကို ဒလမြို့မရဲစခန်းက လက်နက်ပုဒ်မဖြင့် အရေးယူဖမ်းဆီး ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါတွင်းစုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်ဆောင် အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ သွေးလှူဒါန်းပွဲကို ၁၉၉၂ ခုနှစ်က စတင်ခဲ့သော်လည်း ကြားကာလတွင် ခေတ္တရပ်နားထားခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပြန်လည်စတင်၍ ယနေ့အထိ ဆက်တိုက်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ သွေးလှူဒါန်းပွဲတွင် သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ စုစုပေါင်း ၃၃၂ ဦးတို့ သွေးလှူဒါန်းခဲ့ကြပြီး ရရှိလာသည့်သွေးများကို စနစ်တကျ စမ်းသပ်စစ်ဆေးကာ အမျိုးသားသွေးဌာနသို့ ပေးပို့သွားမည်ဖြစ်သည်။

လှူဒါန်းပွဲ အခမ်းအနားသို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားသွေးဌာန ပါမောက္ခနှင့် ဝန်ထမ်းများ၊ သွေးလှူဒါန်းမည့် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)ကို ၁၉၄၀ ပြည့်နှစ် မေ ၈ ရက်တွင် မြန်မာမျိုးချစ်ပုဂ္ဂိုလ်ကြီးများက ဇီဝိတဒါနကုသိုလ်ဖြစ် ဆေးခန်းအဖြစ် ဗဟန်းမြို့နယ်ကြားတောရလမ်း ဇရပ်အမှတ် (၇၃)တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်တွင် လက်ရှိနေရာဖြစ်သည့် အမှတ်(၃၈)ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်သို့ ပြောင်းရွှေ့ကာ ဇီဝိတဒါနဆေးရုံအဖြစ်ပါ ဖွင့်လှစ်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံအဖြစ် အမည်ပြောင်းလဲခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည် ပရဟိတ ကုသိုလ်ဖြစ်ဆေးရုံဖြစ်ပြီး အလှူရှင်များ၏ အလှူငွေနှင့် လုပ်အားအပေါ် ရပ်တည်ခဲ့ကာ ၂၀၁၂ ခုနှစ်တွင် သံဃာတော်များအတွက် ဗာရာဏသီခြောက်ထပ်ဆေးကုသဆောင်၊ ၂၀၁၃ ခုနှစ်တွင် သီလရှင်ဆေးရုံတိုးချဲ့ နှစ်ထပ်ဆောင်တို့ကို တိုးချဲ့တည်ဆောက်ခဲ့ရာ ယနေ့ဆေးရုံဝင်းအတွင်း၌ အဆောက်အအုံ ရှစ်ခုရှိပြီး ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် သံဃာတော်အပါး ၁၃၀၊ သီလရှင်အပါး ၅၀ နှင့် ခွဲစိတ်လူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို အတွင်းလူနာအဖြစ် လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - မင်းသစ်**
**ဓာတ်ပုံ - ရဲထွန်း**





# မန္တလေးနန်းမြို့အတွင်းရှိ မင်းတုန်းမင်းအုတ်ဂူ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေး နန်းမြို့အတွင်းရှိ မင်းတုန်းမင်းအုတ်ဂူ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းနှင့် ကျောက်စာရုံထားရှိမှု အခြေအနေများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ လာရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လာရောက်စစ်ဆေးရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းနှင့် ဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးက "ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရန် နှစ်စဉ်ဘတ်ဂျက်ငွေများ ချထားပေးကာ ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ဝန်ထမ်းများကလည်း တာဝန်အရသာမက စေတနာစိတ်ဖြင့် ကြိုးစားထိန်းသိမ်းရမှာဖြစ်ကြောင်း၊ ကျောက်စာများသည် သမိုင်းတန်ဖိုးကြီးမားသည့်အတွက် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လုံခြုံရေးကိုလည်း အဓိကထားဆောင်ရွက်ရမှာဖြစ်သလို အများပြည်သူ အဆင်ပြေစွာလေ့လာကြည့်ရှုနိုင်ရန်ကိုလည်း စီစဉ်ပေးရန်လိုကြောင်း" မှာကြားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြနန်းစံကျော် ရွှေနန်းတော်အတွင်းရှိ အဆောက်အအုံများပြင်ဆင်ခြင်း၊ နန်းမြင့်မျှော်စင်၊ မှန်နန်းဆောင်တို့မှ အမွမ်းပန်းများနှင့် ရေတံလျှောက်များကြွခိုင်ရေးနှင့် နန်းတော်ဆောင်အပြင်ဘက်လျှောက်လမ်း သစ်သားကြမ်းခင်းတစ်လျှောက် ကြံ့ခိုင်ရေးတို့ လုပ်ဆောင်နေသည့်အပြင် မင်းတုန်းမင်းအုတ်ဂူကြမ်းခင်းနှင့် အုတ်ဂူမှ ကွာကျပျက်စီးနေသော မှန်စီရွှေချများကို ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် အထွေထွေပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေး

**မာန်အောင် အောက်တိုဘာ ၁၁**

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာဖွဲ့စည်းမှုများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များကို တာဝန်ရှိသူများကရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**




# သာသနာ့နွယ်ဝင်သီလရှင်များအား သီလရှင်ဝတ်စုံလှူဒါန်းပွဲ ညောင်တုန်း၌ကျင်းပ



**ညောင်တုန်း အောက်တိုဘာ ၁၁**

ညောင်တုန်းမြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များအား သီလရှင်ဝတ်စုံ လှူဒါန်းရေးအဖွဲ့က ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် သီလရှင်ဝတ်စုံ လှူဒါန်းပွဲကို ညောင်တုန်းမြို့ ဗိုလ်ချုပ်လမ်း ရွှေဘုန်းပွင့်တန်ဆောင်းတော်ကြီး၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ညောင်တုန်းမြို့ ထားဝယ်ကျောင်းတိုက်နာယက ဆရာတော် ဦးအဂ္ဂစာရထံ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် လှူဒါန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျက ၂၀၀၃ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ကာ သီလရှင်များအား ဝတ်စုံလှူဒါန်းခြင်းနှင့် ပတ်သက်၍ လှူဒါန်းမှုအစုစု၊ လှူဒါန်းရရှိငွေများနှင့် လှူဒါန်းမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၁၃၇၆ ခုနှစ် အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမလတ်တန်း အောင်မြင်တော်မူကြသော အောင်မင်္ဂလာစာသင်တိုက်မှ မဓဇသိဂီနှင့် အုဋ္ဌတိုက်ကျောင်းတိုက်၊ မေဓာဝံသာသင်္ကာရတိုက်မှ မနန္ဒာသိရီတို့၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဒေါ်မြင့်ကြည်က ဖတ်ကြားပြီး ဒေါ်မြသန်းနှင့် ဒေါ်မြင့်ကြည်တို့က စာအောင်သီလရှင်များအား ငွေကျပ်ငါးသောင်းစီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မိသားစုများနှင့် အလှူရှင်များ၊ ဖြစ်မြောက်ရေး အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက သီလရှင် ၁၁၃ ပါးတို့အား သီလရှင်ဝတ်စုံနှစ်စုံစီနှင့် သင်ဖြူးဖျာတစ်ချပ်စီ ဆက်ကပ်လှူဒါန်းကြသည်။

ယခုနှစ် လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၂၆ သိန်းကျော်ရှိကြောင်း သိရသည်။ သီလရှင်ဝတ်စုံလှူဒါန်းပွဲသို့ ကြွရောက်အလှူခံသော သီလရှင်များအား ကျော်ကျော်စတိုး မိသားစုက လွန်ခဲ့သော ငါးနှစ်မှစတင်၍ နေ့ဆွမ်းများ နှစ်စဉ်ဆက်ကပ်ကာ တစ်ပါးလျှင် အလှူငွေကျပ် တစ်ထောင်စီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ၂၀၁၅ ရွေးကောက်ပွဲ၌ မဲရုံမှူးနှင့်အဖွဲ့ဝင်များကို တာဝန်ပေးအပ်ရာတွင် ၂၀၁၀ ရွေးကောက်ပွဲအတွေ့အကြုံကိုပြန်ယူသင့်

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၁၅ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ သက်ဆိုင်ရာလုပ်ငန်းအားလုံးကိုလည်း အဆင်သင့်ပြင်ဆင်ပြီးလောက်ပြီလည်းဖြစ်သည်။

မဲပေးနိုင်ခွင့်ရှိသူများ၏ အမည်စာရင်းများကို နှစ်ကြိမ်တိုင်တိုင် ကြေညာခဲ့ပြီးဖြစ်သည်။ တစ်မြို့တစ်နယ်မှ လာရောက်၍ ဧည့်စာရင်းဖြင့် ရက်ပေါင်း ၁၈၀ နေထိုင်သူများကိုလည်း မိမိရောက်ရှိရာအရပ်ဒေသတွင် အဆင်ပြေလွယ်ကူချောမွေ့စွာ မဲပေးနိုင်ရေးအတွက် စာရင်းများ တောင်းခံယူထားပြီး ဖြစ်သည်။

ကျင်းပမည့်နေ့တွင် အဓိကဦးဆောင် ဆောင်ရွက်သွားကြမည့်သူများမှာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးအပါအဝင် မဲရုံတာဝန်ကျသူများဖြစ်သည်။ ထိုတာဝန်ကို ကျောင်းများမှ ဆရာ ဆရာမများကို ယုံကြည်စွာ တာဝန်ပေးထားခြင်းဖြစ်သည်။ လိုအပ်ပါကဌာနဆိုင်ရာဝန်ထမ်းများကို တာဝန်ပေးအပ်သွားမည်ဟု ဆိုထားသည်။ ဆရာ ဆရာမ များဟု ဆိုသော်လည်း ဆရာမများသာလျှင် အများဆုံးဖြစ်သည်။

ကျောင်းဆရာ ဆရာမများသည် တိကျသည်။ အများနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းအတွေ့အကြုံများစွာရှိသည်။ ဆုံးဖြတ်ရဲသည့် သတ္တိရှိသည်။ တာဝန်သိမှု၊ တာဝန်ခံမှုအပြည့်ရှိသည်။ လုပ်ငန်းတစ်ခုကို ပြီးဆုံးသည်အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုစွမ်းရည်ရှိသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် နိုင်ငံတော်နှင့် သက်ဆိုင်သော စာရင်းဇယားများကောက်ယူရာ၌ ဆရာ ဆရာမများကို ယုံကြည်စွာအစဉ်သဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ရပ်ကွက်တစ်ခုတွင် မဲစာရင်းလူဦးရေအလိုက် မဲရုံများ သတ်မှတ်ခြင်း ဖြစ်၍ မဲရုံတစ်ရုံမှ သုံးရုံမျှအထိရှိနိုင်သည်ဟု သိရသည်။ မဲရုံတစ်ရုံတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ စသည်ဖြင့် တာဝန်ကျ ဆရာ ဆရာမ ၁၅ ဦးမျှရှိမည်ဟု မြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မဲရုံကို နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ရန် သတ်မှတ်ထားပြီး ညနေ ၄ နာရီတွင် ပိတ်သိမ်း၍ ပါတီကိုယ်စားလှယ်များ၊ ကော်မရှင်များ၊ အများပြည်သူလေ့လာသူများ၊ မီဒီယာများရှေ့မှောက်၌ ထင်သာမြင်သာစွာ ရေတွက်ကြရမည်ဖြစ်သည်။

၂၀၁၀ ရွေးကောက်ပွဲကို ပြန်လည်မြင်ယောင်မိသည်။ မဲရုံကို ညနေ ၄ နာရီတွင် ပိတ်သိမ်းကြသော်လည်း မဲရေတွက်မှုနှင့် စာရင်းကိုက်ညီမှုက ည ၁၀ နာရီ၊ ၁၁ နာရီ၊ ၁၂ နာရီအထိ အချိန်ပေးခဲ့ရသည်။ အချို့ ယင်းအချိန်ထက် ကျော်လွန်ခဲ့ကြသည်ဟုဆိုသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အလှည့်ကျစောင့်၍ အပ်နှံကြရသည်။ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်မှ မဲရုံတာဝန်ကျ ဆရာမတစ်ဦးက "ကျွန်မတို့မြို့နယ်မှာ မဲစာရင်းအပ်ပြီးတဲ့အချိန်က နံနက် ၄ နာရီထိုးနေပြီ"ဟု ပြောသည်။

"မိမိအရပ်နှင့် မိမိဇာတ်အဆင်ပြေသည်"ဆိုသည့်စကားနှယ် မိမိ ရပ်ကွက်/ ကျေးရွာတွင်ရှိသော ကျောင်းဆရာ ဆရာမများကို မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်းသည် အသင့်လျော်ဆုံးနှင့် အဆင်ပြေနိုင်ဆုံးဖြစ်သည်ဟုဆိုကြသည်။ လိုအပ်ပါက ရပ်ကွက်အတွင်းမှ ဌာနဆိုင်ရာဝန်ထမ်းများကို တွဲဖက်တာဝန်ပေးသင့်သည်။

နံနက် ၆ နာရီတွင် မဲရုံစတင်ဖွင့်လှစ်ရမည်ဖြစ်ရာ နံနက် ၅ နာရီထက် နောက်မကျဘဲ မဲရုံသို့ လာရောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းအချိန်ထက် မိမိအိမ်မှ စော၍ ထွက်ကြရမည်သာဖြစ်သည်။ မဲရုံပိတ်သိမ်းမှု၊ ရေတွက်မှု၊ စာရင်းကိုက်ညီမှု၊ မြို့နယ်သို့ အပ်နှံမှုသည် ပြီးခဲ့သော ၂၀၁၀ ကထက် စောနိုင်ရန် မမျှော်လင့်ရဲကြပေ။ ထို့ကြောင့် အမျိုးသမီးဆရာမများအနေဖြင့် မြို့နယ်ကျော်၊ ရပ်ကွက်ကျော် တာဝန်ကျမှာ အလွန်စိုးရိမ်ပူပန်မှုများရှိနေသည်ကို ကြားသိနေရသည်။

အလုံမြို့နယ်မှ ဆရာမတစ်ဦးက "ကျွန်မက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်မှာနေတာ။ ပြီးခဲ့တဲ့အကြိမ်ရွေးကောက်ပွဲတုန်းကလည်း ရပ်ကွက်မှာပဲ တာဝန်ကျတယ်။ အခုလည်း ကော်မရှင်နဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က အစည်းအဝေးခေါ်ပြီး ကျွန်မတို့ဆရာမတွေရဲ့ သဘောထားကိုမေးမြန်းပြီး မြို့နယ်ကိုတင်ထားတယ်လို့ သိရပါတယ်။ ပြန်မကျလာသေးဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် အလုံမြို့နယ်ကဆရာမမို့ အလုံကျောင်းမှာပဲ တာဝန် ပေးမယ်ဆိုတဲ့သတင်းတွေကလည်း ထွက်နေပါတယ်။ အမှန်ကတော့ ကိုယ်နေတဲ့ရပ်ကွက်မှာ ပြန်တာဝန်ကျရင်အကောင်းဆုံးပဲ၊ ဘယ်လောက် စောစောလာရလာရ ညဥ့်နက်သန်းခေါင်ကျော်မှ ပြန်ရပြန်ရ အဆင်ပြေတယ်။ နောက်ဆုံးမှာ မဲပေးသူက ကိုယ့်ရပ်ကွက်က ဟုတ် မဟုတ်ဆိုတာကအစ သေချာပေါက်သိတဲ့အတွက် အမှားအယွင်းရှိရင်တောင် အဆင်ပြေအောင် ဆောင်ရွက်ပေးသွားလို့ရတယ်"ဟု ပြောသည်။

လိုင်းကားဖြင့်သွားစဉ် "ကျွန်မက အလုံမှာနေတာ၊ ကျောင်းက ကမာရွတ်မှာ၊ ကမာရွတ်မြို့နယ်ထဲမှာ တာဝန်ကျရင်တော့ သွားရေးလာရေး အဆင်မပြေနိုင်တဲ့အတွက် တာဝန်ထမ်းဆောင်တဲ့သူတွေကို နီးစပ်ရာမြို့နယ်အလိုက် တာဝန်ပေးရင် ပိုပြီးအဆင်ပြေနိုင်ပါတယ်"ဟု ဆိုသည့် ကားပေါ်မှ ဆရာမအချင်းချင်း ပြောဆိုသံကို နားစွင့်ခဲ့မိသည်။ ဤသို့ စကားသံများကို ယခုရက်ပိုင်းအတွင်း ကျောင်းတော်တော်များများမှ ဆရာမများထံက ကြားခဲ့ရသည်။

သို့ဖြစ်ရာ ၂၀၁၅ ရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်ရေးအတွက် ဆရာ ဆရာမများအား မဲရုံမှူး၊ ဒုတိယမဲရုံမှူး များအပါအဝင် မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ရာ၌ ပြီးခဲ့သော ၂၀၁၀ ရွေးကောက်ပွဲမှ အတွေ့အကြုံများကိုရယူ၍ သက်ဆိုင်ရာကော်မရှင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပညာရေးမှူးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ရွေးကောက်ပွဲနှင့် တရားဥပဒေစိုးမိုးရေး ဝိုင်းဝန်းဆွေးနွေးပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၁၁**

နိုင်ငံရေးပါတီ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများရွေးကောက်ပွဲအောင်မြင်ရေးကို တာဝန်ယူထားကြသည့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ထုတ်ပြန်ထားသော နည်းဥပဒေအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦးက အောက်တိုဘာ ၁၀ ရက်တွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ကျင်းပသော ၂၀၁၅ ရွေးကောက်ပွဲနှင့် တရားဥပဒေစိုးမိုးရေး EOB DEBATE ၌ ပြောကြားသည်။

၂၀၁၅ ရွေးကောက်ပွဲနှင့် တရားဥပဒေစိုးမိုးရေး EOB DEBATE ၌ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦး၊ မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်မှ မြန်မာနိုင်ငံ လွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးနှင့် လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေး အဖွဲ့မှ ဦးဆည်းဆာညီညီတို့က ရွေးကောက်ပွဲ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်နှင့် တရားဥပဒေစိုးမိုးမှု လက်ရှိအခြေအနေတို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ပညာရှင်သုံးဦး ဆွေးနွေးခြင်းနှင့်အတူ တက်ရောက်လာသော နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသားများ ကွန်ရက်မှ ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားသူများ တက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီတွေအားလုံး ကိုယ့်ရပ်တည်ချက်မှန်ကန်ဖို့ကို အားလုံးနဲ့ အတူ ကျွန်တော်လိုလားပါတယ်။ ရှေ့နေများကွန်ရက်ကို ဖွဲ့စည်းထားတာဟာ ဖြစ်ပေါ်လာတဲ့ ပြဿနာဖြစ်ရပ်မှန်ကို နိုင်ငံတကာကသိဖို့၊ တရားနည်းလမ်းကျကျ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ပြဖို့အတွက်ပါ"ဟု ဦးသိန်းသန်းဦးက ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်တိုင်းဒေသကြီးမီးလင်းရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်မည့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများအတွက် လိုအပ်သော ထရန်စဖော်မာအပါအဝင် (၁၁)ကေဗွီ၊ (၄၀၀) ဗို့ဓာတ်အားလိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂၃-၁၀-၂၀၁၅ ရက် ၁၅:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီရုံး အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဓာတ်အားဖြန့်ဖြူးရေးဌာန၊ အလုံမြို့နယ်၊ ဖုန်း-၀၁-၂၂၇၆၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးမီးလင်းရေးကော်မတီ**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ
ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 12 Oct
7:30 - 9 (Mon ~ Thurs) 19 Oct
1 - 2:30 (Mon ~ Thurs) 26 Oct
1 - 4:00 (Sat + Sun) 31 Oct
6 - 7:30 (Mon ~ Thurs) 3 Nov

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 12,26 Oct
10-11:30 (Mon ~ Thurs) 19 Oct
1 - 2:30 (Mon ~ Thurs) 19 Oct
1 - 4:00 (Sat + Sun) 24 Oct
7:30-10:30 (Sat + Sun) 1 Nov
6 - 7:30 (Mon ~ Thurs) 2 Nov

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 12 Oct
1 - 4:00 (Sat + Sun) 7 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
9 - 12:00 (Sat + Sun) 17 Oct
3:30 - 5 (Mon ~ Thurs) 2 Nov
10-11:30 (Mon ~ Thurs) 9 Nov
1 - 2:30 (Mon ~ Thurs) 16 Nov

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 19 Oct
9 - 12:00 (Sat + Sun) 24 Oct
1 - 4:00 (Sat + Sun) 7 Nov

VOCAB ENRICHMENT
10-11:30 (Mon ~ Thurs) 19 Oct
1 - 4:00 (Sat + Sun) 14 Nov

BASIC WRITING
10 - 11:30 (Mon ~ Thurs) 26 Oct

INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 19 Oct

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 10 Nov
12 - 3:00 (Sat + Sun) 15 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 24 Oct
4:30 - 7:30 (Sat + Sun) 24 Oct
10-11:30 (Mon ~ Thurs) 2 Nov
6 - 7:30 (Mon ~ Thurs) 16 Nov

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 7 Nov

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 2 Nov
10-11:30 (Mon ~ Thurs) 2 Nov
6 - 7:30 (Mon ~ Thurs) 3 Nov
12 - 3:00 (Sat + Sun) 8 Nov

BASIC GRAMMAR
7:30-10:30 (Sat + Sun) 14 Nov

IELTS (Preparation)
12:30-3:30 (Sat + Sun) 24 Oct

IELTS (Preparation)
1 - 4:30 (Sat + Sun) 10 Oct
1 - 3:30 (Mon ~ Thurs) 16 Nov

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 19 Oct
7:30-10:30 (Sat + Sun) 31 Oct

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 2 Nov

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 19 Oct

IELTS (Grammar)
10-11:30 (Mon ~ Thurs) 16 Nov

# ကုန်အပြည့်နှင့် ဈေးဝယ်လိုက်သူများ တင်ဆောင်လာသည့်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ရုတ်တရက်တိမ်းမှောက်၍ အမျိုးသမီးနှစ်ဦးသေဆုံး



တပ်ကုန်း အောက်တိုဘာ ၁၁

**နေပြည်တော်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အနောက်ဘက် မိုင် ၂၀ ခန့်အကွာ တပ်ကုန်းမှ ကြီးအင်း-သာယာအေး-လွတ်ဘုံသို့သွားသည့် မြေသားလမ်းပေါ်၌ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခွဲက ရုတ်တရက်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးနှစ်ဦးသေဆုံးပြီး လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ယာဉ်မောင်းအောင်စိုး (၄၇ နှစ်)နယ်မြေ ၁၀ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်နေသူ မောင်းနှင်သည့် ထ/. . . . . ဟီးနိုးခြောက်ဘီးယာဉ်သည် ဈေးဝယ်လိုက်ကြသည့် ခရီးသည်များနှင့် ဈေးကုန်များကို တင်ဆောင်ပြီး တပ်ကုန်းမြို့မှသာယာအေးရွာသို့အပြန် ကြီးအင်းကျေးရွာအနီး ကိုးကွေ့လမ်းကုန်းအဆင်း၌ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲတပ်ဖွဲ့၏ ပြောပြချက်အရ အဆိုပါယာဉ်သည် ခရီးသည်များနှင့် ကုန်စည်များကို အဆမတန်တင်ဆောင်မောင်းနှင်ရာမှ ရုတ်တရက် ကားဂီယာချွတ်ယွင်းပြီး ထိုသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်ပေါ် လိုက်ပါလာသူများ အနက် ဒေါ်ပုရှိန်(၅၄ နှစ်) သာယာအေးရွာနေသူနှင့် ဒေါ်ပု (၅၅ နှစ်) ရွာသစ်ကျေးရွာနေသူ အမျိုးသမီးနှစ်ဦးတို့မှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ကျန် ၂၁ ဦးမှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း ၎င်းတို့ဆွေမျိုးသားချင်းများထံမှ သိရသည်။

ယာဉ်ပေါ် လိုက်ပါလာသူ အများစုသည် သာယာအေးရွာနှင့် အနီးဝန်းကျင်ရှိ ရွာသစ်၊ လွတ်ဘုံကျေးရွာတို့မှ ရွာသူရွာသားများဖြစ်ကြပြီး ၎င်းတို့၏ ဒေသထွက်ကုန်များကို တပ်ကုန်းမြို့ပေါ်ရှိပွဲရုံများသို့ လိုက်လံရောင်းချရင်း ဈေးဝယ်လိုက်ကြရာမှ ထိုသို့ ကံအကြောင်းမလှသည့် အဖြစ်ဆိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားချိန်တွင် ယာဉ်ပေါ်၌ ခရီးသည် ၃၀ ကျော်လိုက်ပါလာပြီး ဆန်အိတ်နှင့် အခြားကုန်ပစ္စည်းများလည်း ကားနှင့် အပြည့်တင်ဆောင်လာကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောပြချက်အရ သိရသည်။

'ယာဉ်က ကိုးကွေ့လမ်းအဆင်းမှာ ဘရိတ်မမိတော့ဘဲ အမြန်ထိုးဆင်းပြေးသွားတာသိလိုက်တယ်။ အဲလိုဖြစ်တာကိုသိတော့ တချို့က ကားပေါ်က ခုန်ဆင်းသွားတာတွေလည်းရှိတယ်။ ကျွန်မတို့ကတော့ ဆန်အိတ်တွေကလည်းဘေးမှာရှိနေတော့ ရုတ်တရက် ခုန်လို့လည်းမရဘူး။ ယာဉ်မတော်တဆမှုဖြစ်သွားတော့ ဆန်အိတ်တွေ ပိနေတာ ကံကောင်းလို့ ဒဏ်ရာလေးပဲရတာ။ ဘေးနားကစီးတဲ့သူ နှစ်ဦးကတော့ ဆန်အိတ်ပိတာကြောင့်ရယ်၊ ကားအမိုးသံကိုင်းတွေနဲ့ပိပြီး ထိခိုက်မိတာကြောင့်ရယ် သွေးထွက်လွန်ပြီး သေဆုံးနေတာကို ရုတ်တရက်တွေ့မြင်လိုက်တော့ ကျွန်မလည်း လန့်သွားတယ်" ဟု ဈေးကုန်လိုက်ဝယ်ရင်း ကံကောင်းထောက်မစွာဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သူသာယာအေးရွာမှ(၄၅ နှစ်) ခန့်အရွယ်ရှိ ဒေါ်ပျိုရင်က ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ရဲစခန်းသို့ ကိုယ်တိုင်လာရောက် အဖမ်းခံသည့် ယာဉ်မောင်းအောင်စိုးက "ကျွန်တော်တို့ကားက တပ်ကုန်းကနေ မွန်းလွဲ ၁၂ နာရီခွဲခန့်မှာ ရွာဘက်ကိုစတင်ပြီး ထွက်လာခဲ့တယ်။ တောင်တက်အနီး အလယ်ကျွန်းကျေးရွာမှာ ထမင်းစားခဏနားပြီး တောင်ပေါ်သို့ ဆက်လက်တက်ခဲ့ပါတယ်။ ကားပေါ်မှာ တင်ဆောင်ထားတဲ့ခရီးသည်နဲ့ ကုန်ပစ္စည်းတွေကလည်း များပြားတဲ့အတွက် လမ်းကုန်းအဆင်းမှာ ရုတ်တရက် ဂီယာပြုတ်ပြီး အရှိန်မထိန်းနိုင်ဘဲ ထိုးဆင်းသွားခဲ့တာ။ ယာဉ်ပေါ်လိုက်ပါလာသူအချို့ကတော့ ခုန်ချသွားပေမယ့် ကျွန်တော်ကတော့ မခုန်ချပါဘူး။ ကားကို တတ်နိုင်သရွေ့ထိန်းပြီး ဆက်လက်လိုက်ပါရင်း ကိုးကွေ့အနီး ဝါးတောခင်အဆင်းမှာ လုံးဝမထိန်းနိုင်တော့အတွက် အခုလိုအဖြစ်မျိုး ဖြစ်သွားခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရသူများကို သက်ဆိုင်ရာက တပ်ကုန်းမြို့ ခုတင် (၁၀၀) ဆေးရုံသို့ အချိန်မီပို့ဆောင်ပြီး ဆေးဝါးကုသမှုပေးထားကြောင်း ဖြစ်စဉ်နှင့်ပတ်သက်ပြီး တပ်ကုန်းမြို့မရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-တင်ထွန်းတာ**



# ဟားခါး၌ မော်တော်ယာဉ်တစ်စီးက ဆိုင်ခန်းကို ဝင်တိုက်မှုဖြစ်ပွား

**ဟားခါး အောက်တိုဘာ ၁၁**

ဟားခါးမြို့၌ မော်တော်ယာဉ်တစ်စီးက နေအိမ်ဆိုင်ခန်းကိုဝင်တိုက်မှု အောက်တိုဘာ ၁၁ ရက် နံနက် ၇ နာရီတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဦးဇိုဘွေ(၅၇ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 2B/----၊ PRADO အမျိုးအစားနက်ပြာယာဉ်သည် ဗိုလ်ချုပ်လမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာရာ ဆေးရုံလမ်းခွဲအရောက်အကွေ့၌ အရှိန်မထိန်းနိုင်ဘဲ အိမ်အမှတ်(ဈသ-၆၀၂) ဦးသွမ်ဘိခ်လျန်ပိုင် ဆိုင်ခန်းသုံးခန်းတွဲကို ဝင်တိုက်မိရာ ယင်းဆိုင်ခန်းတွဲပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးဇိုဘွေအား ဟားခါးမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အရက်မူးနေသည့်ဖခင်ကြောင့် အပြစ်မဲ့ကလေးငယ်သေဆုံး

**တောင်ငူ အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီခွဲခန့်က တောင်ငူ မြို့နယ် နဂါးမောက်ကျေးရွာအုပ်စု ထုံးဘိုကျေးရွာ၌ ကျန်းမာရေးမကောင်း၍ ငိုယိုနေသောခြောက်လခွဲအရွယ် သမီးငယ်လေးကို အရက်မူးနေသည့် ဖခင်ဖြစ်သူက ထင်းပုံအတွင်းသို့ ပစ်ချကာ ခြေထောက်ဖြင့်ပါ ထပ်မံကန်ကျောက်သည့်အတွက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းကျေးရွာနေ မစန်းကြည်၏ သမီးဖြစ်သူ မမေသကြ်န်ဦး ခြောက်လခွဲအရွယ်မှာ နေမကောင်းဖြစ်ကာငိုယိုနေစဉ် ဖခင်ဖြစ်သော မင်းမင်း(ခ)မောင်ဆန်း (၃၅ နှစ်) ဆိုသူ အရက်မူးပြီး ရောက်ရှိလာကြောင်း မမေသကြ်န်ဦး ငိုတာ မရပ်ရကောင်းလားဟုဆိုကာ မိခင်ဖြစ်သူ၏လက်အတွင်းမှ လုယူ၍ အိမ်နံဘေးရှိ ထင်းပုံအတွင်းသို့ ပစ်ချခဲ့သည့်အပြင် ခြေထောက်ဖြင့်ပါ ထပ်မံကန်ကျောက်ရာက သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ ထုံးဘိုနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ၂၀၁၅ ခုနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေမှ မူးယစ်ဆေးဝါးအမှု ၃၄ မှု ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၁၅ ခုနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ မူးယစ်ဆေးဝါးအမှု ၃၄ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ပျဉ်းမနားမြို့နယ်မှ အများဆုံး ဖမ်းဆီး ရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးအမှု ၃၄ မှုမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၅၆ ပြား၊ ဘိန်းဖြူ ၆၃ ဒသမ ၆၄ ဂရမ်၊ ဘိန်းစိမ်း ၁၉၅ ဒသမ ၉၅ ဂရမ်၊ ဆေးခြောက် ၆၉ ဒသမ ၈၂ ဂရမ်တို့ကို သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၅၁ ဦးအား တည်ဆဲဥပဒေများနှင့်အညီ ပြစ်ဒဏ်ချမှတ်နိုင်ရေး တရားစွဲဆိုလျက်ရှိသည်။

ယင်းမူးယစ်ဆေးဝါးအမှုများဖမ်းဆီးရာတွင် ပျဉ်းမနားမြို့နယ်က ၁၅ မှု၊ လယ်ဝေးမြို့နယ်က ၁၀ မှု၊ ဇမ္ဗူသီရိမြို့နယ်မှ သုံးမှု၊ ဒက္ခိဏသီရိမြို့က လေးမှု၊ ဥတ္တရသီရိမြို့နယ်က တစ်မှု၊ ပုဗ္ဗသီရိမြို့နယ်က တစ်မှုတို့ကို နေပြည်တော်ရဲတပ်ဖွဲ့မှ ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်**


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၁ယ/၅၆၇၉၉ Yamaha Fino 115 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်သွင် ၁၂/အစန(နိုင်)၀၀၁၇၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြဝတီမြို့)**



# အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ကွပ်ကဲမှုအောက်ရှိ ကမာရွတ်မြို့နယ်၊ ဟံသာဝတီဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၏ Club House အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများအား ၂၁-၁၀-၂၀၁၅ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀:၀၀ နာရီတွင် မြို့တော်ခန်းမ၌ လေလံစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမ၊ ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ပဋ္ဌမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၀-၁၀-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ ဖြစ်စေ၊ ဖုန်း ၀၁-၃၇၄၀၇၇ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**



# မြတ်ဆရာ၏ ဂုဏ်ကျေးဇူးအား ရင်မှဖြစ်သော ပီတိများစွာဖြင့် ပူဇော်ကန်တော့နိုင်ရန်အတွက် မေတ္တာရပ်ခံနှိုးဆော်စာ

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ယခင်ဟိုက်စကူးကျောင်း)၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)၌ ကျောင်းတည်ရှိရာ ပုသိမ်မြို့ အထက(၁) ရတနာတန်ဆောင်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ငွေများ ပူးပေါင်းပါဝင်လှူဒါန်းပေးနိုင်ပါရန် မေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။ **ကျင်းပရေးဦးစီးကော်မတီ**

**အလှူငွေ ဆက်သွယ်လှူဒါန်းနိုင်ရန်(ရန်ကုန်)**

| | | | | | |
|---|---|---|---|---|---|
| ဒုဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)နာယက | ဖုန်း-၀၉-၅၃၅၀၇၇၉ | ဦးမောင်မောင်အေး | ဖုန်း-၀၉-၄၂၀၇၈၃၁၉၂ | ဒေါ်စန်းစန်းဌေး | ဖုန်း-၀၉-၂၅၄၃၈၁၈၆ |
| ဦးတင်မောင်ဝင်း | ဖုန်း-၀၉-၄၀၁၆၆၀၈၂၈ | ဦးမောင်ကြိုင် | ဖုန်း-၀၉-၅၁၆၉၁၃၅ | ဒေါ်သီတာဝင်း | ဖုန်း-၀၉-၂၆၁၁၀၁၁၆၉ |
| ဦးတင်အောင် | ဖုန်း-၀၉-၅၁၁၅၆၄၀ | ဗိုလ်မှူးဌေးဝင်း(ငြိမ်း) | ဖုန်း-၀၉-၅၂၀၁၃၄၁ | ဒေါ်ပြုံးပြုံးခင် | ဖုန်း-၀၉-၄၂၁၁၃၇၈၅၃ |
| ဦးအုံးကျော် | ဖုန်း-၀၉-၅၁၃၁၂၂၁ | ဗိုလ်ကြီးစောလင်း(ငြိမ်း) | ဖုန်း-၀၉-၄၉၄၄၅၄၆၅ | ဒေါ်ခင်မာချို | ဖုန်း-၀၉-၄၃၀၂၄၈၈၃ |
| ဦးမြသန်း | ဖုန်း-၀၉-၅၀၈၀၅၂၈ | ဒေါ်ခင်အုန်း | ဖုန်း-၀၉-၄၃၁၉၀၂၄၂ | ဒေါ်စုထိန်ဝင်း | ဖုန်း-၀၉-၅၁၀၃၆၆၁ |
| ဦးစိုးမိုးလတ် | ဖုန်း-၀၉-၅၁၂၆၉၆၅ | ဒေါ်စန္ဒာရင် | ဖုန်း-၀၉-၇၉၇၉၈၈၉၉၇ | | |

**အလှူငွေ ဆက်သွယ်လှူဒါန်းနိုင်ရန်(ပုသိမ်)**

| | | | | | |
|---|---|---|---|---|---|
| ဦးမြင့်မောင်(ဇမ္ဗူထွန်း) | ဖုန်း-၀၉-၈၅၆၈၉၅၉ | ဦးဝင်းသန်း | ဖုန်း-၀၉-၄၉၅၇၁၁၆၇ | ဒေါ်ခိုင်ခိုင်ဝေ | ဖုန်း-၀၉-၂၅၄၂၉၈၂၂၈ |
| ဒေါ်စန္ဒာဝင်း(Nector) | ဖုန်း-၀၉-၅၂၀၂၇၆၅ | ဦးထွန်းကြည်(ဆန်းမိတ္တူ) | ဖုန်း-၀၉-၅၂၀၀၂၂၀ | ဒေါ်မော်မော်ခိုင် | ဖုန်း-၀၄၂-၂၂၄၅၆ |
| ဒေါ်မြင့်မြင့်သန်း | ဖုန်း-၀၉-၂၅၄၀၃၂၇၃၉ | ဦးမောင်မောင်ကျော်(မြပွင့်အိမ်) | ဖုန်း-၀၉-၅၂၀၃၃၀၀ | ဦးသစ်ဦး | ဖုန်း-၀၉-၄၅၁၂၃၇၈၄၄ |
| Dr. မြင့်မြင့်ကြိုင်(ပုသိမ်တက္ကသိုလ်) | ဖုန်း-၀၉-၅၂၀၃၁၄၉ | ဦးဝင်းနိုင်(နှောင်ရိုး) | ဖုန်း-၀၉-၅၂၀၂၀၂၃ | | |
| ဦးထွန်းထွန်း(ခြသေ့်မင်းကွမ်းသီး) | ဖုန်း-၀၉-၅၂၀၀၉၃၂ | ဦးကျော်ဌေး(ဘယဆေး) | ဖုန်း-၀၉-၄၂၂၄၉၆၉ | | |

❀ *ကျောဖုံးမှ*

ဆိုရမ်က စိုးလင်းဦး၏ ညာဝိုက်လက်သီးချက်ကြောင့် နှစ်မိနစ်အနားတောင်းခဲ့ရပြီး ပွဲအစ ပြန်အတည်တွင် စိုးလင်းဦး၏ ညာခြေကန်ချက် ထိမိခဲ့ရာ ဘယ်လိုမှပြန်လည်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိတော့ဘဲ အရှုံးပေးခဲ့၍ စိုးလင်းဦး အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ တစ်ဖန် ပရိသတ်များ စောင့်စားခဲ့သည့် နောက်ဆုံးပွဲကြီးပွဲကောင်းဟု မျှော်လင့်ထားသည့် ထွန်းထွန်းမင်း(မြန်မာ)နှင့် ဒယ်နီရယ်(နယူးဇီလန်)တို့ပွဲတွင် ပွဲအစမှာပင် တစ်ဖက်နှင့်တစ်ဖက် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဖွင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ပထမအချီအပြီး နှစ်မိနစ်အနားတွင် ဒယ်နီရယ် ဘယ်ဘက်မျက်ခုံးကွဲပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့ဘဲ အလဲထိုးဖြင့် အရှုံးပေးသည်။

"ထင်တဲ့အတိုင်းပဲ ရဲသွေးနီတို့ပွဲပဲ ကြည့်ကောင်းတယ်။ အခြားနိုင်ငံခြားသားနှစ်ပွဲလုံး မစွံဘူး။ ထိုးကြေးလာယူနေတာလို့ ပရိသတ်တွေကလည်း ပြောနေကြပြီ။ အဖွဲ့ချုပ်အနေနဲ့ ပြည်ပကလာထိုးတဲ့ လက်ဝှေ့သမားတွေကို ရှုံးရင်ထိုးကြေးဘယ်လောက်၊ နိုင်ရင်ဘယ်လောက်၊ ဘယ်အချီအထိ ထိုးနိုင်ရင်ဘယ်လောက် အဲဒီလိုကို သတ်မှတ်သင့်နေပြီ။ ဒီလိုမှမဟုတ်ရင် ရိုးရာလက်ဝှေ့အပေါ် ပရိသတ်တွေ တစ်မျိုးမြင်စရာတွေ ဖြစ်ကုန်လိမ့်မယ်။ အရင်ပြည်ပပွဲတွေတုန်းကလည်း ဒီအတိုင်းပဲ။ ပရိသတ်ကို စော်ကားလွန်းအားကြီးရာကျတယ်" ဟု မန္တလေးမှ လာရောက်ကြည့်ရှုသည့် ရိုးရာလက်ဝှေ့ချစ်ပရိသတ်တစ်ဦးက ယနေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပြည်ပပွဲများနှင့် ပတ်သက်၍ ရင်ဖွင့်ခဲ့သည်။

အခြားပွဲစဉ်များဖြစ်သည့် သုံးချီပွဲတွင် အောင်ကျော်စိုး(ဒို့ရိုးရာ)နှင့် ကြယ်စင်ဦး (အဖြူရောင်သွေးသစ်)၊ လေးချီပွဲများဖြစ်သည့် စွမ်းထက်နိုင်(စွမ်းကေကေ)နှင့် ဒိုးလေး (အဖြူရောင်သွေးသစ်)၊ စောထူးအောင်(ဒို့ရိုးရာ)နှင့် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်)၊ ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)နှင့် ကြယ်စင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ ရာမာဉ်(ရွှေဒေါ်ပုံ)နှင့် နေနေ(စွမ်းကေကေ) တို့ပွဲများ အသည်းအသန် ဖွဲ့မာန်အပြည့်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း သရေဖြင့် ကျေနပ်ခဲ့ရသည်။ အရှုံးအနိုင်ပေါ်သည့် ပွဲစဉ်အချို့မှာ လေးချီပွဲတွင် ဥဒေါင်းမင်း (ထွန်းထွန်းမင်း)နှင့် ဇော်ချစ်အောင် (စွမ်းကေကေ)တို့ပွဲတွင် ဇော်ချစ်အောင်က တတိယအချီ တစ်မိနစ်မှာပင် ပင့်လက်သီး၊ ဝိုက်လက်သီးများကို တွဲသုံးကာ ဥဒေါင်းမင်းကို အလဲထိုးဖြင့်လည်းကောင်း၊ မိုးမခ(ထွန်းသွင်)နှင့် မင်းမောင်မောင် (တောင်ကလေး)တို့ပွဲတွင်လည်း မိုးမခက ဒုတိယအချီ ၂ မိနစ် ၂၄ စက္ကန့်မှာပင် ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့သဖြင့် မင်းမောင်မောင်ကို အလဲထိုးဖြင့် အရှုံးပေးခဲ့သည်။ ငါးချီပွဲများတွင် အဖေ့သွေး(တောင်ကလေး)နှင့် စောလဒိုး(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် ဒုတိယအချီ ၂၂ စက္ကန့်တွင် စောလဒိုးက အလဲထိုးဖြင့်လည်းကောင်း၊ ရဲသွေးနီ(တောင်ကလေး)နှင့် တိမ်တိုက်(ထွန်းသွင်)တို့ပွဲတွင် ရဲသွေးနီက ပဥ္စမအချီ ၂ မိနစ် ၃၀ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။ **(မြန်မာ့အလင်း)**

# ယူရိုအုပ်စု ခြေစစ်ပွဲများ ဆက်လက်ကျင်းပ ဘယ်လ်ဂျီယံတို့ အဝေးကွင်း၌ အင်ဒိုရာကို ဂိုးပြတ်နိုင်

ယူရို ၂၀၁၆ အုပ်စု ခြေစစ်ပွဲများကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၁၁ ရက်က ကစားသည့် အုပ်စု (B) မှ အင်ဒိုရာနှင့် ဘယ်လ်ဂျီယံတို့ပွဲတွင်**(ယာပုံ)** ဘယ်လ်ဂျီယံတို့က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပရီမီယာလိဂ်နာမည်ကြီးကစားသမားများပါဝင်သော ဘယ်လ်ဂျီယံအသင်းသည် အင်ဒိုရာကို ခြေအသာစီးဖြင့် ကစားနိုင်ပြီး ပွဲချိန် ၁၉ မိနစ်တွင် ဂိုလန်က အဖွင့်ဂိုး သွင်းယူပေးသည်။

ဒုတိယဂိုးကို မန်စီးတီးကစားသမား ဒီဘရိုင်းက ၄၂ မိနစ်တွင် သွင်းယူပေးသည်။ ပထမပိုင်းအပြီး နှစ်ဂိုးအသာဖြင့် ဘယ်လ်ဂျီယံတို့ ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် အင်ဒိုရာအတွက် ချေပဂိုးကို ၅၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် လီမာက သွင်းယူခဲ့သည်။ ၅၆ မိနစ်တွင် ဘယ်လ်ဂျီယံတို့ ပယ်နယ်တီရရှိရာ အသင်းခေါင်းဆောင် ဟာဇက်က သွင်းယူပေးသည်။ စတုတ္ထဂိုးကို ၆၄ မိနစ်တွင် ဒီပိုထရိုက သွင်းယူပေးသည်။ ၇၈ မိနစ်တွင် ဘယ်လ်ဂျီယံတို့ ပယ်နယ်တီထပ်မံရရှိရာ ဟာဇက်ကန်သွင်းသော်လည်း ဂိုးမရခဲ့ပေ။

အုပ်စု(B) အခြားပွဲစဉ်များအဖြစ် ဘော့စနီးယားနှင့် ဝေလတို့ပွဲတွင် ဘော့စနီးယားက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဆိုက်ပရပ်စ်က အစ္စရေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ အုပ်စု (B) တွင် ကိုးပွဲစီကစားအပြီး ဘယ်လ်ဂျီယံက ရမှတ် ၂၀ ဖြင့် ဦးဆောင်နေပြီး ဝေလက ၁၈ မှတ်ဖြင့် အုပ်စု ဒုတိယနေရာ၌ ရပ်တည်နေကာ တစ်ပွဲစီ ကစားရန်ကျန်သည်။ အုပ်စု(A)ပွဲစဉ် အိုက်စလန်နှင့် လတ်ဗီးယားပွဲမှာ နှစ်ဂိုးစီသရေ၊ ဟော်လန်က ကာဇက်စတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ တူရကီက ချက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရသည်။ အုပ်စု(A)၌ အိုက်စလန်က ရမှတ် ၂၀ ဖြင့် ဦးဆောင်နေပြီး ချက်က ၁၉ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေပြီးတစ်ပွဲစီ ကစားရန် ကျန်သည်။

အုပ်စု(H) ပွဲများတွင် အဇာဘိုင်ဂျန်က အီတလီကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး နော်ဝေက မော်လ်တာကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ခရိုအေးရှားက ဘူလ်ဂေးရီးယား သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရသည်။ ယင်းအုပ်စု၌ အီတလီက ၂၁ မှတ်၊ နော်ဝေက ၁၉ မှတ် ရရှိနေပြီး အုပ်စုဗိုလ်နေရာအတွက် နောက်ဆုံးပွဲစဉ်က အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ရမှတ် ၁၇ မှတ်ရသည့် ခရိုအေးရှားကလည်း အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် မျှော်လင့်ချက်ရှိနေသေးသည်။

**သီဟ-ရေးသည်**




## ကုမ္ပဏီများသိစေရန် ထပ်မံအသိပေးကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေများအရ ဖွဲ့စည်းမှတ်ပုံတင်ပြီးသော ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်သက်တမ်း ကျန်ရှိသည်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးခွဲများသို့ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၆ရက် နောက်ဆုံးထား သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ကြပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ အသိပေးကြေညာပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် သတင်းပေးပို့ဆောင်ရွက်ခြင်းကို ဤဦးစီးဌာနသို့ သတ်မှတ်ရက်အမီ ဆက်သွယ်သတင်းပို့ကြပါရန်နှင့် ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၆ရက်နောက်ပိုင်း တင်ပြလာခြင်းများကို လက်ခံစဉ်းစားတော့မည်မဟုတ်ဘဲ ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၄၇နှင့်အညီ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

## သီတဂူကြယ်တစ်ပွင့်ဆရာတော်မှ တရားနာပရိသတ်များသို့ အသိပေးခြင်း

သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဟိတဓရ ဓမ္မကထိက၊ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ-ဖေယျာလူမှုထူးချွန်ဆုဘွဲ့ရ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)သည် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ရောဂါဝေဒနာများဖြင့် ဆေးကုသမှုခံယူရင်း ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ အနားယူလျက်ရှိပါသည်။ ယခုအခါ ဆရာတော်၏ ကျောက်ကပ်သည် အသစ်လဲလှယ်ခွဲစိတ်ကုသရန် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အပိုလိုဆေးရုံတွင် အောက်တိုဘာလအတွင်း ကြွရောက်မည်ဖြစ်ပါသဖြင့် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ပေးထားသော တရားပွဲများအား သီတဂူကြယ်တစ်ပွင့်ဆရာတော်၏ လက်ထောက်ဓမ္မကထိက တပည့်ရင်း ငြိမ်းချမ်းရွှေပြည် အရှင်ဝိစာရမှ ကိုယ်စား ဟောကြားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ငြိမ်းချမ်းရွှေပြည် အရှင်ဝိစာရ ဖုန်း-၀၉-၇၃၁၉၃၃၀၀၊ ၀၉-၇၉၇၇၇၈၉၁၈**

**ကြယ်တစ်ပွင့် ပရဟိတရွှေကုသိုလ် မောင်မယ်များအဖွဲ့**

**ဖုန်း-၀၉-၆၈၁၂၈၉၆၊ ၀၉-၂၀၁၁၁၅၃၊ ၀၉-၄၉၂၇၇၈၈၉**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊အထက(၂)တက္ကသိုလ်ဝင်တန်း $A_4$ မှ မနန်းအိချိုဇင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးပြား ၁၃/ဟပန(နိုင်) ၀၄၀၂၀၆ ဖြစ်ပါကြောင်း။**ဦးပြား**

လပြည့် 09-50-37438 532200

မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F-5193၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1887 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့နေဦးသိန်းဆွေ(၁၂/ဒဂန(နိုင်)၀၁၀၄၃၇)၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သည့်ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/၄)၊မြေကွက်အမှတ်(၂၄၅)နှင့်(၂၄၇)တို့၏မြေပေးမိန့်ပါမစ်မူရင်းများသည် ပျောက်ဆုံးလျက်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အဆိုပါ ပါမစ်မူရင်းများနှင့်ပတ်သက်ပြီး လက်ဝယ်ထားရှိသူများမှ မည်သည့်အကြောင်းကိစ္စမျှ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မိမိလှိုင်(LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)

တိုက်(၈)၊ အခန်း(၇)၊ (မြေညီထပ်)၊ ကျိုက်ဖြူလမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၃၉၁၁၇

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/1323၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မိဘရိပ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(က)မှ မအိအိပို၏ ဖခင်အမည်မှန်မှာ ဦးကျော် ၁၂/လကန(နိုင်)၀၅၈၀၈၄ ဖြစ်ပါသည်။ **ဦးကျော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၊ (၁၀)ရပ်ကွက် ၊ ဓေယျာလမ်း၊ တိုက်အမှတ်(၅၇၁/က)၊အခန်း(ပထမထပ်)အကျယ်အဝန်း(၁၈ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ကန်ထရိုက်တာ ဦးတင်ဦး (၎င်းကိုယ်စားသားဖြစ်သူ ဦးစိုးမိုးဝင်း) (၁၀ /မလမ(နိုင်) ၁၇၃၃၄၂ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ ) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, Dip.CA, WIPO တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, WIPO တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

**Hein Htet San Law Firm**

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၂ခ/၅၁၉၅၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ရန်ကုန်ဆေး(၁) ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ နယ်လှည့်ဆေးကုသ

**အောင်လံ အောက်တိုဘာ ၁၁**

ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အောင်လံမြို့နယ် မြို့လှကျေးရွာ လယ်ပြင်ဘုန်းတော်ကြီးကျောင်း၌ နယ်လှည့်ဆေးကုသခြင်းလုပ်ငန်းများကို အောက်တိုဘာ ၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင် ဦးဆောင်ပြီး ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့်အတူ မြို့နယ်ဆေးရုံမှ ဝန်ထမ်းများ၊ သွားဘက်ဆိုင်ရာဆရာဝန်များ၊ တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများ၊ ကျောက်ပန်းတောင်း၊ ရွှေပန်းတော၊ ပြလို့နှင့် ညောင်ပင်ဆိပ် တိုက်နယ်ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ နယ်လှည့်ဆေးကုသရာတွင် မြို့လှကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ညောင်အိုင်၊ ရေပြည့်နှင့် ပစ္စဉ်တိုင်းကျေးရွာများမှ လူနာ ၅၃၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သိန်းလွင်(ပြန်/ဆက်)**



## ကလေးငယ်များ ပြုစုပျိုးထောင်ရေးသင်တန်း ပထမဆုံးသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

လူမှုဝန်ထမ်းဦးစီးဌာနက ပထမဆုံးအကြိမ် ဖွင့်လှစ်သည့် ရှေးဦးအရွယ် ကလေးငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ဌာနတွင်းအခြေခံသင်တန်း(၁/၂၀၁၅)ဆင်းပွဲကို အောက်တိုဘာ ၉ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းမှာ အသက်ခြောက်လမှ သုံးနှစ်အရွယ်ကလေးငယ်များအား ပြုစုစောင့်ရှောက်သူများအတွက် ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို နှစ်ပေါင်း ၅၀ ကျော်ကပင် ဆောင်ရွက်ခဲ့ကြောင်း၊ အသက် သုံးနှစ်မှ ငါးနှစ်အထိ ကလေးငယ်များအတွက် မူကြိုကျောင်းများ တိုက်ရိုက်ဖွင့်လှစ်ပေးခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းနှင့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများအား ငွေကြေးထောက်ပံ့ခြင်းနှင့် နည်းပညာအကူအညီအပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းကို ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ပြီး ကလေးငယ်များ၏ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဗဟုသုတများကို ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဆရာဝန်များက သင်ကြားပေးခဲ့ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားသင်တန်းသူ ၂၅ ဦးအား ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ပြင်ဦးလွင်မြို့ မဟာမုနိ(ဦးခန္တီ)ဘုရားပွဲတော် စည်ကားစွာကျင်းပမည်

**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

ပြင်ဦးလွင်မြို့ မဟာမုနိမျက်ရှင်တော်(ဦးခန္တီ)ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ညံတောဘုရားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကြီးအတွင်း အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်မှစတင်၍လည်းကောင်း၊ အလွတ်တန်း ဖိတ်ခေါ် ဘော်ဘီဘောပွဲကို အောက်တိုဘာ ၂၄ရက်မှလည်းကောင်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် မဟာမုနိ(ဦးခန္တီ) ဘုရားကြီးကို ၁၂၇၉ ခုနှစ် မှစတင်၍ မန္တလေးမြို့ ရသေ့ကြီး ဦးခန္တီမှ ကြေးပိဿာချိန် ၂၀၀၀ ကျော်ဖြင့် တည်ထားကိုးကွယ်ခဲ့ပြီး ဒေသပတ်ဝန်းကျင်ရှိ ဘုရားဖူးများဖြင့် နေ့စဉ်စည်ကားလျက် ရှိနေသည်။ ယခုပြုလုပ်သည့် ဘုရားပွဲတော်ကြီးမှာ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။



ပွဲတော်ကာလအတွင်း ဖိုးချစ်ဇာတ်သဘင်ပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၂၉၆/၀) နှင့် (၂၉၆/၁)အကြားမှ အရှည်ပေ ၉၄၀ ရှိ မဲဇလီကြိုးတံတား၏ အပေါ်အောက်သံဆိုင်းကြိုး နံပါတ်(၇) ပြတ်တောက်သွားမှုကို တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)က သံဆိုင်းကြိုးအသစ်လဲလှယ်တပ်ဆင်နေစဉ်။** (သံဆိုင်းကြိုးပြတ်ကျမှုကြောင့် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ရာမှ အောက်တိုဘာ ၈ ရက်တွင် ကြိုးအသစ်တပ်ဆင်ပြီးစီးသဖြင့် ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။) **သန်းနိုင်ဦး(ငဖဲ)**





## မိုးဖရဲသီးများ လှိုင်လှိုင်ပေါ်ပြီး ဈေးကောင်းရလျက်ရှိ

**တပ်ကုန်း အောက်တိုဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိနှင့် တပ်ကုန်းကြား ကွန်ကရစ်ကားလမ်းဘေးရှိ ခရမ်းစပ်ကုန်းကျေးရွာ၌ တောင်သူများစိုက်ပျိုးထားသော မိုးဖရဲလှိုင်လှိုင်ပေါ်ကာ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

မိုးဖရဲများကို ပွဲစားများက အခင်းထဲအရောက် လာရောက်ဝယ်ယူကြပြီး ပွဲစားအကြိုက်ဖြစ်သည့် အလုံး ၂၅ လက်မအရွယ်ဖရဲသီး တစ်လုံးလျှင် ၁၇၀၀ ကျပ်ခန့်အထိရရှိကာ ပယ်သီးတစ်လုံးလျှင် ကျပ် ၇၀၀ မှ ၈၀၀ အထိ ရရှိကြောင်း၊ ခရမ်းစပ်ကုန်းကျေးရွာ၌ ဖရဲစိုက်တောင်သူ ၂၀၀ ဦးခန့်ရှိရာ ယခုနှစ် မိုးဖရဲမှ အကျိုးအမြတ်ရရှိနေကြောင်း ဖရဲခင်းသုံးဧကစိုက်ပျိုးထားသည့် တောင်သူဦးရွှေသိုက်က ပြောသည်။

ယခင်နှစ်က ဖရဲစိုက်ပျိုးသော တောင်သူများနှင့် ပွဲစားများပါ အရှုံးပေါ်ခဲ့၍ ယခုနှစ်မိုးရာသီတွင် ဖရဲစိုက်ပျိုးသူ နည်းပါးခဲ့ကြောင်း၊ ယခုနှစ် မိုးဖရဲစိုက်ပျိုးရာတွင် အသီးလိုက်ချိန်တွင် မိုးရွာသွန်းမှုအဆင်မပြေသောကြောင့် အသီးအနည်းငယ်ပျက်စီးခဲ့သော်လည်း ဈေးကောင်းရရှိသောကြောင့် ဖရဲစိုက်တောင်သူများနှင့် ပွဲစားများပါ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

### သတင်းတို

#### ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေး

မန္တလေး အောင်မြေသာစံမြို့နယ်၌ ရွေးကောက်ပွဲကာလ လုံခြုံရေးကိစ္စရပ်များအတွက် စီမံဆောင်ရွက်ထားမှုများ ရှင်းလင်းပွဲကို အမှတ်(၅)မြို့မရဲစခန်း အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပရာ မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်တင်က ရွေးကောက်ပွဲကာလ လုံခြုံရေးအတွက် စီမံဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ **ထွဏ်းလှအောင်(မန္တလေး)**

# ဖိတ်ခေါ်လိုက်ရပါသည် အင်းလေးဖောင်တော်ဦးဘုရားပွဲဆီသို့

သတင်းဆောင်းပါး - အိမ့်ကြာငုံဖူး
ဓာတ်ပုံ - နေမျိုးသူရိန်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ နမ့်ဟူး ကျေးရွာရှိ ရတနာစံကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူသော အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များသည် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်အထိ ၁၈ ရက်တိုင်တိုင် အင်းလေးဒေသ (၂၁) ဌာနသို့ ဒေသစာရီကြွချီ ပူဇော်ခံတော်မူပါသည်။ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်သည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ၌ပါ ထင်ရှားသောပွဲတော်တစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှုအများဆုံး ပွဲတော်တစ်ခုလည်း ဖြစ်ပါသည်။

အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကို ရတနာစံကျောင်းတော်ကြီးမှ အင်းလေးဒေသ(၂၁) ဌာနသို့ ဒေသစာရီ ကြွချီ ပူဇော်ခံရာနေရာဒေသများတစ်လျှောက် ဗုဒ္ဓရုပ်ပွားတော်များကို ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်၍ ဘုရားကြွချီရာဒေသအသီးသီးမှ ရိုးရာဆွဲလှေကြီးများဖြင့် တက်ညီလက်ညီ စုပေါင်းလှော်ခတ်ကာ ပင့်ဆောင်ပူဇော်ကြမည်ဖြစ်သည်။



သီတင်းကျွတ်လဆန်း ၁ ရက်တွင် အင်းတိန်ကြေးပေါခုံကျောင်း၊ သီတင်းကျွတ်လဆန်း ၂ ရက်တွင် အင်းတိန်ကျောင်းနှင့် ဟဲယာရွာမကျောင်း၊ သီတင်းကျွတ်လဆန်း ၃ ရက်တွင် ဟဲယာရွာမကျောင်း၊ သီတင်းကျွတ်လဆန်း ၄ ရက်တွင် ငါးဖယ်ချောင်းကျောင်း၊ သီတင်းကျွတ်လဆန်း ၅ ရက်တွင် ကြေးစားကျောင်း၊ သီတင်းကျွတ်လဆန်း ၆ ရက်တွင် ပွဲစားကုန်းကျောင်းနှင့် လင်းကင်းကျောင်း၊ သီတင်းကျွတ်လဆန်း ၇ ရက် မှ ၉ ရက်ထိ ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် နန်းသဲကျောင်းနှင့် မိုင်းသောက်ကျောင်း၊ သီတင်းကျွတ်လဆန်း ၁၁ ရက်တွင် သလဲဦးကျောင်း၊ သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် ကေလာကျောင်းနှင့် ဇရပ်ကြီးကျောင်း၊ သီတင်းကျွတ်လဆန်း ၁၃ ရက်တွင် အလိုတော်ပေါက်တောင်ကျောင်းနှင့် နမ့်ပန်ကျောင်း၊ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် မန်ကျည်း ဆိပ်ကျောင်းနှင့် ကျိုင်းခမ်းကျောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် မိုင်းပျိုးကျောင်း၊ သီတင်းကျွတ်လပြည့် ကျော် ၁ ရက်တွင် နောင်တောကျောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် အင်းပေါခုံကျောင်းနှင့် ရေသာကျောင်းတို့တွင် ကိန်းဝပ်စံပယ်ပူဇော်ခံပြီး သီတင်းကျွတ်လဆန်း ၃ ရက်တွင် မူလသီတင်းသုံးရာ ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွချီတော်မူမည် ဖြစ်သည်။

ညောင်ရွှေမြို့သို့ အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များ ရောက်ရှိမည့် သီတင်းကျွတ် လဆန်း ၇ ရက် ( အောက်တိုဘာ ၂၀ ရက် ) တွင် ညောင်ရွှေမြို့ နမ့်ကတ်ချောင်း၌ ခြေထောက်ဖြင့်လှော်ခတ်ပြီး ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးပြသသည့် အင်းသားရိုးရာ အမျိုးသားရာကျော်လှေပြိုင်ပွဲ၊ အမျိုးသား ၄၆ တက်(လေးကျိပ်ခြောက်ယောက်)လှေပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက် (နှစ်ကျိပ်ခြောက်ယောက်) လှေပြိုင်ပွဲများအပြင် တစ်ဦးချင်းလှော်ခတ်သည့် လှေပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ဟဲယာရွာမကျေးရွာမှ ဘုရားကြိုယဉ်ကျေးမှုလှေယာဉ်မှုလည်း ရိုးရာခလေ့ဖြင့် စည်းချက်ကျစွာလှော်ခတ်ပြီး လှေတော်သံ တေးကဗျာများကို သီဆိုတီးမှုတ်ကာ ဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များကို ကြည်ညိုပူဇော်ခြင်း၊ အင်းလေးဒေသမှ အင်းသူအင်းသားများ ဘုရားသို့ ဆွမ်းကပ်လှူရန် သွားရောက်ကြပုံကို ခြေတစ်ဖက်ဖြင့် သရုပ်ဖော်လှော်ခတ်ပြသသည့် ရိုးရာဆွမ်းပို့လှေ လှော်ခတ်ပြသခြင်းများကို ပြသမည်ဖြစ်သည်။ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကလည်း ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဘုရားပွဲတော်သို့လာရောက်သည့် ဧည့်သည်တော်များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကို ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

ညောင်ရွှေမြို့ ဖောင်တော်ဦးဘုရားပွဲတော်တွင် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အနယ်နယ် အရပ်ရပ်မှ လာရောက်ရောင်းချသည့် ဈေးဆိုင်ခန်းများ၊ ဈေးရောင်းပွဲများ၊ ရိုးရာဇာတ်သဘင်ပွဲများ၊ ဗလာအငြိမ့်ပွဲများအပြင် အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးပြခန်းများဖြင့်လည်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည်ဟု သိရပါသည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ မြတ်နိုးဂုဏ်ယူဖွယ်ရာကောင်းသော ညောင်ရွှေမြို့နှင့် အင်းလေးဒေသတွင်းရှိ ကျေးရွာများသို့ ကြွချီပူဇော်ခံမည့် သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကြီးတွင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များကို ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်း ဆက်ကပ်ပူဇော်ခြင်းများဖြင့် လာရောက်ဖူးမြော်ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရေးသားဖိတ်ခေါ်လိုက်ရပါသည်။

## မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(တောင်ကြီး) တတိယနေ့ပွဲစဉ်ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာ့ရှေ့ဆောင်ဘဏ်က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ်(တောင်ကြီး)၏ တတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၁၀ ရက် နံနက်က တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ သိန်းဇော်မြင့် (Minzuno) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ပထမ၊ သိန်းနိုင်စိုး (HAN Golf Academy)




က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ကာ စုစုပေါင်း ရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယ၊ ဘိုဘို (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် တတိယလိုက်နေကြပြီး အပျော်တမ်းအဆင့်အမျိုးသားပြိုင်ပွဲတွင် ဇော်ဇော်ထွန်းက စုစုပေါင်းရိုက်ချက် ၂၂၄ ချက်ဖြင့် ပထမ၊ ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် ဒုတိယ၊ မောင်မောင်မဲက စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ခင်မာနွယ်က စုစုပေါင်းရိုက်ချက် ၁၁၅ ချက်ဖြင့် ပထမ၊ ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၁၁၆ ချက်ဖြင့် ဒုတိယ၊ မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၁၇ ချက်ဖြင့် တတိယလိုက်နေကြသည်။**ဖိုးသော်ဇင်**



## မြို့သာ-ငါန်းဇွန်-ကျောက်တစ်လုံးလမ်း တိုးချဲ့ခင်းကျင်း

**ငါန်းဇွန် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်းရှိ မြို့သာ-ငါန်းဇွန်-ကျောက်တစ်လုံး လမ်းပိုင်းကို မူလအကျယ် ၁၂ ပေမှ ၁၈ ပေအထိ တိုးချဲ့ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

မြို့သာ-ငါန်းဇွန်-ကျောက်တစ်လုံး လမ်းပိုင်းပေါ် မြို့သာမှ ဇလုပ်မကျေးရွာအနီး မိုင်တိုင်အမှတ် ၀/၀ မှ ၁၄/၀ အထိကို အရှည် ၁၄ မိုင်ကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၅၀၀ ကျော်ဖြင့် ဆန်းလှကုမ္ပဏီက တာဝန်ယူ တိုးချဲ့ခင်းကျင်းနေခြင်းဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုများကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်လမ်းဦးစီးဌာနမှူး ဦးခင်မောင်ထွေး၊ ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီး ဌာနမှူး ဦးအောင်ခိုင်မင်းနှင့် ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးတို့က အောက်တိုဘာ ၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လမ်းခင်းရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ညောင်တုန်း၌ ကြက်သွန်နီနှင့် ကွမ်းရွက်ဈေးနှုန်းများ မကြုံစဖူးမြင့်တက်လျက်ရှိ

**ညောင်တုန်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဩဂုတ်လအတွင်းက ဒုတိယအကြိမ် ဧရာဝတီမြစ်ရေကြီးမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် အထွေထွေကုန်ပစ္စည်းအချို့နှင့် ဟင်းသီးဟင်းရွက်များ၊ ကုန်စိမ်းများ၊ ကြက်သွန်နီနှင့် ကွမ်းရွက်ဈေးနှုန်းများ မကြုံစဖူးမြင့်တက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေ ပထမအကြိမ်တက်ပြီးနောက် ပြန်ကျချိန်တွင် ကြက်သွန်နီဈေးနှုန်းမှာ ဉအသေး တစ်ပိဿာလျှင် ၇၀၀ ကျပ်ခန့်အထိ မြင့်တက်ခဲ့သည်။ ယခု ဒုတိယအကြိမ် ရေကြီးပြီးချိန်တွင်မူ ကြက်သွန်နီဈေးနှုန်းမှာ ဉအသေးတစ်ပိသာလျှင် ၁၂၀၀ ကျပ်ဈေးအထိလည်းကောင်း၊ ဉအကြီးမှာ တစ်ပိသာလျှင် ၁၈၀၀ ကျပ်မှ ၂၂၀၀ ကျပ်ဝန်းကျင်ခန့်အထိလည်းကောင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဈေးကြီးပေးဝယ်စားနေရကြောင်း စားသုံးသူအချို့ထံမှ သိရသည်။

ကွမ်းရွက်ဈေးနှုန်းများမှာလည်း ရေမကြီးမီက တစ်ပိဿာ ၄၅၀၀ ကျပ်ခန့်မှ ရေကြီးပြီးနောက် တစ်ပိဿာ ကျပ် ၈၀၀၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ကြောင်း ရန်ကုန်မြို့ သီရိမင်္ဂလာကွမ်းရွက်ဒိုင်သို့ ကွမ်းရောင်းဝယ်ရေးလုပ်နေသူ ကိုအောင်ကိုဌေးက ပြောသည်။ ယခုလက်ရှိ ညောင်တုန်းမြို့တွင် ညောင်တုန်းကွမ်း(ရှယ်)တစ်ပိသာလျှင် ၅၅၀၀ ကျပ်ဈေးမှ ၆၀၀၀ ကျပ်၊ အလတ် တစ်ပိဿာလျှင် ၃၅၀၀ ကျပ်ဈေးမှ ၄၀၀၀ ကျပ်ခန့်နှင့် အသေးတစ်ပိသာလျှင် ၁၅၀၀ ကျပ်ဈေးမှ ၂၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကြက်သွန်နီနှင့် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးမှုများနှင့် ကြုံတွေ့ရခြင်းကြောင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်း၊ ထွန်ယက်စိုက်ပျိုးရန် နောက်ကျခြင်း၊ ကုန်စည်တချို့အဝင်နည်းခြင်းနှင့် သယ်ယူပို့ဆောင်ခစရိတ်များ ကြီးမြင့်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။

ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေ ပထမဆုံးအကြိမ်မြင့်တက်စဉ်ကာလက လိမ္မော်ရောင်အဆင့်သတ်မှတ်ခဲ့ကာ စိုက်ပျိုးမြေ ၉၉၈၈ ဧကရေဖုံးလွှမ်းပျက်စီးခဲ့ကာ ဒုတိယအကြိမ် ဧရာဝတီမြစ်ရေမြင့်တက်ပြီးနောက်တွင် မြစ်ရေမှာ ကျလိုက်တက်လိုက်ဖြစ်နေသဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ တောင်သူများ အခက်တွေ့လျက်ရှိသည်။ **ထွန်းကျော်(ညောင်တုန်း)**



# ခရိုင်အား/ကာကော်မတီဥက္ကဋ္ဌဒိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဒိုင်း လေးမြို့နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ခရိုင်အားကစားခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ် လေးခု ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး အမျိုးသားအကြီးတန်း တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မိတ္ထီလာမြို့နယ်မှ ချမ်းငြိမ်းထက်အား ဝမ်းတွင်းမြို့နယ်မှ ရန်ရှင်းကျော်ကလည်းကောင်း၊ အမျိုးသားအကြီးတန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် မိတ္ထီလာမြို့နယ်မှရဲမြင့်အောင်နှင့် ဇော်လွင်ဖြိုးအတွဲအား အောင်မြင့်စိန်နှင့် ချမ်းငြိမ်းထက်အတွဲကလည်းကောင်း ၊ အမျိုးသား အငယ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် သာစည်မြို့နယ်မှ မျိုးသန့်(၁)နှင့် မျိုးသန့်(၂)အတွဲအား မိတ္ထီလာမြို့နယ်မှ ကိုလေးနှင့် ကိုထွန်းထွန်းဝင်းတို့အတွဲကလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မိတ္ထီလာမြို့နယ်မှ မစန်းစန်းနုနှင့် မမာမာအောင်အတွဲအား သာစည်မြို့နယ်မှ မသန္တာနှင့် မပွင့်အတွဲကလည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ အမှတ်ပေးဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုများအား ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ထွေးကလည်းကောင်း၊ အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရ မိတ္ထီလာမြို့နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကလေးများအတွက်စာဖတ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ကလေးငယ်များအား စာဖတ်သောအလေ့အထရှိလာစေရေး ပြုစုပျိုးထောင်ပေးရန်ရည်ရွယ်၍ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ စာဖတ်ပြိုင်ပွဲ Reading Challenge ကို အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပလျက်ရှိဖြစ်ကြောင်း သိရသည်။

အဆိုပါစာဖတ်ပြိုင်ပွဲကို ဗြိတိသျှကောင်စီစာကြည့်တိုက် အသင်းဝင်ကလေးများအပြင် အသင်းဝင်မဟုတ်သောကလေးများလည်း အသင်းဝင်ရောက်ကာ ပါဝင်နိုင်ကြောင်း သိရသည်။ စာဖတ်ပြိုင်ပွဲကို အဆင့်နှစ်ဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် စာကြည့်တိုက်ရှိ Knowledge Garden တွင် ပြသထားသည့် Record Breakers စာအုပ်များမှရွေးချယ်၍ အနည်းဆုံး ခြောက်အုပ်ပြည့်အောင် ဖတ်ရှုရမည်ဖြစ်ပြီး မိမိဖတ်ရှုထားသောစာအုပ်များမှ နှစ်သက်ရာစာအုပ်တစ်အုပ်ကိုရွေးချယ်၍ အကျဉ်းချုပ်ရေးကာ စာအုပ်ထဲတွင်ပါဝင်သော မိမိနှစ်သက်ရာ ဇာတ်ကောင်အား ပုံတူရေးပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆုပေးပွဲကို ဒီဇင်ဘာ ပထမပတ်၌ ကြေညာမည်ဖြစ်ကြောင်း၊ ယခုစာဖတ်ပွဲသည် ယူကေနိုင်ငံတွင် နွေရာသီကျောင်းပိတ်ချိန်၌ မြို့နယ်ရပ်ကွက်စာကြည့်တိုက်များရှိ အသင်းဝင်ကလေးများအတွက် ကျင်းပပေးလေ့ရှိသည့်ပြိုင်ပွဲကို နမူနာယူ၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို library.enquries @mm.britishcouncil.org သို့ အီးမေးလ်ပေးပို့၍ မေးမြန်းနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# မုန်းချောင်းနှင့် မန်းချောင်းတံတားများ၏ ကြမ်းခင်းများပြုပြင်ပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်ရှိ မုန်းချောင်းတံတားနှင့် မန်းချောင်းတံတားတို့တွင် တံတားပေါ်မှဖြတ်သွားသောယာဉ်များ သွားလာမှုအဆင်ပြေစေရန် ကြမ်းခင်းများကို ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားများပေါ်တွင် ယာဉ်များသွားလာရန်အတွက် သစ်သားကြမ်းခင်းကို ယခင်က ဘီးလမ်းသာ ခင်းထားရာမှ လမ်းဦးစီးဌာနမှ တာဝန်ယူ၍ တံတားအပြည့် သစ်သားကြမ်းခင်း ဘီးလမ်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စက်ဘီးများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သွားလာမှုလွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**




# ရွေးကောက်ပွဲကာလ လုံခြုံရေးဆောင်ရွက်မှုများ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**မင်းလှ အောက်တိုဘာ ၁၁**

သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကိစ္စများကို ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများ၊ မဲရုံမှူးနှင့်ကော်မရှင်အဖွဲ့ခွဲများမှ လုံခြုံရေးဆိုင်ရာလိုက်နာရန် အချက်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးသင်တန်းများ ဖွင့်လှစ်မည့်အစီအစဉ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး ဆောင်ရွက်မှုများ၊ လုံခြုံရေးတာဝန်ဆောင်ရွက်မည့် အထူးရဲများခန့်ထားခြင်း၊ လုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့် အထူးရဲများအား သင်တန်းပို့ချမည့်အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကျေးရွာများ၏ သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံးရေပေးဝေစနစ် ဆောင်ရွက်လိုမှုအခြေအနေ စစ်တမ်းကောက်ယူလျက်ရှိ

**ပုလဲ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံး ရေပေးဝေစနစ် ဆောင်ရွက်လိုမှု အခြေအနေအပါအဝင် အချက်အလက်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာလဆန်းမှ စတင်၍ စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများ၏ သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံး ရေပေးဝေစနစ်စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ယခုလက်ရှိ ရေရယူသုံးစွဲနေသည့်ပုံစံ၊ ရေတင်စနစ်များ၊ ရေတင်စနစ်နှင့် ဆက်သွယ်သည့်အနေအထား၊ ပေအကွာအဝေး၊ ကျေးရွာမြေပုံ၊ မြေအနိမ့်အမြင့်၊ ကျေးရွာ၌ရေသုံးစွဲမှုစနစ် စသည့်အချက်အလက်များကို စစ်တမ်းကောက်ယူနေခြင်းဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ အဖွဲ့သုံးဖွဲ့ခွဲ၍ မြို့နယ်အတွင်းမှ ကျေးရွာ ၁၈၈ ရွာသို့ စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က ပြောသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ဖြိုးစုနိုင်နှင့် ဝန်ထမ်းများက ဇေတီယျံကျေးရွာနှင့် နွယ်ရှောက်ကျေးရွာများသို့ အောက်တိုဘာ ၇ ရက်ကသွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်အတူ စစ်တမ်းများ ကောက်ယူခဲ့ကြောင်း သိရသည်။

စစ်တမ်းကောက်ယူပြီးပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပထမကာလ၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလနှင့် ၂၀၂၆ခုနှစ်မှ ၂၀၃၀ပြည့်နှစ်အထိ တတိယကာလဟု နှစ်အပိုင်းခြားသတ်မှတ်ကာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်မည့်ကုန်ကျမှုအတွက် ကျေးရွာမှလည်း ပါဝင်အကုန်အကျခံရမည် ဖြစ်ကြောင်းနှင့် ကျေးရွာမှစိုက်ထည့်ပါဝင်နိုင်မည့် ငွေကြေးအနေအထားအပေါ်မူတည်၍ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်း ဖွင့်လှစ်

**ဖာပွန် အောက်တိုဘာ ၁၁**

ကရင်ပြည်နယ် ဖာပွန်မြို့၌ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဒေသခံလူငယ်များအလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ ၇ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသူရလွင်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှသင်တန်းသား ၃၂ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆေးပညာသတင်းဆန်းများ (၁၁၄)

ဒေါက်တာကံညွန့်

**တိရစ္ဆာန်ဦးချိုမှ ထုတ်လုပ်မယ့်အားဆေး**



လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ ကျော်လောက်ကပဲ အာရှနိုင်ငံတချို့ဖြစ်တဲ့ တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားနိုင်ငံတွေမှာ သမင်၊ ဒရယ်၊ ဆတ်စတဲ့ သတ္တဝါရဲ့ ချိုကိုသွေးပြီး အားဆေးအဖြစ် သောက်ခဲ့ကြတာရှိပါတယ်။ ဒါကို နယူးဇီလန်နိုင်ငံက ဆေးပညာရှင်တွေ အထူးစိတ်ဝင်စားခဲ့ကြပါတယ်။ ဒီလိုစိတ်ဝင်စားတဲ့အတိုင်း သူတို့ဟာ ဒီချိုတွေမှာ ပါဝင်တဲ့ ဓာတ်တွေကို လေ့လာခဲ့ကြပါတယ်။ ဒီလိုပြုလုပ်ခဲ့ကြသူတွေကတော့ နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့မှာရှိတဲ့ Ag Research Institute က သိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ဒီလေ့လာမှုကို ကနဦးစတင်ခဲ့တဲ့ ၁၉၉၀ လောက်ကတည်းကပဲ ဒီချိုတွေထဲကရတဲ့ ဓာတ်ပစ္စည်းတချို့ဟာ ဓာတ်ခွဲခန်းမှာ Cells တွေနဲ့ စမ်းသပ်ရာမှာလည်းကောင်း၊ သတ္တဝါလေးတွေကို စမ်းသပ်ရာမှာလည်းကောင်း၊ ကိုယ်ခံအားတိုးမြင့်စေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီမှာပါတဲ့ ဓာတ်ပစ္စည်းဟာ အများအပြားဖြစ်နေတာကြောင့် ပိုပြီးသေချာအောင် စစ်ဆေးခဲ့ရာက ယခုအခါ အောင်မြင်မှုရတော့မယ်လို့ ဒီသိပ္ပံပညာရှင်အဖွဲ့ကို ဦးဆောင်သူ Dr. Stephen Hines က ပြောကြားလိုက်ပါတယ်။ ယခု တောင်ကိုရီးယားနိုင်ငံက ထုတ်လုပ်နေတဲ့ Ginseng ဆေးမှာလည်း ဒီကထုတ်လိုက်တဲ့ ဓာတ်ပစ္စည်းတချို့ပါဝင်ပြီး ဒီဆေးထုတ်နေတဲ့ တောင်ကိုရီးယားနိုင်ငံ Korean Ginseng Corporation ကလည်း သူတို့ သုတေသနလုပ်ငန်းမှာ ကူညီဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ နယူးဇီလန်နိုင်ငံက DIN2 လို့ခေါ်တဲ့ Deer Industry New Zealand ကတော့ လူတွေအားဆေးအဖြစ် အသုံးပြုနိုင်တဲ့ သဘာဝဓာတ်ပစ္စည်းပါဝင်တဲ့ ဆေးကောင်းတစ်ခုကို မကြာခင် ထုတ်လုပ်နိုင်တော့မယ်လို့ ကြေညာလိုက်တာကို တင်ပြလိုက်ရပါတယ်။

**လယ်ယာလုပ်ငန်းမှ ကလေးများ ပန်းနာရင်ကျပ်ဖြစ်ဖို့ခဲယဉ်း**



နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လယ်ယာလုပ်ငန်းခွင်မှာ ကြီးပြင်းလာရတဲ့ ကလေးတွေဟာ ပန်းနာရင်ကျပ်(Asthma) ရောဂါဖြစ်ဖို့ ခဲယဉ်းတယ်။ ဒါဟာဘာကြောင့်လဲဆိုတာ ရှာဖွေတွေ့ရှိခဲ့တဲ့ သတင်းပါ။ ဒါကို တွေ့ရှိခဲ့သူတွေကတော့ ဘယ်လ်ဂျီယံနိုင်ငံ Ghent University နှင့် Flander Institute of Biotechnology က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ဒီကလေးတွေမှာ လယ်ယာလုပ်ငန်းခွင်က Dust တွေကြောင့် ကိုယ်ခန္ဓာထဲမှာဖြစ်ပေါ်လာတဲ့ A20 ခေါ်တဲ့ Anti Inflammatory Protein တစ်မျိုးကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီ Protein က အဆုတ်လေပြွန်တွေမှာရှိတဲ့ Epithelial Cells တွေကို မြန်မြန် Regenerate ဖြစ်အောင် ပြုလုပ်နိုင်တယ်။ ဒါကြောင့် Allegic Reactoin နှင့် Asthma ဖြစ်တာကို ကာကွယ်နိုင်တာဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ဟာ လယ်ယာလုပ်ငန်းခွင်က Dust တွေနဲ့ Bacteria တချို့ ပူးပေါင်းပြုလုပ်ထားတဲ့ Endotoxin ကို သာမန်ကြွက်ကလေးတွေမှာ နှစ်ပတ်ကြာထိုးထားပြီး ယင်းကြွက်ကလေးတွေကို ဘာမှ ထိုးမထားတဲ့ ကြွက်ကလေးတွေနှင့်အတူ Allegic Reaction နှင့် Asthma ဖြစ်အောင် စမ်းကြည့်တဲ့အခါ Endotoxin ထိုးထားတဲ့ ကြွက်ကလေးတွေဟာ Allergy ဖြစ်တာရော Asthma ဖြစ်တာပါမတွေ့ရဘဲ သာမန်ကြွက်ကလေးတွေက ဒီရောဂါ နှစ်မျိုးလုံးဖြစ်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ Asthma ရောဂါရှိသူတွေနှင့် Allegy ရောဂါရှိသူတွေအတွက် ကာကွယ်ဆေးဖော်စပ်နိုင်ဖို့ လမ်းစဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**Pancreatic ကင်ဆာကို ရပ်တန့်ထားနိုင်မယ့် ကုထုံးသစ်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကုရခက်တဲ့ Pancreatic ကင်ဆာဝေဒနာရှင်ကို ပိုပြီးအသက်ရှည်အောင် ကြာကြာနေနိုင်အောင် လုပ်ပေးနိုင်မယ့် ကုထုံးတစ်ခုကို တွေ့ရှိပြီလို့ ဆိုပါတယ်။ ဒီလိုတွေ့ရှိခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ ဟူစတန်မြို့ University of Houston Center of Nuclear Receptor and Cell Signaling(CNRCS) က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ Pancreatic ကင်ဆာမှာရှိနေတဲ့ LXR လို့ အမည်ပေးထားတဲ့ Liver X Receptor Cell တွေကို ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပြီး ဒီ Cells တွေဟာ ဒီကင်ဆာကျိတ်ကြီးထွားလာမှုအတွက် အရေးပါတဲ့ Cells ဖြစ်တယ်။ ဒီ Cells တွေကို ရှင်းလင်းနိုင်ရင် ကင်ဆာကျိတ်ကြီးထွားမှုကို ရပ်တန့်ပြီး ထိန်းထားနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ လုံးဝရောဂါပျောက်အောင် ကုသနိုင်မှာတော့ မဟုတ်ဘူးလို့ဆိုပါတယ်။ လောလောဆယ်မှာ ဒီ Cells သေစေနိုင်တဲ့ Chemical Compound တစ်ခုကို တွေ့ရှိထားပြီး ဒါကို စမ်းသပ်မှုတွေပြုလုပ်ရဦးမယ်လို့ ဆိုပါတယ်။ ဒီ Pancreatic ကင်ဆာဟာ သိရခက်ပြီး ဖြစ်လာရင် အသက်ကိုလျင်မြန်စွာ သေစေနိုင်တဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ အသေအပျောက်အများဆုံးဖြစ်တဲ့ ကင်ဆာရောဂါတွေထဲမှာ စတုတ္ထမြောက်ရောဂါတစ်ခုဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ဖူကူရှီးမားမြို့က လည်ပင်းအကျိတ်ကင်ဆာရောဂါ**

ဂျပန်နိုင်ငံ ဖူကူရှီးမားမြို့မှာ ၂၀၁၁ ခုနှစ် မတ်လက အင်အားပြင်းလျင်လှုပ်ပြီး ဖြစ်ပေါ်တဲ့ ဆူနာမီရေလှိုင်းဒဏ်ကြောင့် Tokyo Electric Power Co., ပိုင် Fukushima Daiichi Nuclear ဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရတာ အများသိပြီးဖြစ်ပါတယ်။ အခုသိရှိရတဲ့သတင်းကတော့ ဆေးပညာအရ စိတ်ဝင်စားစရာဖြစ်နေပါတယ်။ ဒါကဘာလဲဆိုရင် ဒီဒေသတစ်ဝိုက်က ကလေးတွေမှာ Thyroid ခေါ်တဲ့ လည်ပင်းအကျိတ်ကင်ဆာရောဂါ ထူးထူးခြားခြားများပြားနေတယ်ဆိုတဲ့ သတင်းပါ။ ဒီသတင်းကို ကမ္ဘာ့ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်လေ့လာရေးအဖွဲ့ (UN Nuclear Watch-



dog) အဖွဲ့ကြီးရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှာ အခြေစိုက်တဲ့ International Atomic Energy Agency နိုင်ငံတကာ နျူကလီးယားစွမ်းအင်အေဂျင်စီအဖွဲ့ကြီးကလည်း ဒီပြဿနာကို သတိကြီးစွာ စောင့်ကြည့်ဖို့လိုတယ်လို့ ပြောကြားလိုက်ပါတယ်။ အထူးသဖြင့် သောက်သုံးရေနှင့် လေထု၊ ပင်လယ်ထဲက ရေမှာ ရေဒီယိုသတ္တိကြွပစ္စည်းတွေ ဘယ်လောက်စိမ့်ဝင်နေသလဲကို ပြန်လည်ဆန်းစစ်ဖို့ လိုတယ်လို့ ဆိုပါတယ်။ ယခုနှစ်လေးနှစ်တာကာလအတွင်း ဒီလိုဖြစ်လာတာဟာ အရေးကြီးတဲ့ သတိထားစရာအချက်ဖြစ်တယ်။ ဂျပန်နိုင်ငံအစိုးရကတော့ ဒီစက်ရုံကြီးနှင့် ၁၂ မိုင်(၁၉ ကီလိုမီတာ)အကွာမှာရှိတဲ့ ဖူကူရှီးမားမြို့ကို မြို့သူမြို့သားတွေ စိတ်ချလက်ချ ပြန်လည်နေထိုင်ကြဖို့ တိုက်တွန်းထားပေမယ့် ဒီတွေ့ရှိချက်ဟာ ယင်းဒေသမှာ ပြန်လည်နေထိုင်ဖို့ စိတ်မချစရာဖြစ်နေကြောင်း တင်ပြလိုက်ရပါတယ်။

**အက်စ်ပရင်က အူမကြီးကင်ဆာကို ကာကွယ်နိုင်**

အက်စ်ပရင်စားဆေးနဲ့ Non-steroidal Anti-inflammatary Drug(NSAID) ဆေးတစ်မျိုးဖြစ်တဲ့ Lbuprofen ခေါ်တဲ့ ဆေးနှစ်မျိုးဟာ အသက် ၅၀ ကျော်အရွယ်တွေမှာအဖြစ်များတဲ့ Colorectal ကင်ဆာလို့ခေါ်တဲ့




အူမကြီးနှင့် မစင်အိမ်ကင်ဆာတွေကို အတော်အသင့် ကာကွယ်နိုင်တယ်ဆိုတာ သိခဲ့ကြပြီးပါပြီ။ ဒါပေမယ့် ဘယ်လောက်စားရမလဲ၊ ဘယ်လောက်ကြာကြာစားသုံးသင့်သလဲဆိုတဲ့ လေ့လာထားချက်မရှိခဲ့ကြပါဘူး။ ယခု ဒိန်းမတ်နိုင်ငံက ဆေးပညာရှင်ပြုလုပ်ခဲ့တဲ့ လေ့လာချက်တစ်ခုမှာတော့ ဒါတွေကို ဖော်ပြထားပါတယ်။ ဒီလေ့လာချက်မှာ အသက် ၅၀ ကျော်လူပေါင်း ၁၁၃၀၀၀ ပါဝင်ပြီး ၁၀ နှစ်ကြာ သုတေသနပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ၎င်းတို့လေ့လာချက်အရ အက်စ်ပရင်ဆေးပြားအသေး တစ်ရက်မှာ တစ်လုံး သို့မဟုတ် နှစ်လုံး ငါးနှစ်ကြာဆက်တိုက်စားသုံးသူတွေဟာ Colorectal ကင်ဆာဖြစ်ခြင်းက ၂၇ ရာခိုင်နှုန်းလွတ်မြောက်နိုင်တယ်လို့ ဆိုပါတယ်။ NSAID ဆေးပြားတစ်ပြား နေ့စဉ် ငါးနှစ်စားသုံးသူမှာတော့ ၃၀ ရာခိုင်နှုန်း ယင်းကင်ဆာမျိုးဖြစ်ခြင်းက လွတ်မြောက်နိုင်တယ်။ ဒါပေမယ့် ဒီဆေးတွေကို မိမိဘာသာစားသုံးခြင်းမပြုကြဘဲ သမားတော်ကြီးတွေနှင့် တိုင်ပင်ပြီးမှသာ စားသုံးသင့်တယ်လို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် အက်စ်ပရင်ဆေးဟာ အစာအိမ်ရောဂါရှိသူတွေနှင့် သွေးထွက်လွန်ရောဂါရှိသူတွေမှာ အန္တရာယ် ရှိနိုင်တာကြောင့် ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ကိုလက်စထရောဓာတ် မြင့်တက်နေသူတွေကို ကုသဖို့ Guideline သစ်**

လူနေမှုစနစ်မြင့်လာတာနှင့်အမျှ နှလုံးသွေးကြောကျဉ်းရောဂါဟာလည်း အဖြစ်များတဲ့ရောဂါတစ်ခုဖြစ်လာပါတယ်။ ဒီနှလုံးသွေးကြောကျဉ်းရောဂါကြောင့် Myocardial Infarct ခေါ်တဲ့ နှလုံးကြွက်သားအလုပ်မလုပ်နိုင်တော့ဘဲ နှလုံးခုန်ရပ်တရက်ရပ်ပြီး အသက်ဆုံးကြရတာပါ။ ဒီရောဂါဟာ ကိုလက်စထရောဓာတ်သွေးထဲမှာ မြင့်နေတာကိုမသိဘဲ နေမိကြသူတွေမှာ ပိုဖြစ်နိုင်ပါတယ်။ ဒါကြောင့် အသက် ၅၀ ကျော်ရောက်လာတဲ့လူတွေဟာ မိမိရဲ့သွေးထဲက ကိုလက်စထရောအခြေအနေကို စမ်းသပ်ဖို့လိုပါတယ်။ ဒီဓာတ်မြင့်တက်နေပြီဆိုရင် သက်ဆိုင်ရာနှလုံးရောဂါအထူးကု သမားတော်ကြီးတွေ




နဲ့ ကုသထားဖို့လိုပါတယ်။ အမေရိကန်နိုင်ငံမှာ ဒီကိုလက်စထရောဓာတ် သာမန်ရှိသင့်တာထက် ပိုမြင့်နေသူတွေ ၇၃ သန်းကျော်ရှိတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံက American College of Cardiology (ACC) အဖွဲ့နှင့် American Heart Association(AHA) အဖွဲ့ကြီးက ၂၀၁၃ ခုနှစ်မှာ ဒီဝေဒနာရှင်တွေအတွက် နှလုံးရောဂါဆရာဝန်တွေကုသနိုင်မယ့် Guideline တစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်အရ ကိုလက်စထရောဓာတ်မြင့်နေသူတွေကို ပထမဦးစွာStatin ဆေးအသုံးပြုဖို့ဖြစ်ပါတယ်။ ဒီဆေးပေးလို့ ကိုလက်စထရောဓာတ်နှစ်မျိုးရှိတဲ့အထဲက LDL လို့ခေါ်တဲ့ Low Density Lipoprotein ဓာတ်မကျနိုင်တဲ့သူတွေကိုသာ Statin နှင့်အတူ LDL ကျနိုင်တဲ့ ဆေးတစ်ခုတွဲဖက်ပေးဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် အခုဖော်ပြလာတဲ့ FDA က နောက်ဆုံးအသိအမှတ်ပြုပေးလိုက်တဲ့ Regeneron နှင့် Sanofi ဆေးကုမ္ပဏီက ထုတ်လိုက်တဲ့ Praluent ခေါ်တဲ့ဆေးနှင့် Amegan ကုမ္ပဏီကထုတ်လိုက်တဲ့ Repatha ဆိုတဲ့ ဆေးနှစ်မျိုးဟာ LDL ကို ၆၀ ရာခိုင်နှုန်းကျဆင်းနိုင်တယ်လို့ ဆိုပါတယ်။ ယင်းဆေးနှစ်မျိုးစလုံးက LDL ကို သွေးထဲမှာများစေတဲ့ Protein တစ်မျိုးဖြစ်တဲ့ PCSK-9 ကို တားနိုင်တာကြောင့်လို့ ဆိုပါတယ်။ ဒီဆေးတွေဟာ လူနာတစ်ဦး တစ်နှစ်စာအတွက် USD 15000 ကုန်ကျနိုင်ပြီး Statin ကတော့ တစ်လမှာ USD 50 တစ်နှစ်မှာ 600 သာ ကုန်ကျနိုင်တာဖြစ်ပါတယ်။ ဒီဆေးတွေပေါ်လာတာကြောင့် ဒီဆေးကုမ္ပဏီတွေနဲ့ အသက်အာမခံကုမ္ပဏီတွေက ACC အဖွဲ့ကြီးနဲ့ AHA အဖွဲ့ကြီးတွေ ဒီဆေးတွေကို အသုံးပြုအောင် ညွှန်ကြားပေးဖို့ သူတို့ရဲ့ Guideline ကို ပြောင်းပေးစေချင်ကြပါတယ်။ ဒါပေမယ့် အဖွဲ့ကြီးကတော့ ဒီဆေးတွေရဲ့ အကျိုးသက်ရောက်မှုကို လေ့လာစောင့်ကြည့်ရမယ်လို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။ ။

---

## ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေး



**ဂန့်ဂေါ အောက်တိုဘာ ၁၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရာတင်၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့် ဂန့်ဂေါမြို့မရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူးကြည်ငွေတို့က ဆောင်ရွက်ထားသော လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မဲရုံအသီးသီးတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ (၁၀၁)



# ခြေစစ်ပွဲအောင်နိုင်ရေး အပြိုင်ကြိုးစားကြမည့် ယူရို ၂၀၁၇ ယူ – ၂၁ ခြေစစ်ပွဲ

**မိုးမြင့်လင်းလက်**

***ယူရို ၂၀၁၇ ယူ–၂၁ ခြေစစ်ပွဲတွေကို အောက်တိုဘာ ၁၃ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ အုပ်စုပထမအဖြစ် အပြိုင်လုကြမယ့် အသင်းတွေနဲ့ ခြေစစ်ပွဲအောင်ဖို့ ခိုင်မာတဲ့ခြေလှမ်း လှမ်းနိုင်ရေး အပြိုင်အားထုတ်ကြမယ့် ပွဲစဉ်တွေကြောင့် ဒီတစ်ပတ်ကြားရက်မှာလည်း ပွဲကောင်းတွေနဲ့ စည်ဝေနေဦးမှာ ဖြစ်ပါတယ်။***

**စကော့တလန်နှင့်အိုင်စလန်**

အုပ်စု(၃)မှာတော့ အိုင်စလန်တို့ လေးပွဲကစားပြီးချိန်မှာ ၁၀မှတ်နဲ့ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ စကော့တလန်တို့ကတော့ တစ်ပွဲသာကစားရသေးပေမယ့် နိုင်ပွဲရပြီး သုံးမှတ်အပြည့်ရယူထားနိုင်လို့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ စကော့တလန်တို့ဟာ မြောက်အိုင်ယာလန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ ခြေတက်နေတဲ့ ယူကရိန်းတို့ သတိထားရပါလိမ့်မယ်။ စကော့တလန်လူငယ်တွေဟာ ပြိုင်ဘက်ခံစစ်ကို ရဲရဲဝံ့ဝံ့ ထိုးဖောက်ကစားတတ်တာမို့ အိုင်စလန်တို့ လူစုံကစားမှရပါလိမ့်မယ်။ ဒါပေမယ့် နောက်ဆုံး ငါးပွဲမှာ ရှုံးပွဲမရှိအောင် ကစားထားနိုင်တဲ့ အိုင်စလန်ရဲ့ ခြေစွမ်းကြောင့် စကော့တလန်တို့ တစ်မှတ်ရရင်ပဲ ကျေနပ်ရမယ့်ရလာဒ်အဖြစ် သတ်မှတ်ရမှာပါ။

**ဟန်ဂေရီနှင့်အယ်လ်ဘေးနီးယား**

အုပ်စု(၄)မှာ နှစ်ပွဲကစားပြီးတဲ့ ဟန်ဂေရီတို့ဟာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရရှိထားသလို အယ်လ်ဘေးနီးယားတို့ကလည်း သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ လေးမှတ်ရထားပါတယ်။ နှစ်သင်းစလုံး ပေါ်တူဂီကို ရှုံးခဲ့ပေမယ့် အယ်လ်ဘေးနီးယားတို့က ဂိုးဒါဇင်ဝက်အသွင်းခံရပြီး ရှုံးနိမ့်ခဲ့တာမို့ အခုပွဲမှာ ဟန်ဂေရီတို့ အနိုင်ကစားဖို့ ကြိုးစားလာပါလိမ့်မယ်။ လက်ချင်စတိန်းကို ခြောက်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ခြေစွမ်းမျိုး ပြန်ရရင်တော့ အယ်လ်ဘေးနီးယားတို့ အနိုင်ဆိုတာ မျှော်လင့်လို့မရနိုင်ပါဘူး

**အာမေးနီးယားနှင့်လူဇင်ဘတ်**

အုပ်စု(၅)မှာတော့ အာမေးနီးယားတို့က သုံးပွဲကစားပြီး ပွဲတိုင်းရှုံးထားပါတယ်။ လူဇင်ဘတ်တို့ကလည်း သုံးပွဲကစားပြီး နိုင်ပွဲတစ်ပွဲမှ မရသေးပါဘူး။ လက်ရှိအခြေအနေအရ နှစ်သင်းစလုံး ခြေစစ်ပွဲအောင်ဖို့ အလားအလာမရှိပေမယ့် ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ကြမယ့်ပွဲပါပဲ။ ဒီနှစ်သင်းမှာ အိမ်ရှင်လည်းဖြစ်တဲ့အပြင် တိုက်စစ်ပါပိုကောင်းတဲ့ အာမေးနီးယားတို့ ကပ်ပြီးနိုင်သွားနိုင်ပါတယ်။

**ဂျော်ဂျီယာနှင့်အက်စ်တိုးနီးယား**

အုပ်စု(၆)မှာ ဂျော်ဂျီယာတို့ သုံးပွဲကစားပြီး သုံးမှတ်ရထားပါတယ်။ အက်စ်တိုးနီးယားတို့ကတော့ လေးပွဲကစားပြီးချိန်အထိ ရှုံးပွဲတွေချည်း ကြုံတွေ့နေခဲ့ရလို့ အမှတ်မရသေးပါဘူး။ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်မရှိတော့တဲ့ အက်စ်တိုးနီးယားကို ဂျော်ဂျီယာတို့ အနိုင်ကစားမယ့်ခြေစွမ်းရှိတဲ့အပြင် ဂိုးပြတ်နိုင်ပွဲရလာဒ်ကို ဖော်ဆောင်ပါလိမ့်မယ်။

**ဖာရိုးကျွန်းစုနှင့်ဂျာမနီ**

အုပ်စု (၇)မှာ ဂျာမနီလူငယ်တွေ နှစ်ပွဲကစားပြီး ခြောက်မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဖာရိုးကျွန်းစုကတော့ နှစ်ပွဲကစားပြီး အမှတ်မရသေးပါဘူး။ ဖင်လန်နဲ့အဇာဘိုင်ဂျန်ကို နိုင်ပွဲတွေ ဆက်တိုက်ရနေတဲ့ ဂျာမနီတို့ဟာ ဖာရိုးကျွန်းစုကို အသာစီးယူပြီး ဂိုးပြတ်သွင်းအနိုင်ရဖို့ အားထုတ်ပါလိမ့်မယ်။

# လေးနှစ်အတွင်း ဖလားရဖို့ လီဗာပူးနည်းပြသစ်မျှော်လင့်ထား

လီဗာပူးနည်းပြသစ် ဂျာဂျင်ကလော့က သူ့အနေနဲ့ လေးနှစ်အတွင်း ပရီမီယာလိဂ်ဖလားရအောင် ကြိုးစားပေးမယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ အသက် ၄၈နှစ်အရွယ်သာရှိသေးတဲ့ဒေါ့မွန်နည်းပြဟောင်း ဂျာဂျင်ကလော့ကို လီဗာပူးက ရလာဒ်တွေမကောင်းခဲ့လို့ နည်းပြရာထူးမှထုတ်ပယ်လိုက်တဲ့ ဘရီဒန်းရော်ဂျာနေရာမှာ သုံးနှစ်စာချုပ်နဲ့ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ပါတယ်။ သူဟာ အရည်အချင်းပြည့်ဝတဲ့နည်းပြကောင်းတစ်ဦးဖြစ်ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါမှာ နာမည်ကြီးနည်းပြတစ်ဦးဖြစ်ပါတယ်။ လီဗာပူးအသင်းရဲ့ စကားသမားအပြောင်းအရွှေ့ကို အကောင်းဆုံးထိန်းချုပ်ပြီး ခြေစွမ်းပြနိုင်တဲ့အသင်းအဖြစ် ရပ်တည်လာနိုင်အောင် ကြိုးစားပေးသွားမယ်လို့ ဆိုပါတယ်။


လီဗာပူးအသင်း ပြန်လည်အောင်မြင်ဖို့ စီရော်နယ်ဒိုတို့လို၊ မက်ဆီတို့လို ကစားသမားတွေ ခေါ်စရာမလိုဘဲ အကောင်းဆုံးအသင်းဖြစ်အောင် ကြိုးစားပေးသွားမှာဖြစ်တယ်လို့ ဂျာဂျင်ကလော့က ဆိုပါတယ်။




# အင်္ဂလန်သမိုင်းမှာ ဂိုးအများဆုံး ရွန်းနေကို ရွှေဖိနပ်ဆုပေးပြီ

မန်ယူတိုက်စစ်မှူး ရွန်းနေကို အင်္ဂလန်ဘောလုံးသမိုင်းမှာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့အတွက် ဆာဘော်ဘီချာလ်တန်က ရွှေဖိနပ်ဆုပေးခဲ့ပါတယ်။ အင်္ဂလန်အသင်းခေါင်းဆောင်ရွန်းနေဟာ ပြီးခဲ့တဲ့လက အင်္ဂလန်ဘောလုံးသမိုင်းမှာ ဂိုးအများဆုံးသွင်းယူပေးနိုင်ခဲ့တဲ့တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။ သို့ပေမယ့် ရွန်းနေဟာ သောကြာနေ့က အက်စ်တိုနီးယားကို အင်္ဂလန်က နှစ်ဂိုးပြတ်နဲ့အနိုင်ရတဲ့ပွဲမှာတော့ ပေါင်ဒဏ်ရာရမှုကြောင့် လွဲချော်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာ ရွန်းနေဟာ ဂိုးပေါင်း ၅၀ နဲ့ အင်္ဂလန်သမိုင်းမှာ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးအဖြစ် ရပ်တည်လျက်ရှိပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူးရွန်းနေကိုအင်္ဂလန်က အက်စ်တိုးနီးယားကို ယူရိုခြေစစ်ပွဲအဖြစ်နှင့် ဂိုးပြတ်နဲ့အနိုင်ရတဲ့ပွဲမှာ အထိမ်းအမှတ်တစ်ရပ်အဖြစ် ဆာဘော်ဘီချာလ်တန်က ရွှေဖိနပ်ဆုကို ချီးမြှင့်ခဲ့ပါ တယ်။ ဆာဘော်လ်ဘီချာလ်တန်ထက် နှစ်ဂိုးအသာသွင်းယူထားတဲ့ရွန်းနေကို ပရိသတ် ၇၅၄၂၇ ဦး ရှေ့မှောက်မှာ ၂၄ကာရက်ရှိတဲ့ ရွှေဖိနပ်ကို ဆာဘောဘီချာလ်တန်က ပေးအပ်ခဲ့ပါတယ်။





# ဒဏ်ရာများနဲ့ လွဲချော်ဦးမယ့် ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး

ဘိုင်ယန်မြူးနစ် နာမည်ကြီးတိုက်စစ်မှူး မာရီယိုဂေါ့ဇီဟာ ပေါင်ခြံဒဏ်ရာရရှိပြီးတဲ့နောက် ၁၂ ပတ်ကြာ အနားယူရမယ်လို့ဆိုပါတယ်။ ဂျာမန်တိုက်စစ်မှူး ဂေါ့ဇီဟာ အိုင်ယာလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားတဲ့ပွဲမှာ ပထမပိုင်းမှာ ဒဏ်ရာရပြီး ပြိုင်ပွဲမှထွက်ခွာသွားခဲ့ရပါတယ်။ ဂေါ့ဇီဟာ အာဆင်နယ်နဲ့ကစားပေမယ့် ချန်ပီယံလိဂ်မှာလည်း လွဲချော်မှာဖြစ်ပါတယ်။ သူဟာ အာဆင်နယ်နဲ့ ကစားမယ့် ချန်ပီယံလိဂ်မှာ အိမ်ကွင်းရော အဝေးကွင်းပါ လွဲချော်မှာဖြစ်တယ်။ အာဆင်နယ်အသင်းအနေနဲ့ အဖွင့်အုပ်စုပွဲနှစ်ပွဲ ရှုံးနိမ့်ထားတဲ့အတွက် ဘိုင်ယန်မြူးနစ်ကို အနိုင်ကစားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဂေါ့ဇီ ဒဏ်ရာရထားတဲ့အတွက် ဘိုင်ယန်မြူးနစ်အနေနဲ့ တိုက်စစ်အတွက် ဂိုးသွင်းယူပေးနိုင်မယ့် အဓိကတိုက်စစ်မှူး ဆုံးရှုံးသွားခြင်းဖြစ်ပါတယ်။

**ကောင်းမြတ်သူ – စုစည်းသည်။**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောဓာတ်အားလိုင်းများ ပြုပြင်ပြီးစီး

**မကွေး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ စက်တင်ဘာ ၃၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ယိုင်လဲပျက်စီးသွားသော ဓာတ်အားလိုင်းများကို မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးက အချိန်နှင့်တစ်ပြေးညီ ပြန်လည် ပြုပြင်နိုင်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့ပေါ်ရှိ ရပ်ကွက်များသို့ လျှပ်စစ်ဖြန့်ဖြူးပေးလျက်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ဗို့ ဓာတ်အားလိုင်းများနှင့် စည်ပင်ဌာနပိုင် ထရန်စဖော်မာနှစ်လုံး ပျက်စီးခဲ့ပြီး မကွေးမြို့တွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။

ထိုပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မကွေးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွှေး ဦးစီး၍ ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများနှင့် မင်းဘူးခရိုင်နှင့် တောင်တွင်း၊ ရေနံချောင်းမြို့နယ်မှ လျှပ်စစ်ဝန်ထမ်းများ အင်အားဖြည့်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြင့် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီး တစ်မြို့လုံး အတိုင်းအတာဖြင့် ဓာတ်အားပြန်လွှတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**



ယိုင်လဲသွားသော ဓာတ်တိုင်များကို ပြန်လည်ပြုပြင်နေစဉ်။

# တိရစ္ဆာန်အာဟာရဗေဒသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ တိရစ္ဆာန်အာဟာရဗေဒသင်တန်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မကွေးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်လွင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၃၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကာ တိရစ္ဆာန်မွေးမြူသူများအတွက် အထောက်အကူပြုစေမည့် တိရစ္ဆာန်အာဟာရဗေဒအကြောင်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၀၂၁)

# သရက်မြို့ ကမ်းနားလမ်းမြေထိန်းနံရံ ဒုတိယအကြိမ် ထပ်မံပြိုကျ



**သရက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ ဈေးရပ်ကွက် ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံကို ပြုပြင်ရန်မြေတူးနေစဉ် အောက်တိုဘာ ၇ ရက်က ပြိုကျခဲ့ပြီး လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံသည် အလျားပေ ၂၀၀၊ အမြင့် ၉ ပေနှင့် ထု ၂ ပေခွဲရှိကာ သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်လုပ်ငန်းမှ ရန်ပုံငွေ ကျပ်သိန်း ၁၇၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဧပြီလအတွင်း တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီး နှစ်လခန့်အကြာ ဇူလိုင် ၂၃ ရက်တွင် ပေ ၄၀ ခန့် ပြိုကျပျက်စီးခဲ့သည်။ အဆိုပါပြိုကျသည့်နေရာတွင် အသစ်ပြန်လည်တည်ဆောက်ရန် အောက်တိုဘာလ ဆန်းပိုင်းမှစ၍ မြေတူးနေစဉ် ယခုဒုတိယအကြိမ် ထပ်မံပြိုကျခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောဆိုသည်။

**ပေါက်ကလေး(သရက်)**

# ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ထုတ်ပေး

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘကျေးရွာအုပ်စု တောင်ဘကျေးရွာမှ ဒေသခံပြည်သူများအား မြေငှားဂရန်များကို အောက်တိုဘာ ၉ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် နေထိုင်လျက်ရှိသည့် မူလရွာမြေတွင် ပါဝင်သည့် အိမ်ထောင်စုများအား မြေငှားဂရန်ပေးအပ်ပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သစ္စာမဂ္ဂင်ဓမ္မာရုံ၌ အောက်တိုဘာ ၉ရက်က ကျင်းပခဲ့ရာ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က မြေငှားဂရန်များပေးအပ်ရခြင်းနှင့် မြေငှားဂရန်ရရှိ ပိုင်ဆိုင်ထားသည့်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စိုးရွှေနှင့် တာဝန်ရှိသူများက တောင်ဘကျေးရွာ အိမ်ထောင်စု ၂၅၈ စုအနက် မူလရွာမြေတွင်ပါဝင်သည့် အိမ်ထောင်စု ၁၄၃ စုထံသို့ မြေငှားဂရန်များ ပေးအပ်ခဲ့သည်။ ကျန်ရှိသည့် အိမ်ထောင်စု ၁၁၅ စုအတွက် မြေငှားဂရန်များကို ဆက်လက်ပေးအပ်သွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့မှ သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

**သာစည်**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ဆည်ကြီး(တောင်)ကျေးရွာ၌ ဒေသခံပြည်သူများ နေထိုင်ပိုင်ဆိုင်သည့် အိမ်မြေကွက်များအား ပိုင်ဆိုင်မှုခိုင်မာသည့် တရားဝင်အထောက်အထားဖြစ်သော မြေငှားဂရန်များ ထုတ်ပေးသည့်အခမ်းအနားကို ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၉ရက်က ကျင်းပခဲ့သည်။

မြေငှားဂရန်များထုတ်ပေးရာတွင် ဆည်ကြီး(တောင်)ကျေးရွာရှိ အိမ်ထောင်စု ၁၁၀ မှ မူလကျေးရွာမြေတွင်ပါရှိသည့် အိမ်ထောင်စု ၄၈ စုအတွက် ပထမဆုံးထုတ်ပေးခြင်းဖြစ်ပြီး ကျန်ရှိနေသော အိမ်ထောင်စု ၆၂ စုအတွက်လည်း မြေငှားဂရန်များ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက ကျေးရွာနေပြည်သူများအနေဖြင့် မြေငှားဂရန်များ လက်ဝယ်ရှိထားခြင်းဖြင့် ရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးဦးညွန့်ငွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများထံ မြေငှားဂရန်များကို လက်ရောက်ပေးအပ်ခဲ့သည်။

**ထွန်းထွန်း (သာစည်)**

**ကျောက်ပန်းတောင်း**

ကျေးလက်ဒေသနေပြည်သူများ မိမိတို့ပိုင်ဆိုင်သည့် ကျေးရွာအိမ်ဝင်းမြေကွက်များတွင် ခိုင်မာသည့်တရားဝင်အထောက်အထားများရရှိပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန်အတွက် မြေငှားဂရန်(မြေငှားစာချုပ်)များကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင် ကျေးရွာမှ ဒေသခံပြည်သူများထံ အောက်တိုဘာ ၉ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များ ပေးအပ်ပွဲတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က မြေငှားဂရန်များချထားပေးသည့် ရည်ရွယ်ချက်နှင့် မြေငှားဂရန်များပိုင်ဆိုင်ထားသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုစီသို့ မြေငှားဂရန် (မြေငှားစာချုပ်)များကို လက်ရောက်ပေးအပ်ခဲ့သည်။ မြေငှားဂရန်များ ထုတ်ပေးရာတွင် လယ်ယားတောင်ကျေးရွာရှိ အိမ်ထောင်စု ၁၁၂ စု၏ အိမ်မြေကွက်ပေါင်း ၁၁၂ ကွက်ကို ၁၀နှစ် မြေငှားဂရန်များအဖြစ် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြေငှားဂရန်များကို ရရှိသူများအနေဖြင့် မိမိတို့ပိုင်မြေကို မိမိစိတ်တိုင်းကျ စီမံခန့်ခွဲခွင့် ရရှိမည်ဖြစ်သဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက်လည်းကောင်း အရင်းအနှီးအဖြစ်ပါ အသုံးချနိုင်မည့် အခွင့်အလမ်းများကိုပါ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**နေအောင် (iprd)**

# ရွေးကောက်ပွဲကာလလုံခြုံရေးဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး

**ဖရူဆို အောက်တိုဘာ ၁၁**

ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ထားမှုများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အထွေထွေရွေးကောက်ပွဲအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအသေးစိတ်နှင့် မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးထွန်းထွန်းလင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း အသိပညာပေးမှုများကိုရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

# ဒက္ခိဏသီရိမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကျင်းပသော လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီက ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာ ဓမ္မာရုံတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်ရဲဝင်းလွင်က လူကုန်ကူးမှုဖြစ်စဉ်၊ လူကုန်ကူးမှုနောက်ခံသမိုင်း၊ ရွှေ့ပြောင်းသွားလာမှု၊ လူရောင်းစားမှုဖြစ်စဉ်၊ လုပ်အားခေါင်းပုံဖြတ်မှု၊ လူကုန်ကူးမှု ဆက်နွှယ်မှုပြစ်ဒဏ်များကို ဟောပြောခဲ့သည်။

**သူဇာလှိုင်(စက်မှု)**



# ဖိတ်ကြားလွှာ

C.M.A. ပုညကုသလဗဟုကရအသင်း၏ (၁၁၇)ကြိမ်မြောက် အသင်းတည်ထောင်နေ့ မိတ်ဆုံညစာစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်နေ့ရက်** ။ ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၆ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန်** ။ ။ ညနေ ၆ နာရီ
**ကျင်းပမည့်နေရာ** ။ ။ တော်ဝင်မေဟွားမင်္ဂလာခန်းမ၊ သိမ်ကြီးဈေး (D)ရုံ၊ငါးလွှာ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

- မိတ်ဆုံစားပွဲလက်မှတ်များကို တစ်စောင်လျှင်-၁၀၀၀၀/-နှုန်းဖြင့် အသင်းရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။
- ၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းသားများ၏ သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါ၍ ဖခင်၏ နိုင်ငံသားလက်မှတ်မိတ္တူ၊ အသင်းဝင်လက်မှတ်မိတ္တူ၊ ကာယကံရှင်၏ နိုင်ငံသားလက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အမှတ်စာရင်းမူရင်းနှင့် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံတို့ကိုယူဆောင်ပြီး အသင်းရုံးခန်းသို့ ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။
- သတ်မှတ်ရက်ကျော်လွန်သောပညာရည်ချွန်ဆုလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

**အမှုဆောင်အဖွဲ့**
**C.M.A. ပုညကုသလဗဟုကရအသင်း**
**အခန်း(၁၀၂)၊ အမှတ် ၇၃-၇၉၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၆၆၈၅၊ ၀၉-၇၈၅၂၁၆၆၈၅**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် K/8234 TNI ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မြိတ်မြို့)**

SUN FAR
TRAVELS & TOURS CO., LTD.
ကြည့်မြင်တိုင်၊ မြေနီကုန်း၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်မြို့နယ် များရှိ ခရီးသွားများအတွက် အဆင်ပြေဆုံး Location, ကျယ်ဝန်းသော Car Parking
ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ဈေးနှုန်းအသက်သာဆုံးနှင့် အဆင်ပြေဆုံးService
SUN FAR (အလုံမြို့နယ်) လေယာဉ်လက်မှတ်အရောင်းဌာန
အခန်း(၁၆)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်စုပေါင်းရုံးဝင်း၊ Tel: 01-2301 999
အောက်ကြည့်မြင်တိုင်လမ်း၊ သခင်မြပန်းခြံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။



**2007 MODEL (2013 FACE) MERCEDES BENZ GL 550 ရောင်းမည်**

အဖြူရောင်၊ ဘယ်မောင်း၊ ခုံ ၃တန်း၊ 4500 CC ၊ 9E ၊ SERVICE CENTRE တွင် ALL CHECK လုပ်ပြီး၊ လေအိတ် ၄လုံး/ တာယာ ၄လုံး/ ဘရိတ် DISC ၄ခု/ ဘက်ထရီ/ အင်ဂျင်ဝိုင်/ ပါဝါကန်း/ အသစ်လဲပြီး (၁၆၁)သိန်းဖိုး ပြင်ဆင်ပြီး



09 430 21001
သိန်း (၁၀၀၀)ညှိနှိုင်း

ပေါ့ပါးလွယ်ကူသည့်... FIRE.Safe မီးသတ်ဆေးဘူး




ဆက်သွယ်မှာယူရန် - 09 440 444444. 09 458 222222
မီးသတ်ထောက်ခံချက်ရရှိပြီး
အမြို့မြို့အနယ်နယ်ရှိ Super Market ၊ ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။

FAME
HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1117)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
HerbalFresh®
Mental refreshment
စိတ်ကြည်ဆေး
TMR 011255 (1117)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## TTC သက်ကြီးအာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကျောင်းသား/သူ ဟောင်းများ၏ သက်ကြီးအာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် အသက်(၇၀)နှစ် နှင့်အထက် (သို့မဟုတ်) လေ့ကျင့်ရေးကျောင်း လုပ်သက် (၃၅)နှစ် အနည်းဆုံးရှိသော ဆရာကြီး/ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၅.၁၀.၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၈း၀၀) မှ (၁၀း၀၀) နာရီ
နေရာ - M3 Food Centre ၊ ဗဟန်းမြို့နယ်၊

(ပါဝင်လှူဒါန်းလိုသူများဖြစ်မြောက်ရေးကော်မတီ 09-5115685, 09-73191516 သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။) (ဖြစ်မြောက်ရေးကော်မတီ)

## ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
## ပညာရည်ချွန်ဆုပေးအပ်ပွဲရက်ပြောင်းရွှေ့ခြင်း

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ၂၇-၉-၂၀၁၅ (တနင်္ဂနွေနေ့)ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သော ၁၈-၁၀-၂၀၁၅(တနင်္ဂနွေနေ့)အစား ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၉ နာရီသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်သောကြောင့် အသင်းသား အသင်းသူများသည် ခရမ်းမြို့ သကျံမာရဇိန်သွန်းဘုရားကြီး သာသနာ့ဗိမာန်တော်သို့ ကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာပန်ကြားနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

### စာရင်းပေးသွင်းရန် ဖိတ်ကြားခြင်း

မြန်မာဒေါင်းဆင်ဒရန်းအသင်း(ဖြစ်မြောက်ရေးကော်မတီ)နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ Down Syndromeများအား သွားကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် သွားကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ၂၅-၁၀-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း အမှတ်(၂)သံတမန်လမ်း၊ ဒဂုံမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ပါဝင်လိုသော Down Syndrome တစ်ဦးလျှင် စောင့်ရှောက်မည့်သူ မိဘ(သို့မဟုတ်) အုပ်ထိန်းသူတစ်ဦးလိုက်ပါပေးပါရန်နှင့် ၁၅-၁၀-၂၀၁၅ ရက် ညနေ ၅ နာရီနောက်ဆုံးထားပြီး ဖော်ပြပါ ဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ် စာရင်းပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါ်မျိုးပပ ဖုန်း-၀၉-၅၀၄၀၀၉၆၊ ဒေါ်အစ္စဘဲလ် ဖုန်း-၀၉-၄၂၀၇၂၃၀၉၉၊ ဒေါ်စောကေရီထွန်း ဖုန်း-၀၉-၄၂၀၁၈၇၁၂၂၊ ဒေါ်မာလာဖြူ ဖုန်း-၀၉-၅၀၆၃၇၆၆၊ ဒေါ်နွေးနွေးအိမ့် ဖုန်း-၀၉-၂၅၃၄၂၃၉၉၃**
**မြန်မာဒေါင်းဆင်ဒရန်းအသင်းဖြစ်မြောက်ရေးကော်မတီ**

## စစ်ကိုင်းမြို့ (ယခင်) အထက(၃)
## ကျောင်းသားဟောင်းများအာစရိယပူဇော်ပွဲ

စစ်ကိုင်းမြို့၊ ကမ်းနားလမ်း၊ ယခင်အထက(၃)ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီတွင် အောင်ထူးခန်းမ၌ မိတ်ဆုံစားပွဲကျင်းပပြီး နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ ထူပါရုံ ရွှေကျောင်းခန်းမ၌ ကန်တော့ပွဲ အခမ်းအနားကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော အဝေးရောက်ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | |
|---|---|
| ဒေါ်ပင်မြင့်စံ (ရန်ကုန်) | ဖုန်း-၀၉-၇၃၂၄၀၇၅၃ |
| ဒေါ်မေစန်းဝေ (မန္တလေး) | ဖုန်း-၀၂-၆၈၃၈၀ |
| ဒေါ်ဝင်းဝင်းနု (စစ်ကိုင်း) | ဖုန်း-၀၇၂-၂၁၂၀၉ |
| ဦးဆွေတင့် (စစ်ကိုင်း) | ဖုန်း-၀၇၂-၂၁၄၀၁ |
| ဦးသက်ထွန်း (စစ်ကိုင်း) | ဖုန်း-၀၉-၃၃၀၉၂၃၁၁ |
| ဦးခင်အောင် (မုံရွာ) | ဖုန်း-၀၉-၃၃၂၀၀၂၈၃ |
| ဦးမြင့်ကို (ရွှေကြက်ယက်) | ဖုန်း-၀၉-၂၀၃၈၇၉၁ |
| ဦးသန်းလှ အင်း၀) | ဖုန်း-၀၉-၂၁၇၄၀၅၅ |

## အထက(စဥ့်ကိုင်)ကျောင်းသား ကျောင်းသူဟောင်းများ
## သတ္တမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချခဲ့သော အသက် (၆၀)ပြည့်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက အာစရိယဂုဏ်ကိုရည်မှတ်၍ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကြွရောက်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက် (၂၆-၁၀-၂၀၁၅)ရက် တနင်္လာနေ့
**အချိန်** - မွန်းတည့် ၁၂း၀၀နာရီ အခမ်းအနားစတင်မည်ဖြစ်ပါသည်။ (ကြွရောက်လာသူအားလုံးကို နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပါမည်။)
**နေရာ** - အထက စဥ့်ကိုင်၊ သဇင်ခန်းမ။

**ဆက်သွယ်လှူဒါန်းရန်နေရာများ**

ရန်ကုန် - ကိုဇော်မျိုးထက် ဖုန်း-၀၉-၅၁၁၃၁၀၅
နေပြည်တော် - ကိုရာဇာလင်း(နေပြည်တော်စည်ပင်) ဖုန်း-၀၉-၂၂၀၀၇၉၄
မန္တလေး - ဦးထွန်းထွန်း (စူပါ-တာယာ) ဖုန်း-၀၉-၂၀၀၀၉၄၆
ဦးကျော်ညွန့်၊ ရွှေနေ ဖုန်း-၀၉-၂၀၀၉၄၁၈
ကျောက်ဆည် - ကိုမျိုးသက် (ရွှေရတီ) ဖုန်း-၀၉-၂၀၀၁၀၁၉
စဥ့်ကိုင် - ကိုကျော်ကျော်စိုး (ရွှေဝါလှိုင်) ဖုန်း-၀၉-၇၈၃၈၃၄၀၂၂
ကိုမျိုးထွေး (မဟာကဖေး) ဖုန်း-၀၉-၇၉၈၅၂၉၁၁၅
ဘဏ်အကောင့်နံပါတ်များ - မြန်မာ့စီးပွားရေးဘဏ်(စဥ့်ကိုင်) SH-00419
ကျောက်ဆည် (CB)ဘဏ် 0023600100029386

နီးစပ်ရာကျောင်းသား ကျောင်းသူဟောင်းများထံတွင်လည်း အလှူငွေများဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက စဥ့်ကိုင်**

### ပြန်ဆုံကြမယ်

ညီရင်းအစ်ကိုတမျှ ခင်မင်ခဲ့ကြသော
၁။ ဦးထွန်းကျော်(မင်းကြီးညို)တောင်ငူ
၂။ ဦးအောင်ကျော်မြင့် (ရွာသစ်ကြီး) စစ်ကိုင်း
၃။ ဦးမျိုးမြင့်ကြီး၊ မုံရွာ
၄။ ဦးလေးနိုင်(မ/ဒဂုံ)ရန်ကုန်တို့မှ
ချစ်ညီလေးထံ ဆက်သွယ်ကြပါရန်
**ဖုန်း-၀၉-၄၀၀၅၃၅၁၀၅၊**
**၀၉-၂၅၉၁၄၇၀၉၁**

### ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မစန္ဒာထွေး၏ အမည်မှန်မှာ မလွေးစန္ဒာထွေးဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးအိုက်ရီ ၁၃/မဆတ(နိုင်)၀၆၂၄၇၅ ဖြစ်ပါကြောင်း။

**ဦးအိုက်ရီ**
**၁၃/မဆတ(နိုင်)၀၆၂၄၇၅**

### အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (C)မှ မဓော်အောင်၏ အမည်မှန်မှာ မလွေးမိုးအောင် ၁၃/မဆတ(နိုင်)၀၆၈၀၆၁ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁-၁၉၉၉ ခုနှစ်ဖြစ်ပါကြောင်း။

**မလွေးမိုးအောင်**
**၁၃/မဆတ(နိုင်)၀၆၈၀၆၁**

### အမည်ပြောင်း

တောင်ငူမြို့နယ်၊ ကျွန်းကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ ဦးလှစိုး၏သမီး မဖြိုးသန္တာကျော်အား မနွေဦးခင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနွေဦးခင်၇/တငန(နိုင်)၂၀၈၂၉၀**

### ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (E)၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော မဝင်းသူဇာ (၁၉-၄-၁၉၉၉)၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း (ခ)ဦးဝင်း ၇/အတန(နိုင်)၀၈၁၈၉၇ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်လင်းမောင်၏ မိခင်အမည်မှန်မှာ ဒေါ်ဟံအေး ၉/မထလ(နိုင်)၀၃၉၉၂၂ ဖြစ်ပါကြောင်း။

### အမည်မှန်ဖြစ်ကြောင်း

ဦးရွှေဖီးကွေး၏သမီး လားရှိုးမြို့၊ အထက (၈)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မရွှေမာတာ (ကျောင်းဝင်အမှတ် -၄၀၄)၏ အမည်မှန်မှာ မရွှေမာထာ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ဟန်ဇင်လတ် ၅/ကမန(နိုင်)၀၀၁၅၁၅၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး၅/ရဘန(နိုင်)၀၄၁၀၃၅ ဖြစ်ပါသည်။

**ဦးမောင်ထွေး**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (E)မှ မဥမ္မာမြင့်၏ဖခင်အမည်မှန်မှာ ဦးမျိုး ၅/ရဘန(နိုင်)၂၀၀၇၄၆ဖြစ်ပါသည်။

**ဦးမျိုး**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ရွှေပြည်တန် ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (A) မှ မသိမ့်သိမ့်သူ ၅/ဒပယ(နိုင်) ၁၂၃၂၀၇၏ ဖခင်အမည်မှန်မှာ ဦးဘိုမင်း ၅/ဒပယ(နိုင်)၀၃၄၆၆၃ ဖြစ်ပါသည်။

**ဦးဘိုမင်း**

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (A) ပညာသင်ကြားနေသော နန်းခမ်းစိန်၏ ဖခင် ဦးအိုက်ကောနှင့် ဦးစိုင်းကျော်လှ ၁၃/ကမန(နိုင်)၀၈၆၃၇၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းကျော်လှ ၁၃/ကမန(နိုင်)၀၈၆၃၇၉**

### အမည်မှန်

ဦးဝင်းမြင့်၁၃/ကမန(နိုင်)၀၆၆၃၀၅၏ သမီး ကျောက်မဲမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(B)မှ နန်းရီရီချို၏ အမည်မှန်မှာ နန်းခမ်းလှူ ဖြစ်ပါကြောင်း။

**နန်းခမ်းလှူ ၁၃/ကမန(နိုင်)၁၃၃၇၉၄**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
# သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၁-၂၀၁၅ ရက်နေ့တွင် ဖြေဆို ကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၃-၁၂-၂၀၁၅ ရက်နေ့မှ ၄-၁၂-၂၀၁၅ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁-၁-၂၀၁၆ ရက်နေ့မှ ၈-၁-၂၀၁၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ် (၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် ( သူနာပြု/ဆေးဘက်ကျွမ်းကျင်သူ )** အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သူနာပြုသိပ္ပံဘွဲ့သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ ထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၅ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၅ ရက်နေ့မှ ၃၀-၁၂-၂၀၁၅ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၈-၁-၂၀၁၆ ရက်နေ့မှ ၁၅-၁-၂၀၁၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ် (၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု **(Nurse)** အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်( သူနာပြု )** အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ကြီးအုံကြီးဝစက်ရုံ)အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 17/HPGE/15-16 (Thrust Bearing (၂)စုံ ဝယ်ယူခြင်း)

၂။ Tender No-17 ၏ တင်ဒါပိတ်ရက်မှာ ၂၂-၁၀-၂၀၁၅ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၉၆နှင့် ၄၁၀၅၃၈**

## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပုသိမ်တက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား(ခန်းမတွင်း) ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းနှင့် ၂၀၁၆ ခုနှစ်အတွက် ပုသိမ်တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံများကို ၁၆-၁၀-၂၀၁၅ ရက် (သောကြာနေ့)မှစ၍ ရုံးဖွင့်ရက်ရုံးချိန်အတွင်း တစ်စုံလျှင်(၁၀၀၀ိ/-) (ကျပ်တစ်ထောင်တိတိ)ဖြင့် ပုသိမ်တက္ကသိုလ်ဌာနမှူး (စီမံ/ဘဏ္ဍာ)ရုံးခန်း၌ ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး ၁၈-၁၁-၂၁၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ နောက်ဆုံးထားလျက် လုပ်ငန်းတစ်ခုချင်းအလိုက် ဈေးနှုန်းလွှာတစ်စောင်စီကို လုပ်ငန်းဆောင်ရွက်လိုသူကိုယ်တိုင် ပုသိမ်တက္ကသိုလ်ပင်မဆောင်(ဘွဲ့နှင်းသဘင်အဆောက်အအုံ) ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ထံသို့ လာရောက်တင်သွင်းရမည်။

၃။ တင်ဒါခေါ်ယူရေးအဖွဲ့မှဈေးနှုန်းလွှာများကိုစိစစ်၍ ချက်ခြင်းရွေးချယ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုပါက ဌာနမှူး (စီမံ/ဘဏ္ဍာ) တယ်လီဖုန်းအမှတ် ၀၄၂-၂၄၃၁၅၊ ၀၉-၇၉၇၉၂၈၂၀၁၊ ၀၉-၄၅၁၂၃၁၉၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံလုပ်ငန်းတင်ဒါခေါ်ယူရေးအဖွဲ့**
**ပုသိမ်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအတွက် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-

| | | | |
|---|---|---|---|
| (က) | (၁) | ဗိုလ်ကတော်ပျိုးပင် (အလတ်အရွယ်) | ၂၀၀၀ ပင် |
| | (၂) | ပတ္တမြားညို ပျိုးပင် (အလတ်အရွယ်) | ၁၅၀၀ ပင် |
| | (၃) | Moning Flower (အလတ်အရွယ်) | ၂၈၀ ပင် |
| | (၄) | ရွက်လှပန်းပင် (အလတ်အရွယ်) | ၇ ပင် |
| | (၅) | ဂျပန်မြက်ပင် | ၅၀ ကျင်း |
| | (၆) | အလှပန်းအိုး (၁.၅ပေသို့ ၂ပေ) | ၃၅ အိုး |
| | (၇) | ဖွဲပြာ | ၅၀ အိတ် |

(စဉ်) (၁) (၂) (၃) ပန်းပင်များသည် အပွင့်ပါရှိရပါမည်။

(ခ) (၁) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** ၁၄-၁၀-၂၀၁၅ ရက်မှ ၁၆-၁၀-၂၀၁၅ ရက်အထိ
(၂) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** ၁၉-၁၀-၂၀၁၅ ရက်
(၃) **တင်ဒါရောင်းချမည့်နေရာနှင့် လျှောက်လွှာတင်သွင်းရမည့်နေရာ** စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန (ငွေစာရင်းဌာနစု)

(ဂ) ဆက်သွယ်နိုင်သည့်ဖုန်းများ- ၀၆၇-၄၀၄၄၄၈၊ ၄၀၄၅၁၀၊ ၄၀၄၅၁၁၊ ၄၀၄၅၁၄

(ဃ) အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေ ကျပ် ၁၀၀၀၀၀/-ကို ပီအိုချက်ပြုလုပ်၍ လျှောက်လွှာဝယ်ယူလျှင် တစ်ပါတည်းယူဆောင်လာပါရန်။

(င) တင်ဒါဈေးနှုန်းများသည် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ဖြစ်ရပါမည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလုပ်သားများ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းရုံး အဆောက်အအုံများကို အောက်ဖော်ပြပါအတိုင်းတည်ဆောက်လိုပါသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး (ရုံးချုပ်)၊ ရုံးအမှတ်(၅၁)တွင် တင်ဒါလျှောက်လွှာပုံစံများကို ဝယ်ယူနိုင်ပါကြောင်းနှင့် လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအချက်အလက်များပါဝင်သည့် ဝန်ကြီးဌာနမှသတ်မှတ်ထားသော အဆောက်အအုံဒီဇိုင်းနှင့်အတူ တင်သွင်းရမည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၃)ရပ်ကွက်၊ ပင်လုံခန်းမဝင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းအား Renovation & Extention Supply and installation of Air Conditioner and tube well, Supply and installation of transformer yard (11-6-6/0.4 kv 3.5 KVA) and electrical system ဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(x-250)၊ ၄၇×၄၈ လမ်းကြား ကနောင်မင်းသားကြီးလမ်း၊ (ဈ)ရပ်ကွက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (94'-0"x 40'-0"x21'-0") RC(2)ထပ်၊ အတွင်းလျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်းများအပါအဝင်-

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅ ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၀၈၉၊ ၄၃၀၂၇၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၁၀-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မော်လမြိုင်ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ရေပန့်ရုံအဆောက်အအုံအဟောင်းတစ်လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေလံပုံစံရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅ရက်မှ ၂၃-၁၀-၂၀၁၅ ရက်အထိ

(ခ) **လေလံပုံစံရောင်းချမည့်နေရာ** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် ၂၇၊ နေပြည်တော်

(ဂ) **လေလံဖွင့်ပွဲ ပြုလုပ်မည့်နေရာ** - သထုံဓာတ်အားပေးစက်ရုံ၊ သထုံမြို့

အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင်စုံစမ်းနိုင်ပါသည်-

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**စီမံခန့်ခွဲရေးဌာန**
**ရုံးအမှတ် (၂၇)**
**ဖုန်း-၀၆၇-၄၁၀၃၉၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအားဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေ(Kyat)ဖြင့် လုပ်ငန်းအပ်နှံခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများ ပြုလုပ်လိုပါသည်။

(က) ကရင်ပြည်နယ်၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးများတွင် Japan ODA Loan ဖြင့် ဆောင်ရွက်ရမည့် ၆၆၊ ၃၃၊ ၁၁၊ ၀.၄ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ရေး Instailation လုပ်ငန်းများကို Package တစ်ခုစီခွဲ၍ လုပ်ငန်းအပ်နှံရန်။

(ခ) ကရင်ပြည်နယ်၊ တနင်္သာရီနှင့် မန္တလေးတိုင်းဒေသကြီးများတွင် Japan ODA Loan ဖြင့် ဆောင်ရွက်ရမည့် ၆၆၊ ၃၃၊ ၁၁၊ ၀.၄ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုင်းနှင့်ခွဲရုံ ပစ္စည်းများအား Lot အလိုက် တိုင်း/ပြည်နယ် စတိုအရောက်ဝယ်ယူရန်

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅
**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၀-၂၀၁၅
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉-၂၆၅၅၂၉၉၅၀၊ ၀၉-၂၆၅၅၂၉၉၅၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)နေပြည်တော်မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်အသုံးပြုနိုင်ရန်အတွက် အောက်ဖော်ပြပါမော်တော်ယာဉ်များအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Toyota Hilux Double Cab (2015 Model) | (၂၉) စီး |
| (ခ) | Toyota Belta Saloon (2010 Model) | (၁၀၀) စီး |

၂။ **တင်ဒါပုံစံ/စည်းကမ်းဝယ်ယူရမည့်ရက်** - ၁၉-၁၀-၂၀၁၅ရက်မှ ၁၇-၁၁-၂၀၁၅ ရက်ထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၈-၁၁-၂၀၁၅ရက်(၁၃း၀၀)နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၃၂)၊အစည်းအဝေးခန်းမ နေပြည်တော်။

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊နေပြည်တော် ဖုန်း-၀၆၇-၄၀၆၁၆၇၊၀၆၇-၄၀၆၂၆၉၊ ၀၆၇-၄၀၆၀၈၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက်လိုအပ်သော စက်အရန်ပစ္စည်း (၁၀)မျိုးအား ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၆-၁၀-၂၀၁၅ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)

**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**"General Management Course for Entrepreneurs"**

**စတင်ဖွင့်လှစ်မည့်ရက်** - ၁၃-၁၀-၂၀၁၅ ရက်မှ ၂၂-၁၀-၂၀၁၅ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)

**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)**
**ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၁၅)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့ (၁၃)၊ မြိတ်မြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ဆဲဖြစ်သော ထားဝယ်-မြိတ်-ဘုတ်ပြင်း လမ်းမပေါ်ရှိ တံတား(၈)စင်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ဖိတ်ခေါ်၍ ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအစားအမည် | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁။ | ဘိလပ်မြေ(ဆင်)တံဆိပ် | ၃၀၅.၅၄ တန် | တံတားလုပ်ငန်းခွင်အရောက် |
| ၂။ | သံချောင်းရှယ်စုံ(MEC) | ၉၉.၆၂ တန် | တံတားလုပ်ငန်းခွင်အရောက် |
| ၃။ | မြစ်ကျောက်စရစ် | ၁၆၇.၆၉ ကျင်း | တံတားလုပ်ငန်းခွင်အရောက် |
| ၄။ | Chipping | ၁၂၀.၀၇ ကျင်း | တံတားလုပ်ငန်းခွင်အရောက် |
| ၅။ | မြစ်သဲ | ၇၇.၂၉ ကျင်း | တံတားလုပ်ငန်းခွင်အရောက် |
| ၆။ | တံတားသံဘောင်သုတ်ဆီဆေး | ၃၇၆.၅၀ ဂါလန် | တံတားလုပ်ငန်းခွင်အရောက် |
| ၇။ | Red Oxide | ၃၆၂.၀၀ ဂါလန် | တံတားလုပ်ငန်းခွင်အရောက် |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၅ ရက်

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၂၉-၁၀-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၃၀-၁၀-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃)၊ ကျွဲကူး-ကျောက်ဖျာတံတားအနီး၊ ကျွဲကူးရွာ၊ မြိတ်မြို့။

၆။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃)၊ ကျွဲကူး-ကျောက်ဖျာတံတား၊ မြိတ်မြို့။

၇။ တင်ဒါပုံစံများနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉-၂၀၆၀၁၅၂၊ ၀၉-၈၃၀၄၄၃၉၊ ၀၉-၄၂၁၇၂၂၁၈၈

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**တံတားအထူးအဖွဲ့(၁၃)**
**ကျွဲကူးကျေးရွာ၊ မြိတ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၃

ဒေါ်ခင်မျိုးကြွယ် **နှင့်** ဒေါ်နွယ်နီ
**တရားလို** **တရားပြိုင်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း(တ)ကျေးရွာ၊ ချမ်းအေးသာယာရပ်နေ ဒေါ်နွယ်နီ (ဘ) ဦးကျော်သင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကငွားရမ်းခဲ့သည့် ရွှေ(၇)ကျပ်သား (သို့မဟုတ်) ရွှေ(၇)ကျပ်သား တန်ဖိုးငွေ (၅၃၂၀၀၀ိ/-) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥက္ကာမောင်)**
**မြို့နယ်တရားသူကြီး**
**ကန့်ဘလူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ မြေကွက်/ဦးပိုင်အမှတ် (၄၂$^{ခ}$)၊ ဧရိယာ ၀ဒသမ၁၅၈ဧကရှိ ဒေါ်ရင်နု အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးခင်မောင်ဝင်း ၉/မထလ(နိုင်)၀၈၈၄၀၃(ဘ)ဦးအောင်လှက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | ၇၄/မမ/CE | Brush Cutter Attachment for Mini Excavator (၂)စုံဝယ်ယူရန် |
| (ခ) | ၇၅/မမ/CE | ဘေလီတံတား ပေ ၄၀၀အတွက် ပစ္စည်းများ (121) Ton ဝယ်ယူရန် |

**တင်ဒါပိတ်မည့်ရက်/အချိန်** - အမှတ်စဉ်(က) ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့) ၁၂း၃၀နာရီ
အမှတ်စဉ်(ခ) ၂၇-၁၀-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၂း၃၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၂-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၉၄

# INVITATION FOR PRICE QUOTATIONS

The Republic of the Union of Myanmar has received financing from the International Development Association (IDA) toward the cost of the National Community Driven Development Project (NCDDP). The Department of Rural Development (DRD) of the Ministry of Livestock, Fisheries and Rural Development, in its role as implementing agency of the NCDDP, intends to apply a portion of the proceeds of this credit to eligible payments under the contract for which this bidding document is issued. DRD now invites eligible suppliers to express their interest in supplying the following items:

| Ref No | Description of Goods or Services | Quantity | Units |
|---|---|---|---|
| G.12 | Office Furniture | 1379 | Nos |
| G.13 | Diesel generator 10 KVA | 18 | Nos |
| G.14 | Air Conditioner (2 HP) | 36 | Nos |
| G.15 | Drinking water cooler | 18 | Nos |
| G.20(b) | Item 2: Laptop Computer | 108 | Nos |
| G.21 | Fax and Scanner | 18 | Nos |
| | Photo Copier | 18 | Nos |
| | Color Printer | 18 | Nos |
| | Projector with Screen | 18 | Nos |
| G.23 | Item 1:Still Camera | 36 | Nos |
| | Item 2: Video Camera | 18 | Nos |
| G.24 | Plotter | 1 | Nos |
| G.25 | Item 1: Portable hard drive | 36 | Nos |
| | Item 2: UPS | 105 | Nos |

Expressions of Interest must be submitted in a written form to the address below (in person) and clearly indicate one or more of the Reference number above. Eligible suppliers having expressed interest will receive a REQUEST FOR QUOTATION. Sealed Quotation will be submitted to the address below at the latest the dead line, after which no Quotations will be accepted.

The goods will be contracted in 9(Nine) separate contract. Suppliers will be selected following the Shopping Method as per the "Guidelines for Procurement of Goods, Works and non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers" dated January 2011.

Please submit Expression of Interest and Sealed Quotations to: U Kyaw Soe, Deputy Director General, Department of Rural Development, Office No.(14), Nay Pyi Taw.

For detailed information please contact U Kyaw Swa Aung, Director, Procurement and Logistic Section, Mobile phone 09-43434333 or office-phone 067-409071.

For more information on the NCDD Project please also visit DRD's Website: www.cdd.drdmyanmar.org.

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
## ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းရန်စိတ်ဝင်စားမှုဖော်ပြချက်ဖိတ်ခေါ်ခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေနှင့်အညီ ရန်ကုန်စတော့အိတ်ချိန်းကို တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက် 'စံ' များကိုလည်း ရန်ကုန်စတော့အိတ်ချိန်းမှ ၁၄-၈-၂၀၁၅ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။ (အရည်အသွေးသတ်မှတ်ချက် 'စံ' များကိုလည်း ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင်လည်း ရယူနိုင်ပါသည်။)

၂။ ရန်ကုန်စတော့အိတ်ချိန်း (YSX) အား ၂၀၁၅ခုနှစ် ဒီဇင်ဘာအတွင်းဖွင့်လှစ်ရန် ရည်ရွယ်ထားပြီးဖြစ်ရာ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်း၍ အများပြည်သူသို့ အစုရှယ်ယာထုတ်ဝေရောင်းချရန် စိတ်ဝင်စားသည့်အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း (Expression Of Interest) အား အောက်ဖော်ပြပါပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ Fax ဖြင့်ဖြစ်စေ၊ E.mail ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ၂၃-၁၀-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**စိတ်ဝင်စားမှုဖော်ပြချက်**

ကျွန်တော်များကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်၍ အများပြည်သူသို့ အစုရှယ်ယာထုတ်ဝေရောင်းချရန် စိတ်ဝင်စားပါသဖြင့် အောက်ပါအချက်များကို တင်ပြအပ်ပါသည်။

(က) ကုမ္ပဏီအမည်..............
(ခ) လိပ်စာ ...................
(ဂ) အဓိကစီးပွားရေးလုပ်ငန်း..........
(ဃ) (          )ရက်နေ့ရှိ အစုရှယ်ယာရှင်အရေအတွက် .........
(င) (          )ရက်နေ့ရှိ မတည်ငွေရင်းနှင့် အစုရှယ်ယာအရေအတွက် ...........
...........ကျပ်၊ .................ရှယ်ယာ
(စ) ပြီးခဲ့သောဘဏ္ဍာရေးနှစ် (၂)နှစ်၏ အမြတ်ငွေစုစုပေါင်း ...........ကျပ် (ခုနှစ် ဖော်ပြပေးရန်)
(ပုဂ္ဂလိကကုမ္ပဏီမှအများပိုင်ကုမ္ပဏီသို့ပြောင်းထားသည့်အများပိုင်ကုမ္ပဏီများသည် ပုဂ္ဂလိက ပိုင်ကုမ္ပဏီအဖြစ် ရှိနေစဉ်ရရှိခဲ့သည့်အမြတ်ကို ဖော်ပြနိုင်ပါသည်)
(ဆ) မြန်မာ့ဘဏ္ဍာရေးအစီရင်ခံခြင်းစနစ် (MFRS) ကို လိုက်နာခြင်းရှိ မရှိ
(ဇ) ကုမ္ပဏီဖွဲ့စည်းပုံနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အကြောင်းအရာအကျဉ်းချုပ်
(ဈ) ကုမ္ပဏီ၏စာရင်းစစ်အဖွဲ့အစည်းအမည်
(ည) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ဖုန်းနံပါတ်၊ E-mail, Fax

××××××××××
အမည် ..............
ရာထူး ..............

၃။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ ရန်ကုန်စတော့အိတ်ချိန်းတွင် စိတ်ဝင်စားမှုဖော်ပြချက်အပေါ်အခြေခံ၍ အများပြည်သူသို့အစုရှယ်ယာထုတ်ဝေရောင်းချနိုင်ရန် လိုအပ်သော အကူအညီများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**
**(၂၀-၂၅) ဒုတိယထပ်၊ ဆူးလေဘုရားလမ်း**
**မြန်မာ့စီးပွားရေးဘဏ် (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ပန်းဘဲတန်းမြို့နယ်**
**Fax: Ph- ၀၁-၃၇၀၁၀၀၊ ၀၁-၃၇၀၃၆၂၊ ၀၉-၂၅၀၈၆၃၇၈၃**
**E-mail:secm.myanmar@gmail.com**

### အမည်ပြောင်း
ဦးမိုးမင်းထွေး၏သမီး ရွှေဘိုမြို့ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်း(D)မှ မဖွေးဖွေးအား မစုတွယ်တာထွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မစုတွယ်တာထွေး**

### ဖခင်အမည်မှန်
ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်မျိုးဝေထွန်း၏ ဖခင်အမည်မှန်မှာ ဦးပု ၅/ကဘလ(နိုင်)၁၀၃၁၈၀ ဖြစ်ပါသည်။
**ဦးပု**

### ဖခင်အမည်မှန်
ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(I) မှ မဇာဇာလီ၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၅/ကဘလ(နိုင်)၁၃၃၂၉၆ ဖြစ်ပါသည်။
**ဦးချစ်ကိုကို**

### ဖခင်အမည်မှန်
ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်မိုးလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုဝင်း ၅/ကဘလ(နိုင်)၁၆၁၂၀၉ ဖြစ်ပါသည်။
**ဦးဘိုဝင်း**

### ဖခင်အမည်မှန်
ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (E)မှ မအေးသူဇာအောင် ၅/ကဘလ(နိုင်)၂၀၆၆၂၉ ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွေး ၅/ကဘလ(နိုင်)၀၄၂၉၉၅ ဖြစ်ပါသည်။ **ဦးကျော်ထွေး**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အထက ရမည်းသင်း၊ တက္ကသိုလ်ဝင်တန်း (F)မှ မအေမီကို၏ ဖခင်အမည်မှန်မှာ ဦးမောင်ငွေးဖြစ်ပါသည်။

### ဖခင်အမည်မှန်
ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (E) မှ မနန္ဒာလဝန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၅/ခဥန(နိုင်)၀၃၁၄၇၃ ဖြစ်ပါသည်။ **ဦးအောင်မိုး**

### ဖခင်အမည်မှန်
ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (A)မှ မရွှန်းလဲ့နန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၅/ရဘန(နိုင်)၂၃၇၉၃၇ ဖြစ်ပါသည်။
**ဦးအေးနိုင်**

### အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက် အ·ထ·က(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးသန်းနွယ်၏ အမည်မှန်မှာ မအေးသန်းမြိုင် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးစိန်မြထွန်း ၁၁/ပဏတ(နိုင်)၀၂၂၆၅၅ ဖြစ်ပါကြောင်း။

### လူပျောက်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာနေ ဦးအောင်မင်းတင်-ဒေါ်နော်ဆေးဖောတို့၏ သမီး မအိမ္ဗွန်အောင် ၁၄/ညတန (နိုင်)၁၄၅၆၅၄ မှာ ၂၈-၉-၂၀၁၅ ရက်တွင် နေအိမ်မှပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ **ဦးအောင်မင်းတင်**
**ဖုန်း-၀၉-၂၅၄၁၀၈၂၆၁၊ ၀၉-၅၁၆၀၃၅၀**

### အမြန်ပြန်လာပါ
ကျော်သူအောင် အမြန်ပြန်လာပါ။ အဖေနဲ့အမေ စိတ်ပူနေသည်။
**ဦးဘုန်းအောင်**
**ဖုန်း-၀၉-၄၂၅၂၁၃၆၂၇**

### လူပျောက်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာနေ ဦးသန်းထွဋ်- ဒေါ်ခင်ခင်ထွေးတို့၏သမီး မအိန္ဒြာဖြိုး ၁၂/တတန(နိုင်)၂၈၁၀၉ သည် ၇-၁၀- ၂၀၁၅ ရက်တွင် နေအိမ်မှပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ **ဦးသန်းထွဋ်**
**ဖုန်း-၀၉-၂၅၄၁၀၈၂၆၁၊ ၀၉-၅၁၆၀၃၅၀**

### အမည်ဖြည့်စွက်
မင်းပြားမြို့နယ်၊ဒုံးသားကျေးရွာနေ ဦးအောင်လှတင်၏သမီး မနှင်းနှင်းခိုင် ၁၁/မပန(နိုင်)၀၉၇၃၄၅ အား တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ မနှင်းနုခိုင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မနှင်းနှင်းခိုင်(ခ)မနှင်းနုခိုင်**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ဦးကျော်ကျော်ဝင်း၊ ဒေါ်သီတာထွေးတို့၏သမီး မခင်လတ်လတ်ကျော် ၁၂/ဒဂမ(နိုင်)၀၃၅၀၆၄ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအ၀ဝကို တာဝန်မယူပါ။
**ဦးကျော်ကျော်ဝင်း**
**ဒေါ်သီတာထွေး**
**အမှတ် ၉၃၈၊ မြလမ်းသွယ် ၂ လမ်း၊**
**(၃၃)ရပ်ကွက်၊ ဒဂုံမြောက်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(E)မှ မခင်ကောင်းကောင်းစံ ၅/ရဘန(နိုင်)၂၂၇၁၅၀ ၏ ဖခင်အမည်မှန်မှာ ဦးတင့်နိုင်ထွေး ၅/ရဘန(နိုင်)၀၅၂၉၇၇ ဖြစ်ပါသည်။ **ဦးတင့်နိုင်ထွေး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေချို၊ အထက၊ တက္ကသိုလ်ဝင်တန်း(F)မှ မဇင်မျိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်၈/ခမန(နိုင်)၁၄၅၅၂၆ ဖြစ်ပါကြောင်း။ **ဦးဝင်းကျော်**

### မိခင်အမည်မှန်
တောင်ကြီးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ကျော်သီဟန်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခမ်းဖြူဖြစ်ပါကြောင်း။
**ဒေါ်နန်းခမ်းဖြူ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေကြီး၊ ချောက်မြို့နယ်၊ ငွေချို၊ အထက၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်အောင်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးလှမင်းအောင် ၈/ခမန(နိုင်)၁၄၃၇၁၇ ဖြစ်ပါကြောင်း။ **ဦးလှမင်းအောင်**

### အကြောင်းပြပေးရန်ပေးသည့် အကြောင်းကြားစာ
**တောင်ကြီးခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၃**

ဒေါ်တင်တင်စန်း(ခ)ဟုဆွေလှ **နှင့်** ၁။ ဒေါ်သန္တာထွန်း(ခ)အားဂူးမေ
၂။ ဒေါ်နန်းဆိုင်နန်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၁)(ယခုလိပ်စာမသိ)နေ ဒေါ်နန်းဆိုင်နန်း သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်တင်တင်စန်း(ခ)ဟုဆွေလှက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၉ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

### အမည်မှန်နှင့် ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ ထ(ခွဲ)၊ အလက(၆) တက္ကသိုလ်ဝင်တန်း($A_7$)မှ မောင်ဆွတ်ရိန်နော်၏ အမည်မှန်မှာ မောင်အင်ခွမ်ဆွတ်ရိန်နော်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအင်ခွမ်လဝေါမ် ဖြစ်ပါသည်။

### အမည်မှန်နှင့် မိဘအမည်မှန်
မြစ်ကြီးနားမြို့၊အထက(၁)၊ တက္ကသိုလ်ဝင်တန်း($E_7$)မှ မတီနာမီး၏ အမည်မှန်မှာ မတီနာဖြစ်ပြီး မိဘအမည်မှန်မှာ ဦးလာမေဆီးနှင့် ဒေါ်ရားနာဖြစ်ပါသည်။




MCC.i

# MCC Training Institute

နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာ သိပ္ပံဘွဲ့ရယူလိုသူများအတွက်

(အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့)

- စုစုပေါင်း (၃)နှစ်တက်ရုံနဲ့ **B.Sc (Hons;) Business IT** ကွန်ပျူတာ သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ရမည်ဖြစ်ပြီး နောက်ထပ်တစ်နှစ်တက်ရုံဖြင့် **MBA** ဘွဲ့ကိုပါရရှိစေရန် စီစဉ်ထားပါတယ်။
- အားလုံး မြန်မာပြည်မှာပဲ အိုးမကွာ၊ အိမ်မကွာ တက်ရုံပါပဲ၊
- (၂)နှစ်တက်ပြီးလို့ နောက်ဆုံးနှစ်ရောက်တာနဲ့ အချိန်ပိုင်းအလုပ်စခန့်ပြီး၊ ဘွဲ့ရပြီးပြီးခြင်း **(International Software Development Center)** မှာ အလုပ်စခန့်ပေးတဲ့အတွက် အလုပ်အကိုင်ရရှိမှု (၁၀၀%) သေချာအောင် စီစဉ်ထားပါတယ်။
- ပညာရပ်ဘွဲ့ **(Academic Degree)** သာမက၊ ကျွမ်းကျင်မှုအတွက် **(Microsoft Skill Certification),** အလုပ်အတွေ့အကြုံ **(Job Experience)** နဲ့၊ အင်္ဂလိပ်စာကျွမ်းကျင်မှု **(English Proficiency)** ကို **IELTS 5.5** အနည်းဆုံးရရှိစေရန် တွေပါတစ်ခါတည်း ပြည့်ပြည့် စုံစုံပါဝင်မှာ ဖြစ်ပါတယ်။

www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 01-249152, 01-395512, 01-246634
Mandalay Campus Ph - 09-402671562, 011-202113, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
အနယ်နယ်အရပ်ရပ်မှ ကျောင်းသူ/ကျောင်းသားများအတွက် အဆောင်များ စီစဉ်ထားပါတယ်။

October Intake

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇၈**

Super Seven Stars Int'l Trading Co.,Ltd (၄င်း၏ကိုယ်စား ဦးကျော်သီဟကုမ္ပဏီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆောင်ရွက်သူ) **နှင့်** ၁။ ဦးမျိုးသက် ၂။ ဦးလှဦး

**တရားလို** **တရားပြိုင်များ**

အထက်ဖော်ပြပါ (၁)တရားပြိုင် ဦးမျိုးသက်(ယခင်အမှတ် ၇၊ မြေညီထပ်၊ ၉၈လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်) (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက မော်တော်ကား(သို့မဟုတ်) ကားဖိုးပေးချေရန်ကျန်ငွေကျပ်နှင့်ဘဏ်တိုးငွေ ၁၂၈၀၆၄၀၀ိ/-နှင့် နစ်နာကြေးငွေကျပ် ၂၀၀၀၀၀၀ိ/-စုစုပေါင်းငွေကျပ် ၁၄၈၀၆၄၀၀ိ/-ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၁ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဂျပန်နိုင်ငံတွင် ကျင်းပမည့် CEO Network Enhancing Project 2016 သို့ တက်ရောက်ရန်ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဂျပန်နိုင်ငံ The Organization for Small and Medium Enterprises and Regional Innovation, Japan (SMRJ) ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ CEO Networking Enhancing Project 2016 ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နှင့် အိုဆာကာမြို့တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အုပ်ချုပ်မှုဒါရိုက်တာ (သို့မဟုတ်) CEO အဆင့်ရှိ အသင်းချုပ်အသင်းသား မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား Japan (SMRJ)မှ လေယာဉ်လက်မှတ်နှင့် တည်းခိုနေထိုင်စရိတ်များကို ကျခံပံ့ပိုးပေးမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းလိုင်းများမှ SME လုပ်ငန်းလုပ်ကိုင်နေသူများစေလွှတ်ရန်ရှိသဖြင့် လျှောက်ထားနိုင်ပါသည်။

1. Infrastructure
2. Construction Machinery
3. Medical Parts/Equipment
4. Electric/Electronic Parts
5. Machinery Parts
6. Mold Dies
7. Industrial Machinery

အဆိုပါ CEO Networking Enhancing Project သို့ လုပ်ငန်းအမျိုးအစားအလိုက် လျှောက်ထားသူများအားအသင်းချုပ်မှ ပဏာမရွေးချယ်စိစစ်ပြီး Japan, SMRJ မှ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ လျှောက်ထားလိုသူများသည် (၁) လျှောက်လွှာပုံစံ (၂)ကုမ္ပဏီမှတ်ပုံတင် (၃) ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပါက ကုမ္ပဏီ၏ Form-XXVI ဒါရိုက်တာ အဖွဲ့ဝင်မဖြစ်ပါက ကုမ္ပဏီ၏ Form-XXVI နှင့်အတူ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး၏ ထောက်ခံစာ(၄)အသင်းချုပ် အသင်းဝင်လက်မှတ်မိတ္တူ (၅) မိမိတို့ကုမ္ပဏီ Profile တို့နှင့်အတူ ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်သို့လိပ်မူ၍ အတွင်းရေးမှူးရုံးခန်းသို့ ၁၄-၁၀-၂၀၁၅ရက် နောက်ဆုံးထားပေးပို့ လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးရမည့်ရက်ကို အကြောင်းကြားပေးမည်ဖြစ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

### အမည်မှန်

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်စိုင်းဝမ်းလိုင်း(ခ)မောင်စိုင်းဆိုင်ဝမ်းလိုင်း ၁၃/လရန(နိုင်)၁၈၆၇၂၃၏ မိဘများအမည်မှန်မှာ ဦးစိုင်းလှရင် (ခ) ဦးစိုင်းအိုက်ရင် ၁၃/လရန(နိုင်)၁၀၃၅၅၁နှင့် ဒေါ်အီမောင်း (ခ) ဒေါ်နန်းအေးမောင် ၁၃/မညန(နိုင်)၁၀၃၈၅၀တို့ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အ. ထ. က (ခွဲ) သဝန်းတော၊ တွံတေး၊ ဒသမတန်းမှ မသင်းဇာခြည်ဦး၏ ဖခင်အမည်မှန်မှာ ဦးစောနေထွန်းဖြစ်ပါကြောင်း။

**ဦးစောနေထွန်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ဘုတလင် အထက ကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်စိုးသူ၏ဖခင်အမည်မှန်မှာ ဦးကျော်မြင့်သန်းဖြစ်ပါသည်။ **ဦးကျော်မြင့်သန်း ၅/ဘတလ(နိုင်)၀၃၅၇၀၀**

### အမည်ပြောင်း

ဦးရဲဇော်ထွန်း၏သား ညောင်လေးပင်မြို့ အထကခွဲ သူငယ်တန်း (A) မှ မောင်ရှင်းသန့်ပိုင်အား ယနေ့မှစ၍ မောင်ရှင်းပြည့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

ချောက်မြို့နယ်၊ သစ်တိုကန်ရွာနေ ဦးတင်ရှိန်၏သား မောင်မြို့မင်း ၈/ခမန(နိုင်)၁၀၄၀၀၈အား ယနေ့မှစ၍ မောင်မျိုးမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မျိုးမင်း**

### ဖခင်အမည်မှန်

အ. ထ. က (ခွဲ) သဝန်းတော၊ တွံတေး၊ ဒသမတန်းမှ မယဉ်ယဉ်အေး၏ ဖခင်အမည်မှန်မှာ ဦးစောရွှေသန်းဝင်းဖြစ်ပါကြောင်း။

**ဦးစောရွှေသန်းဝင်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက္ကာ အထက တက္ကသိုလ်ဝင်တန်း(B) မှ မောင်မင်းမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်နိုင်ဖြစ်ပါသည်။

**ဦးကြည်နိုင် ၅/မရန(နိုင်)၁၉၆၀၆၆**

### ဖခင်အမည်မှန်

အထက(၁) ဒဂုံအရှေ့၊ တက္ကသိုလ်ဝင်တန်း(C)မှ မခင်ခင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဆန်းဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံးတွင် ရာကြီးအမှတ် ၄၂၆/၁၄ ဖြင့် စွဲဆိုထားသော တရားလို မနှင်းကေသီစိုးနှင့် တရားခံ ဦးအောင်မင်းနိုင် (ခ) Pohla Duke Patrick တို့အမှုတွင် ဩစတေးလျနိုင်ငံသား ဦးအောင်မင်းနိုင် (ခ) Pohla Duke Patick အပေါ် ၂၆-၈-၂၀၁၅ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်မှ ပြစ်ထွေ(၇၈/၁၅)ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၈၇/၈၈အရ တရားခံပြေးဝရမ်း ကြေညာထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Daw Moe Moe Aye**
**LL.B, D.B.L, D.M.L, D.I.L,**
**WIPO, DL-101 Switzerland**
**Advocate**
**No (83), First Floor, Pansodan Road,**
**Kyauktada Township, Yangon.**
**Ph 09-425358270, 09-425266541, 09-49334187**
**E-mail:dawmoemoeaye2011@gmail.com**

## မြေအဖြစ်မှစွန့်လွှတ်ခြင်း

အဘိုး ဦးချစ်မြ ၁၀/မလမ(နိုင်)၀၂၃၂၃၀- အဘွား ဒေါ်တင်တင်မြင့် ၁၀/မလမ(နိုင်)၀၂၃၂၂၉ တို့၏မြေး မဝင်းဝင်း ၁၀/မလမ(နိုင်)၂၁၅၇၁၂ သည် အဘိုးအဘွားနှင့် ဆွေမျိုးများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းကိစ္စနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါ။

**ဦးချစ်မြ-ဒေါ်တင်တင်မြင့်**

## ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မမီမီမိုးမြင့် ၁၂/သကတ (နိုင်) ၁၆၇၆၀၃ နှင့် မောင်ဝေဖြိုးအောင် ၁၂/ကမရ (နိုင်) ၀၄၇၀၂၆ တို့သည် ရန်ကင်းမြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး စည်သူဝင်းရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်မနှင့်(လုံးဝ) မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမီမီမိုးမြင့်**
**၁၂/သကတ(နိုင်)၁၆၇၆၀၃**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ငြိမ်း
### အသက်(၉၀)

ဦးကံလှ-ဒေါ်ညိုညိုဝင်း (ဒုတိယအင်ဂျင်နီယာချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)တို့၏ဖခင် ဦးအောင်ငြိမ်း အသက်(၉၀)သည် ၉-၁၀-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန
### သစ်တောရေးရာဝန်ကြီးဌာန
### အသက်(၇၇)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေချစ်-ဒေါ်သီသီစိုးတို့၏ဖခင် ဦးစိုးတင့်သည် ၁၀-၁၀-၂၀၁၅ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးကျော်ဌေး
### အသက်(၇၀)

ဒေါ်ဝမ်းရီ (လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ EPC)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဖြိုးနိုင်ဌေး၊ မပွင့်လွှာစိုးတို့၏ချစ်လှစွာသောဖခင်ကြီး ဦးကျော်ဌေးသည် ၉-၁၀-၂၀၁၅ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးချုပ်တင်စိုး-ဒေါ်သန်းသန်းဆင့် မိသားစု**

## ဦးဇော်ထွန်းဦး အသက်(၅၂)နှစ်
### စာရင်းကိုင်(၃)၊ဆည်မြောင်းတည်ဆောက်ရေး(၅)
### AD-3 (ရုံး)၊ တောင်ငူမြို့

(ဦးထွန်းအောင်-ဒေါ်သန်းစိန်)တို့၏သား၊ တောင်ငူမြို့၊ ဟင်းငုတ်ပင်-ဆည်မြောင်းဝင်းနေ ဆရာမ ဒေါ်သူဇာကြည်(အထက-ခွဲ၊ ဟင်းငုတ်ပင်)၏ခင်ပွန်း၊ မောင်အောင်ဇော်သူ(မီးရထား)-မစန္ဒီကျော်(အကျဉ်းဦးစီး)၊ မဆုမျက်သွယ်(မြဝတီဘဏ်၊ တောင်ငူ)၊ မဆုမြတ်ချယ်(ဆည်မြောင်း)တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၇-၁၀-၂၀၁၅ရက် ည ၇း၄၀နာရီတွင် ပဲခူးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၅ရက်တွင် တောင်ငူမြို့ အနောက်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိပါကြောင်း
## ဦးဇော်ထွန်းဦး
### စာရင်းကိုင်(၃)၊ AD-3 (ရုံး)
### ဆည်မြောင်းတည်ဆောက်ရေး(၅)၊ တောင်ငူ
### အသက်(၅၂)နှစ်

ဦးဇော်ထွန်းဦး (စာရင်းကိုင်-၃) အသက်(၅၂)နှစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆရာသမားများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ထွန်းဦး
### စာရင်းကိုင်(၃)၊ AD-3 (ရုံး)
### ဆည်မြောင်းတည်ဆောက်ရေး(၅)၊ တောင်ငူမြို့
### အသက်(၅၂)နှစ်

ဆရာမ ဒေါ်သူဇာကြည်(အထက-ခွဲ၊ ဟင်းငုတ်ပင်)၏ခင်ပွန်း ဦးဇော်ထွန်းဦးသည် ၇-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဝင်းမြင့်(ဦးစီးအရာရှိ)၊ တည်ဆောက်ရေး(၅)-**
**ဇနီး ဒေါ်သင်းသင်းအေး၊ သမီး မမေမြတ်နိုးဇော်၊ ပျဉ်းမနားမြို့**

## ဦးလှဘုန်း အသက်(၄၇)နှစ်
### PACIFIC (Photo Service)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း ၅လမ်း၊ အမှတ် ၁၅နေ (ဦးအောင်ချစ်)-ဒေါ်ကျင်တီတို့၏သား၊ တိုက်ကြီးမြို့နေ ကိုကျော်ကျော်-မလဲ့လဲ့မိုး(ပွင့်သစ်စ ရွှေဆိုင်)၊ မဝါဝါအောင်(ရွှေပုစွန်မုန့်ဆိုင်လှည်းတန်းဈေး)တို့၏အစ်ကိုကြီး၊ မောင်ဘုန်းသန့်ကျော်(ခ)ဖိုးသား(မြို့မအထက တိုက်ကြီး)၏ဘကြီးသည် ၁၀-၁၀-၂၀၁၅ရက်(စနေနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၅ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းအိအိသွယ်(ခ)ဒေါ်နန်းမိုဟွမ်
### အသက်(၃၁)နှစ်

ဒုတိယရဲမှူးကြီးဆန်းကို၏ချစ်လှစွာသောဇနီး ဒေါ်နန်းအိအိသွယ်(ခ)ဒေါ်နန်းမိုဟွမ်သည် ၉-၁၀-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သတင်းရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်မိသားစုများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည် (အောင်လံ)
### အသက်(၉၃)နှစ်

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ ဖလမ်းနေ (ဦးဘစော-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးအောင်မြင့်)၏ဇနီး၊ ဦးဝင်းမောင်ကြည်-ဒေါ်ငွေငွေဝင်း၊ ဦးဝထွန်း-ဒေါ်သန်းသန်းဦး၊ ဦးပညာသီဟ၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်ဦး၊ ဒေါ်လဲ့လဲ့ဝင်းတို့၏မိခင်၊ မြေး၈ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်(ပုသိမ်) အသက်(၈၁)နှစ်
### မော်ကွန်းရပ်ရှင်(ငြိမ်း)

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၇၄နေ(ဦးမောင်ကြီး-ဒေါ်သန်း)၏သမီး၊ (ဦးတင်ထွဋ်)ယောနင်း၏ဇနီး၊ ဒေါ်နီနီထွဋ်-ဦးချစ်ထွေး၊ (ဒေါ်သီတာတင်ထွဋ်)-ဦးဆန်းဝင်း၊ ဒေါ်ဝါဝါတင်ထွဋ်၊ ဒေါ်နီလာတင်ထွဋ်-ဦးမြင့်အောင်၊ ဦးရဲတင်ထွဋ်(ခ)ဦးရဲထွန်း (ဉက္ကဋ္ဌ၊ D.S.T.O အသင်း)-ဒေါ်မို့မို့အေးကျော်တို့၏ချစ်လှစွာသောမိခင်ကြီး၊ (ဒေါ်အုံးတင့်)၊ ဒေါ်မြင့်မြင့်-(ဦးထွန်း)၊ ဦးခင်စိုး-ဒေါ်နီနီလွင်တို့၏အစ်မ/ညီမ၊ မြေးရှစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်သိန်းမြင့်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၆၉၊ ငါးလွှာနေ (ဦးသောင်းစိန်-ဒေါ်လှတင်)တို့၏သမီး၊ ဦးလှထွန်း၏ဇနီး၊ ဦးထွန်းထွန်းဦး၊ မသွယ်သွယ်ထွန်း၊ ဦးမြတ်ဝင်းထွန်း-ဒေါ်သီသီအေး၊ ဦးကျော်လွင်ထွန်း-ဒေါ်ရီရီဝင်းတို့၏မိခင်ကြီး၊ မဆုလဲ့ဝင်းထွန်း၊ မောင်တင်အောင်လွင်၊ မောင်မင်းသက်ကျော်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၅ရက်(စနေနေ့)ည ၁၁း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၅ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဌေး
### အသက်(၇၀)

ဒေါ်ဝမ်းရီ (လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ EPC)၏ချစ်လှစွာသောခင်ပွန်း ဦးကျော်ဌေး(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)သည် ၉-၁၀-၂၀၁၅ရက်တွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်တင့်-ဒေါ်သန်းသန်းအေးမိသားစု**
**အင်ဂျင်နီယာချုပ်(လမ်း)(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဦးထွန်းအောင်
### B.A, B.L, D.M.A, D.E.P
### ပို့ဆောင်ရေးချုပ်(ငြိမ်း)
### မြန်မာ့မီးရထား
### အသက်(၉၃)နှစ်

(ဦးဘိုးသိုက် - ဒေါ်ဖွားခင်)တို့၏သား၊ (ဒေါ်အီ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊အင်းလျားမြိုင်လမ်း၊ အမှတ် ၄၇ (က)နေ ဦးသောအောင်ကြီး(MRTV-4 ဘာသာပြန်ဌာန) - ဒေါ်ခင်ခင်ပြုံး(ခ) ဆရာမRose(V.C.F)၊ ဦးခင်ဇော်-ဒေါ်အေးအေးနိုင်တို့၏ဖခင်၊ ကိုခင်ဇော်(M.K Group)-မမြပွင့်ဇွန် (Child'd Place Group Interna- tional Pre-School)၊ မမေဇင်သော်(2 nd year, T.U သန်လျင်)၊ မခင်ဆုမွန်အောင်(ခ) Charity (Grade-VIII, Y.A.S) တို့၏အဘိုး၊ မောင်ထက်ဝေယံဇော်၏ဘိုးဘိုးသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းသင်
### ကုန်းလမ်းပို့ဆောင်ရေး(ငြိမ်း)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဥယျာဉ်ဝတီလမ်း၊ အမှတ် ၁၁နေ ဦးအောင်သင်း-ဒေါ်သီတာအုန်း (ကပရ၊ နေပြည်တော်)၊ (ဦးရဲလင်းလှိုင်) - ဒေါ်သန်းသန်းအေး (တရားလွှတ်တော်ရှေ့နေ)၊ ဦးမြတ်သူ-ဒေါ်သင်းသင်းမိုးတို့၏ဖခင်၊ ဒေါ်လဲ့ယဉ်ထွန်း(မူ/ပြ၊ အထက-၈၊ နေပြည်တော်)၊ မသက်ထားဆည်းဆာ(ဒု-နှစ်၊ စီးပွားရေး)၊ မောင်ကျော်ဇင်ထွန်း(V-C၊ အထက-၄၊ စမ်းချောင်း)တို့၏အဘိုး၊ (ဒေါ်ခင်မြင့်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေး
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကြီး-ဒေါ်ခင်လှိုင်)တို့၏သမီး၊ (ဆရာစိုး-ဒေါ်ခင်ညွန့်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၉၃၊ လေးလွှာ(ယာ)နေ (ဦးစိုးညွန့်၊ ကျန်းမာရေးမှူး)၏ ဇနီး၊ ဒေါ်နီနီစိုး (AGM, CHD ဘဏ်)၊ ဦးကြည်လှိုင်စိုး - ဒေါ်ခိုင်ဇာမင်းထွဋ်၊ ဒေါ်ဖြူဖြူစိုး (လက်ထောက် အင်ဂျင်နီယာ၊ MRTV)၊ဦးဌေးဝင်း-ဒေါ်ဝါဝါစိုး၊ ဦးမြတ်စိုး-ဒေါ်သီသီမိုး၊ ဒေါ်ခင်စန္ဒာစိုး (ကြီးကြပ်ရေးမှူး၊ MADB) တို့၏မိခင်၊ မခိုင်ဆုဝေ၊ မောင်မြတ်သီဟနိုင်၊ မယွန်းနဒီဖြိုးတို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၄၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်စိုးဝင်း
### ကပ/၈၆၂၅၉၇
### MP ချောက် GTI
### အမှတ်(၉၆၈)၊ဆလအ-ခွဲ၊မင်္ဂလာဒုံ
### အသက်(၅၁)နှစ်

(ဦးကျော်တင့်) - ဒေါ်သောင်းရှင်တို့၏သား၊ (ဗိုလ်ကြီးသောင်းထိုက်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်ရွှေစင်တိုက်၏ခင်ပွန်း၊ မောင်သီဟကျော်စိုး၊ မမေရှင်းမွန်တို့၏ဖခင်သည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံ တပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ကျောင်းဒါယကာကြီး
## ဗိုလ်ကြီးတင်လှ (ငြိမ်း)
### ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၂၈)
### အသက်(၈၄)နှစ်

မန္တလေးမြို့နေ (ဦးစိန်-ဒေါ်သိန်း)တို့၏သား၊ (ဦးရွှေကြုတ်-ဒေါ်အေးချို)တို့၏သားသမက်၊ (ဒေါ်သန်းသန်းမြင့်)၏ခင်ပွန်း၊ ဒေါ်စောလှဝင်း-ဦးတင်ဦး၊ ဒေါ်ယဉ်ကြည်မြင့်-ဦးဝင်းနိုင်၊ ဒေါ်ဝင်းမင်းမြင့်၊ ဦးအောင်မြတ်-ဒေါ်သိင်္ဂီညွန့်၊ ဦးကိုကို-ဒေါ်စမ်းစမ်းတင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ် ၈၊ တိုက် ၂၇၁၊ အခန်း ၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်ကြီးရေ
### အသက်(၇၅)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ရွာနေ ဦးဝေသာအောင်-ဒေါ်အေးသာဦးတို့၏သား၊ ဒေါ်မခင်သန်း၏ ခင်ပွန်း၊ (ဦးမောင်ရွှေသောင်း)-ဒေါ်ခင်သန်းနု(အင်းစိန်)၊ ဦးဝင်းကြိုင်-ဒေါ်ခင်ဝင်းမေ၊ မခင်ဝင်း(ခ)မေဇင်ထွန်း၊ ကိုခင်မောင်ဝင်း၊ ဒေါ်ခင်စန်းဝင်းတို့၏ဖခင်သည် ၁၁-၁၀-၂၀၁၅ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၅ရက်(စနေနေ့) နံနက်တွင် ဝေဘာဂီမြို့သစ်၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁/၇၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကောက်(ခ)ဦးတင်ရွှေ
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၀၈၊ ဒုတိယထပ်နေ (ဦးတိတ်ရွှေ - ဒေါ်ချွေးမ)တို့၏သား၊ ဒေါ်ထူး(ခ)ဒေါ်တင်အေး၏ ခင်ပွန်း၊ မမြင့်မြင့်ကြူ-ဦးတင်လှ၊ မသန်းသန်းဌေး(ကြော့ကေခိုင်အထည်ဆိုင်၊ အဆင့်မြင့်မင်္ဂလာဈေး)၊ ကိုထွန်းထွန်းနိုင်-မနှင်းနှင်းအေး၊မစန်းစန်းမော်-ကိုထွန်းလင်း၊ မမြမြစန်း-ကိုမောင်စိုး၊ မစန်းစန်းမြင့်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၁၅ရက် ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စောအောင်နိုင်
### WORLD VISION-MYANMAR
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မ/၂၂၉၀၊ ကွင်းမွှေး ၂လမ်းနေ စောပိုလေး-နော်လားရေတို့၏သား၊ စောဘဖေ-နော်ဖောထူးတို့၏သားသမက်၊ နော်ဂျက်စမီး၊ နော်စီးလယာတို့၏မောင်၊ စောမင်းနိုင်၊ နော်နေဇာထွေးတို့၏အစ်ကို၊ နော်မေမီအောင်(MYANMAR- BREWERY-LTD)၊ နော်လေးလေးဖေအောင် (အထက-၁၊ အင်းစိန်)၊ နော်ဒီလေးဘယ်အောင် (အလက-၃၊ အင်းစိန်)တို့၏ဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ နော်အယ်တာမလာဖေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင်ကေသရေမာန် ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊ရေကန်ဒါယိကာမကြီး
## ဒေါ်နန်းလွန်း
### အသက်(၉၃)နှစ်

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် ၁၀၄နေ ပွဲစားကြီး (ဦးလိတ်)၏ဇနီး၊ ဒေါ်နန်းရွှေတင့်၊ ဦးလှကျော်(ခ)ဦးစိုင်းနော်ခမ်း-ဒေါ်နန်းအွမ်ခမ်း၊ ဒေါ်နန်းလောဝ်မွမ်း၊ (ဦးစိုင်းခမ်းပန်ဖ)၊ ဦးနေလင်းထွန်း-ဒေါက်တာဒေါ်နန်းခမ်းနွန်း၊ ဦးစိုင်းလောဝ်မိုင်း-ဒေါ်နန်းအွေ့နွန်း၊ ဦးစိုင်းဆိုင်လင်း-ဒေါက်တာဒေါ်ခင်ချိုမာတို့၏မိခင်၊ ဦးစိုင်းစိုင်းငင်း-ဒေါ်သန်းသန်းမြင့်၊ ဦးစိုင်းစိုင်းဟိန်း-ဒေါ်နန်းဉမ္မာအေး၊ ဦးစိုင်းစိုင်းမွန်း-ဒေါ်နေနွယ်ဝင်းမင်း၊ နန်းခမ်းခေါင်လောဝ်၊ နန်းကောင်ခမ်းလောဝ်၊ စိုင်းဘုန်းသန့်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ ၄လမ်း၊ တိုက် ၂၃၊ အခန်း ၂၀၂နေ (ဦးကျောက်ရှန်း-ဒေါ်အရှောင်)တို့၏သမီး၊ (ဦးလုံ)၏ဇနီး၊ ဦးထွန်းဝင်း(ခ)ဦးထွန်းအောင်-ဒေါ်ထွေးထွေး၊ ဒေါက်တာအောင်သိန်းဌေး(ရန်ကုန်ပြည်သူ့ဆေးရုံ၊ အရိုးအထူးကုဆရာဝန်ကြီး)-(ဒေါက်တာဒေါ်ခင်လှဝင်း)၊ ဒေါ်ခင်သက်ဝေ-ဦးလှမြင့်၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်ဝါဝါ-ဦးမောင်ယုတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် နံနက် ၅း၀၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးကျော်ဌေး
### အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### MD (TOP ENGINEERING CONSULTANT CO.,Ltd.)
### အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ မြနန္ဒာလမ်း၊ အမှတ် ၁၈၂နေ ဒေါ်ဝမ်းရီ (လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ EPC)၏ချစ်လှစွာသောခင်ပွန်း၊ ဦးညဏ်ဘုန်းမြင့်-မမေသူဟန်၊ ဗိုလ်မှူးဖြိုးနိုင်ဌေး-မပွင့်လွှာစိုး၊ ဦးကျော်ဇေသောင်း - မနန်းအေးကလျာနိုင်(ခ)မသဲ(G-Six)၊ ဦးကျော်ကျော်လင်း-မခိုင်ချိုဇော်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၉-၁၀-၂၀၁၅ရက်(သောကြာနေ့)ည ၈း၅၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မျိုး
### B.Sc (Physics)
### တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ အမှတ် ၆၇နေ (ဦးစိန်ညွန့်- ဒေါ်သန်းကြည်)တို့၏သား၊ ဒေါ်မြင့်မြင့်နိုင်(Yellow Hands Co., Ltd)၏ခင်ပွန်း၊ မောင်ရန်မျိုးနိုင်(B.Tech)၊ မမြသက်ချယ်(Diploma in Archy M.N.C)၊ ရဲရင့်မျိုးနိုင်(Grade-11၊ အထက-၂၊ ကမာရွတ်)တို့၏ဖခင်၊ ဦးမျိုးကျော်(ညွှန်ချုပ်၊ ငြိမ်း၊ သာသနာရေးဦးစီးဌာန)-ဒေါ်နုနုစိန်တို့၏မောင်၊ ဦးမင်းဦး-ဒေါ်လှိုင်လှိုင်ညွန့် (ကထိက၊ သမိုင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏အစ်ကို၊ ဒေါက်တာဖြိုးသစ်၊ ဒေါက်တာသဉ္ဇာစိုး (လူမှုဖူလုံရေးဆေးပေးခန်း၊ မြောက်ဒဂုံ)တို့၏ဦးလေး၊ မနှင်းဦးခိုင်(T.T.C၊ လှိုင်)၏ဘကြီးသည် ၁၀-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ကြည်တင်(တောင်သာ)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ၊ ၂လမ်းအနောက်၊ အမှတ်(၂၇/အေ)နေ (ဦးဘကျောက် - ဒေါ်ပွင့်ကြီး)တို့၏သမီး၊ (ဦးသာမောင်)၏ဇနီး၊ (ဦးသိန်းဝင်း)-ဒေါ်ကြူကြူမာ၊ ဦးသိန်းမြင့် (ရုံးအဖွဲ့စုမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဦးဝင်းမောင် (ဈေးတာဝန်ခံ၊ အဆင့်မြင့်မင်္ဂလာဈေး)-ဒေါ်ဥမ္မာကြည်(ဥမ္မာစတိုး၊ စံပြငမိုးရိပ်ဈေး)တို့၏မိခင်၊ (ကိုရဲထွန်းဦး)-မမြင့်မြင့်ခိုင်၊ မသန္တာနွယ် (စံပြငမိုးရိပ်ဈေး)၊ မောင်ကျော်ဇင်ဝင်း၊ မောင်ရဲနိုင်ဝင်း၊ မဖြိုးဟန်နီမောင်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်း
### (စက်မှု-၁၊ ငြိမ်း)
### တိုက်ခွဲ(၃၂) သဲအင်းဂူယောဂီ
### အသက်(၆၀)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာနေ(ဦးထွန်းတင်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးချစ်သိန်း)-ဒေါ်စိန်တို့၏သမီးချွေးမ၊ ဦးဝင်းရှိန်-(ဒေါ်ခင်မြင့်)၊ ဦးပွ-ဒေါ်တင်ရီ၊ ဦးခင်ရွှေ - (ဒေါ်တင်တင်မြင့်)တို့၏ ညီမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၆)လမ်းအရှေ့၊ အမှတ် ၁၅၂၁နေ ဦးတင်ထွန်း (ဒုရဲအုပ်၊ ငြိမ်း)၊ အပတ်စဉ်(၁၇၊ ပြည်ခိုင်ဖြိုး ဒု/စည်းမှူး)၏ဇနီး၊ မောင်ရန်နိုင်ထွန်း(တကက-ရေ)၊ မနွယ်နီထွန်း (E-city)၊ မောင်ဝေယံထွန်း (Mariner Enterprise Co., Ltd.) တို့၏ မိခင်သည် ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၀၀း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြန်မာနိုင်ငံ၌အမှိုက်မှ စွမ်းအင်ထုတ်လုပ်မှု ပထမဦးဆုံး စတင်အကောင်အထည်ဖော်

**ရန်ကုန်  အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ၌ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မှုကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ထောက်ကြန့်-လှော်ကား လမ်းဘေး လှော်ကားကန်အနီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့ ပူးပေါင်းကာ စတင် အကောင်အထည်ဖော်လုပ်ဆောင်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"အခုစတင်အကောင်အထည်ဖော်ဆောင်ရွက်မယ့် အမှိုက်ကနေ စွမ်းအင်ထုတ်လုပ်မယ့် စက်ရုံကို မြန်မာနိုင်ငံအနေနဲ့ရော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ပါ ပထမဦးဆုံးတည်ဆောက်မှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဂျပန်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထောက်ပံ့ဖို့လျာထားခဲ့မှုကြောင့် JFE က အခုလိုလာရောက်လုပ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု အဆိုပါ စက်ရုံကိုစတင်တည်ဆောက်အကောင်အထည်ဖော်ရန် အောက်တိုဘာ ၁၀ ရက် နံနက်က ကျင်းပခဲ့သည့် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ပြောကြားခဲ့သည်။

အဆိုပါစွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန်စက်ရုံတည်ဆောက်မှုအတွက် ကုန်ကျငွေကျပ် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ သန်းလျာထားပြီး ယခု ၂၀၁၅ ခုနှစ်

*စာမျက်နှာ ၅ ကော်လံ ၄* ❖

## မြန်မာ၊ ထိုင်း၊ နယူးဇီလန် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာလက်ဝှေ့ကျော်နှစ်ဦး အလဲထိုးဖြင့်အနိုင်ရ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ထွန်းထွန်းမင်း၏ ဘယ်ထောက်လက်သီး ဒန်နီရယ်ဗိုက်ကို ထိုးမိစဉ်။

**ရန်ကုန်  အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး H & S Group က စီစဉ်ကျင်းပသည့် မြန်မာ၊ ထိုင်း၊ နယူးဇီလန် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ မြန်မာရိုးရာလက်ဝှေ့ကျော် နှစ်ဦး ဖြစ်သည့် စိုးလင်းဦးနှင့်ထွန်းထွန်းမင်းတို့ ပွဲပြတ်အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် Who is the best ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ပွဲစဉ် ၁၁ ပါဝင်ရာ သုံးချီပွဲတစ်ပွဲ၊ လေးချီပွဲ ငါးပွဲနှင့် ငါးချီပွဲ ခြောက်ပွဲပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပရိသတ်များ မျှော်လင့်နေသည့် စိုးလင်းဦး(မြန်မာ)နှင့် နီဝီဆိုရမ် (ထိုင်း)တို့ပွဲတွင် ပထမအချီ ၁ မိနစ် ၂၆ စက္ကန့်မှာပင် နီဝီ

*စာမျက်နှာ ၁၄ ကော်လံ ၁* ❁

# ရေဘေးသင့်ကလေးဒေသ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေ



ဂန့်ဂေါ-ကလေးကားလမ်းပေါ်ရှိ ကမ္ဘာ့နီတံတား ရေလယ်တိုင်များ နိမ့်ကျသွားခဲ့သောကြောင့် ယာယီဘေလီတံတား ထိုးပေးခဲ့ရာ ကားများ ဖြတ်သန်းမောင်းနှင်နေစဉ်။

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ- မြတ်သူမောင်

စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးခရိုင်သည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၁၂ မိနစ်မှ ၂၃ ဒီဂရီ ၃၈ မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်မှ ၉၄ ဒီဂရီ ၅၆ မိနစ်အကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၃၃၃၆ ဒသမ ၅၅၆ စတုရန်းမိုင် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်မှာလည်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ နှင့် ရာသီဥတုမှာ အနိမ့်ဆုံးအပူချိန် ၄၆ ဒီဂရီဖာရင်ဟိုက်၊ အမြင့်ဆုံးအပူချိန် ၁၀၀ မှ ၁၀၆ ဒီဂရီဖာရင်ဟိုက်ရှိ၍ တစ်ခရိုင်လုံးတွင် ပျမ်းမျှမိုးရေချိန် ၆၅ လက်မရှိသည်ဟု သိရပြီး ယခုနှစ်မိုးရာသီ ဇူလိုင်လ ၂၇ ရက်ကစတင်ကာ ၂၈ရက်၊ ၂၉ရက်နှင့် ၃၀ ရက်တို့တွင် ကလေး၊ ကလေးဝ၊ မင်းကင်းတို့၌ မိုးရွာသွန်းမှုများပြားခဲ့သောကြောင့် အနားကပ်လျက်ရှိသော ချင်းတောင်တန်းကြီးပေါ်မှ ရေများစီးကျမှု၊ ရာဇဝိုဂျပ်ရေလှောင်တမံ သတ်မှတ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိလာမှု၊ ချင်းတွင်းနှင့် မြစ်သာမြစ်များ စိုးရိမ်ရေမှတ်အထက်ကျော်လွန်ရောက်ရှိလာပြီးရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ကလေးခရိုင်အတွင်းရှိ

*စာမျက်နှာ ၃ ကော်လံ ၃* ❍




မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS